www.burmeseclassic.com

# ဥက္ကာလင်းခက်

မောင်လိမ္မာ ကြာတိုင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၄၇/၉၀၉၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၇၇/၉၀၉၀၇

| | |
|---|---|
| အဖုံးပန်းချီ | - ကိုဆန်း |
| ထုတ်ဝေသူ | - ဦးရှိန်ဝင်းနိုး (မြ - ၀၃၃၀၀) |
| | ၇၇၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဦးထွန်းအောင် (ဒီဝါပုံနှိပ်တိုက်) |
| | အမှတ်(၁၄၈)၊ (၃၅)လမ်း |
| | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - ကြေးကြွမောင် |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် |
| | ၂၀၀၅ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၇၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

ပဒေသာလမ်းဆုံဟု အမည်ရသည့် ကားမှတ်တိုင်လေးတစ်ခု ရှိရာသို့ အသားညိုညို၊ ပိန်ပိန်ပါးပါး၊ အသက်ဆယ့်ခြောက်နှစ်အရွယ်ခန့် သာရှိသေးသည့် လူငယ်လေးတစ်ဦးသည် နုံးချည့်ယို့မ်းယိုင်နေသောခြေထောက်များကို မသယ်ချင့်သယ်ချင် သယ်ဆောင်လာခဲ့ပြီး ဖင့်နွဲ့လေးကန်စွာနှင့် လျှောက်လှမ်းရောက်ရှိလာခဲ့၏။

ထိုအချိန် ကားမှတ်တိုင်အုတ်ခုံလေးထက်၌ အသက်ခြောက်ဆယ်အရွယ်ခန့်ရှိ ဆံမှတ်ဆိတ်တို့ ဖြူနေပြီဖြစ်သော အဝတ်အစားစုတ်ပြတ်ပြတ်နှင့် ခပ်ဖိုင့်ဖိုင့် လူကြီးတစ်ဦးသည် ထိုင်နေလေ၏။

လူငယ်သည် ရီဝေသော မျက်လုံးအစုံနှင့် လူကြီးအားတစ်ချက်ကြည့်လိုက်ပြီး အနီးရှိ အုတ်ခုံ၌ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ လူကြီးသည်လည်း လူငယ်အား မျက်လုံးထောင့်ကပ်ကာ စွေ၍ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမထူးဆန်းသလို အမူအရာနှင့်ပင် သူ၏သောက်လက်စ ဖက်စိမ်းဆေးပေါ့လိပ်ကြီးအား ဆက်လက်ဖွာရှိုက်သောက်နေလေသည်။

လူငယ်သည် လူကြီး၏ အားပါးတရ ဆေးလိပ်ဖွာရှိုက်နေပုံကို တစ်ချက်ခိုး၍ ကြည့်လိုက်ပြန်ပြီး သူထိုင်နေသည့် အုတ်ခုံဘေးဘီဝဲယာ၌ တစ်စုံတစ်ခုကို ရှာဖွေနေသယောင် လှည့်ပတ်၍ကြည့်လိုက်သည်။

လူငယ်၏ မျက်လုံးများသည် တစ်နေရာသို့ ရောက်သွားသောအခါ ဝင်းခနဲ လက်သွားပြီး လူငယ်သည် ထိုအရာအား ကောက်ယူလိုက်လေ၏။ လူငယ်ကောက်ယူလိုက်သည့်အရာမှာ တစ်ယောက်သောသူက စွန့်ပစ်သွားခဲ့သည့် လက်တစ်ညှိုးခန့်ရှိ ဆေးပေါ့လိပ်အတိုလေးတစ်ခုပင်တည်း။

"အဘ . . . မီးတစ်တို့လောက်"

လူငယ်၏ လုပ်ပုံကိုင်ပုံများကို အစအဆုံး တွေ့မြင်လိုက်ရသောလူကြီးသည် လူငယ်အား စိတ်မသက်မသာနှင့် ကြည့်လိုက်သည်။

"ကလေးဆိုတာ ဆေးလိပ်မသောက်ရဘူးကွ"

"ကျွန်တော် သောက်ချင်လို့ပါ အဘ"

လူငယ်၏စကားကြောင့် လူကြီးသည် ဦးခေါင်းကို ခါယမ်းလိုက်၏။

"မင်း . . . အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်ပါ"

"ဆေးလိပ်သောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"သုံးနှစ်လောက်ရှိပါပြီ . . . အိမ်မှာ ကျွန်တော်ခိုးသောက်နေတာ"

"ဆိုးပါ့ကွာ . . . ၊ ကဲ . . . ထားလိုက်ပါတော့၊ ဒါပေမယ့် ဆေးလိပ်သောက်ချင်ရင် ဝယ်သောက်ပါလားကွ . . . ၊ ဘာကြောင့် သူများလွှင့်ပစ်သွားတဲ့ ဆေးလိပ်ကို ကောက်သောက်ရတာလဲ"

"ကျွန်တော့်မှာမှ ပိုက်ဆံမရှိတာ၊ ကဲ . . . မီးပေးမလား နေတော့ဗျာ . . . ကျွန်တော် စကားများများ မပြောချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လူငယ်၏ စိတ်ညစ်သွားသည့်သွင်ပြင်ဟန်ကိုကြည့်ပြီး လူကြီးသည်နှုတ်ခမ်းကို စေ့ကာ တဟင်းဟင်းနှင့်ရယ်လိုက်၏။

"မင်းကလဲ စိတ်ကြီးပဲ . . . ရော့ . . . မင်း အင်မတန်သောက်ချင်ရင် ငါ့မှာ ဆေးပေါ့လိပ်အသစ်ရှိတယ်၊ ငါက မင်းကို ရောဂါရမှာစိုးလို့ ပြောနေတာ"

လူငယ်သည် လူကြီးကမ်းပေးသည့်ဆေးပေါ့လိပ်အား တွေဝေစွာ တစ်ချက်ကြည့်လိုက်ပြီး တုန်ရီသည့် လက်များနှင့် လှမ်းယူလိုက်၏။ ထို့နောက် လူကြီးလက်ထဲရှိ ဆေးပေါ့လိပ်အတိုနှင့် မီးညှိလိုက်ပြီး မီးကိုရဲသွားအောင် ဖွာရှိုက်ကာ အဆုတ်အတွင်းသို့ မီးခိုးငွေ့များကို ရှူသွင်းလိုက်သည်။ ထို့နောက်တွင်မှ ပြန်ထွက်လာသော မီးခိုးငွေ့များအား ဟူးခနဲမှုတ်ထုတ်လိုက်ပြီး . . .

"ရောဂါရပြီးစောစောသေသွားတော့လဲ အေးတာပါပဲ အဘရယ်" ဟု စိတ်ညစ်ညူးစွာနှင့် ပြန်ပြောလိုက်လေတော့သည်။

"မင်း့ ဗီနယ်ကမဟုတ်ဘူး၊ မင်းအသံက ဝဲနေတယ်"

"ဟုတ်ပါတယ် အဘ၊ ကျွန်တော် တောကပါ၊ ကျွန်တော် . . . အိမ်က ထွက်ပြေးလာတာ"

"အိမ်ကထွက်ပြေးလာတာ . . . အင်း . . . ငါထင်သားပဲ . . .၊ မင်း အဝတ်အစားတွေက ပေါင်းနွမ်းညစ်ပတ်နေတယ်၊ ခြေ လက်မှာလဲ ချေးညှော်အထပ်ထပ်နဲ့ . . . ဂျစ်ပစီရုပ်ထွက်နေကတည်း က အိမ်ပြေးဒုက္ခသည်တစ်ယောက်ဖြစ်မှန်း ငါသိပါတယ်၊ လူငယ့်တစ်တော်တော်များများဟာ အိမ်ပြေးဘဝရောက်ခဲ့ဖူးကြတယ်ကွ . . . မဆန်းဘူး . . .၊ တချို့လဲ ကြီးပွားသွားကြတာတွေရှိတယ်၊ များသောအားဖြင့်တော့ ဘဝပျက်ကုန်ကြတာပါပဲ"

"ကျွန်တော့်မှာ ဒီထက်ပိုပျက်စရာ ဘဝမရှိတော့ပါဘူး . . . အဘရယ်"

"ဟား . . . ဟား . . . ဟား . . . တယ်ဆိုတဲ့ကောင်ပါလား"

လူကြီးသည် သည်တစ်ချီမှာတော့ အသံထွက်အောင် ရယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောသုံးဘဲ၏၊ လူငယ်တစ်ယောက် ဆေးပေါ့လိပ်ကိုသာ အငမ်းမရဆက် လက်ရှိုက်ဖွာနေလေသည်။

"မင်း . . . ဘာလုပ်မယ် စိတ်ကူးလဲ"

လူကြီး၏ အမေးကြောင့် လူငယ်သည် လူကြီးအား မော့၍ကြည့်လိုက်၏။ ပြီးနောက်မှ သက်ပြင်းကို ခပ်လေးလေးချလိုက်လေသည်။

"ကျွန်တော် ရောက်ကတည်းက အလုပ်လိုက်ရှာနေတာ . . .၊ ဘာအလုပ်မှမရပါဘူးဗျာ"

"အလုပ်ရှာတာ မရဘူးဟုတ်လား . . . ညံ့ပါ့ကွာ"

လူကြီး၏စကားကြောင့် လူငယ်သည် ဆတ်ခနဲ ဖြစ်သွားပြီး လူကြီးကို ခြေဆုံးခေါင်းဆုံး ပြန်ကြည့်လိုက်၏။

"မင်းက ချုပ်ရာဗရပွ . . . ဖာရာတစ်ထောင် အဝတ်အစားနဲ့ စုတ်ပြတ်နေတဲ့ ငါ့ကိုကြည့်ပြီး ပြန်အကဲခတ်နေတယ်မဟုတ်လား၊ မင်းက ငါ့ကို သူတောင်းစားတစ်ယောက်လို့ မြင်ကောင်းမြင်နေပါလိမ့် မယ်"

လူငယ်၏ မျက်ဝန်းများ၌ အားတောင့်အားနာဖြစ်မှုတို့ အထင်းသား ပေါ်သွားလေ၏။

"ကျွန်တော် အဲဒီလိုမထင်ပါဘူး အဘ၊ ကျွန်တော့်ကို . . . အဘ အလုပ်ရှာပေးနိုင်လို့လား"

"အလုပ်ရှာပေးရမယ် ဟုတ်လား . . .၊ တကယ်အလုပ်လုပ်ချင်တဲ့သူတွေအတွက် ငါတို့နိုင်ငံမှာ အလုပ်တွေပေါလွန်းလို့"

"အဘက လျှောက်ပြောနေပြန်ပြီ"

"တကယ်ပြောတာကွ . . . ငါ့တပည့်တွေဖြစ်ခဲ့ဖူးတဲ့ တရုတ်ကြီး အာချောင်းတို့၊ ကုလားကြီး မာမွတ်တို့က ဘာပြောခဲ့တယ်ထင်သလဲ . . .၊ ဆရာကြီးတို့နိုင်ငံလောက် အလုပ်ပေါတဲ့နိုင်ငံ ကမ္ဘာပေါ်မှာတောင် မရှိဘူးတဲ့၊ သူတို့ဆီမှာ ထမင်းတစ်နပ်၊ ထမင်းရည်တစ်ပုလင်းရဖို့တောင် မလွယ်ဘူးတဲ့"

"ဘာထူးလဲ . . . အခု ကျွန်တော်လဲ ထမင်းငတ်နေတာပဲ"

လူကြီးသည် လူငယ်အား စေ့စေ့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာငါ့လူ . . . ငါတို့လူမျိုးမှာ ရှေးရိုးအစဉ်အဆက် စကားတစ်ခွန်းရှိတယ်၊ ထမင်းဝတ်ပြီးသေတဲ့မသာမရှိဘူးတဲ့ . . . အခု အဲဒီစကားကို ချိုးဖောက်ပြီး မင်းသာသေသွားရင်တော့ ထမင်းငတ်ပြီးသေတဲ့မသာအဖြစ် မှတ်တမ်းတင်ရမှာပေါ့ကွာ . . .၊ ကဲ . . . ပြောပါဦးမင်းထမင်းငတ်နေတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ကျွန်တော်အိမ်ကထွက်လာတော့ ငွေနည်းနည်းပါလာပါ တယ်၊ အဲဒါလေးနဲ့ပဲ ချွေတာစားပြီး အလုပ်ရှာနေတာ ဘာအလုပ်မှမရ ဘူး . . .၊ မနေ့ကတော့ ပါလာတဲ့ငွေလေးကုန်သွားပြီ၊ မနေ့မနက်က တည်းကအခုအချိန်ထိ ဘာမှမစားရသေးပါဘူးဗျာ"

"ငါထင်တယ် . . . မင်းဒီလိုလျှောက်လာကတည်းက အတော်အားပြတ်နေတဲ့ပုံပေါ်နေတယ်၊ နို့ . . . နေပါဦး မင်းက ဘာအလုပ်မဆိုလုပ်ရဲသလား"

"သမ္မာအာဇီဝအလုပ်ဆိုရင်တော့ ဘာမဆို လုပ်ရဲတာပေါ့ဗျာ"

"ဟား . . . ဟား . . . ဟား . . . ကြိုက်ပြီပော့၊ မင်း သမ္မာအာဇီဝအလုပ် စစ်စစ်တွေကိုပဲ လုပ်ရမှာပါ။ ကိုင်း . . . လာ . . . အလုပ်မလုပ်ခင် အားရှိအောင် အရင်ဖြည့်ဖို့လိုတယ်၊ အူမတောင့်မှ သီလစောင့်နိုင်မှာပေါ့ကွာ"

လူကြီးသည် မတ်တတ်ထရပ်လိုက်၏။

"ကျွန်တော့်မှာ ပိုက်ဆံမရှိဘူးနော်"

"ငါ့မှာလဲ ပိုက်ဆံမရှိဘူး၊ ထားလိုက်စမ်းပါကွာ . . . ဒါက အရေးမကြီးဘူး၊ အလုပ်ရှိရင် ငွေရှိတာပေါ့ကွ . . .၊ အလုပ်တွေ ဘယ်လောက်ပေါသလဲဆိုတာ မင်းကို လက်တွေ့ပြမယ် . . . လာ . . . လိုက်ခဲ့"

လူငယ်သည် လူကြီးခေါ်ရာနောက်သို့ ကုပ်ချောင်းချောင်းနှင့် လိုက်ပါလာခဲ့၏။

"မင်းနာမည်တောင် မမေးရသေးဘူး . . . ဘယ်သူ့"

"ကျွန်တော့်နာမည် မောင်လိမ္မာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လိမ္မာ . . . ကောင်းလိုက်တဲ့နာမည်ပဲ၊ ငါ့နာမည်လဲ မှတ်ထား . . . မာလူးတဲ့၊ မင်း ခုနကပြောတာ ဘယ်လို . . ရောဂါရပြီး မြန်မြန်သေသွားလဲ အေးတာပဲဆိုတာ . . . အဲဒါမဟုတ်ဘူးကွ၊ ဘဝတစ်ခု ရရှိဖို့ဟာ အင်မတန်ခက်ခဲတယ်လို့ ဘုရားက ဟောထား တယ်၊ ရခဲတဲ့ ဘဝတစ်ခုကို ရခဲ့ပြီးနောက် ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် လုပ်ဆောင်ကြိုးစားနိုင်ရမယ်ကွ . . .၊ ရတဲ့လူ့ ပြည်မှာ ဖျင်းအောင်နေသွားနိုင်တဲ့သူဖြစ်မှ လူဖြစ်ရကျိုးနပ်တော့မပေါ့ ကွာ . . ."

သူတို့နှစ်ဦးသည် စကားတပြောပြောနှင့် လမ်းလျှောက်လာကြ၏၊ မကြာမီမှာပင် ပဒေသာလမ်းဆုံနှင့် သိပ်မဝေးလှသော ပဒေသာရုပ်ရှင်ရုံသို့ ရောက်ရှိလာကြလေတော့သည်။

ဦးမာလူးသည် ရုပ်ရှင်ရုံဝင်းအတွင်းသို့ ချိုးကွေ့ဝင်လိုက်သောကြောင့် မောင်လိမ္မာသည်လည်း လိုက်ပါဝင်ခဲ့လေတော့၏။

"ကျွန်တော် ဒီမှာအလုပ်လုပ်ရမှာလား"

"အေး . . . ဟုတ်တယ် . . . ဒါပေမယ့် လက်ဖက်ရည်အရင်သောက်ကြရအောင်၊ ဒီ ပဒေသာဝင်းထဲက လက်ဖက်ရည်ကကောင်းတယ်ကွ . . .၊ စားချင့်စဖွယ် မုန့်တွေလဲ အစုံရှိတယ်"

ဦးမာလူး၏ စကားအဆုံး၌ သူတို့နှစ်ဦးသည် လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်ရှိနေပေပြီ။

"လာဟေ့ . . . မင်းကြိုက်တာသာ မှာစားပေတော့"

ဦးမာလူးက ဆိုင်ထဲသို့ ရဲရဲတင်းတင်းနှင့် ဝင်သွားရာနောက်သို့ မောင်လိမ္မာက မဝံ့မရဲနှင့် လျှောက်လိုက်လာခဲ့လေသည်။

"လက်ဖက်ရည်နှစ်ခွက် . . . မုန့်အစုံချဟေ့"

ဦးမာလူး၏ ထည်ဝါသည့်အသံနှင့် လှမ်းမှာလိုက်မှုကြောင့် စားပွဲထိုးလေးများသည် ပေါက်စီ၊ စမူဆာ၊ ပလာတာ၊ အီကြာကွေး အစရှိသည့် မုန့်မျိုးစုံကို စားပွဲပြည့်လုမျှ လာချပေးကြ၏။

"ကျွန်တော်စားရမလား"

မောင်လိမ္မာသည် တံတွေးကို ဂလုခနဲ မျိုချလိုက်ပြီးမေး၏၊

www.burmeseclassic.com


"စားပေါ့ကွ . . . စားဖို့မှာထားတာပဲ၊ အလုပ်လုပ်မယ့်သူအတွက် အားလိုတယ်ကွ . . . စားသာစား"

မောင်လိမ္မာလည်း ဆာလောင်မွတ်သိပ်နေခြင်းကြောင့် မုန့်များတို တစ်ခုပြီးတစ်ခု စားလေတော့သည်။ ပထမ ကောက်ဝါးစဉ်၌ မျိုချ၍မရဘဲ နင်နေလေသောကြောင့် ဦးမာလူးက . . .

"ဖြည်းဖြည်းစား . . . ငါ့ကောင်ရ၊ အဝေအစားတဲ့အခါ အလျင်စလို မစားရဘူး၊ တဖြည်းဖြည်းနဲ့ကြေညက်အောင်ဝါးစားမှ အစာကြီးတလဲအစာကို အဟာရဖြစ်အောင် ချက်နိုင်မှာ၊ တော်ကြာ စားပိုးနင့်နေဦးမယ်"ဟု ပြောလေသောကြောင့် မောင်လိမ္မာမှာ ရှက်ရှက်နှင့်ရယ်လိုက်ရလေ၏။

ပေါက်စီနှစ်လုံး၊ စမူဆာသုံးခု၊ ပလာတာနှစ်ချပ် စားပြီးသည်နောက်၌မူ မောင်လိမ္မာသည် ဣန္ဒြေရသွားပေပြီ။ ဦးမာလူးတစ်တော့ မုန့်များကိုမစားဘဲ လက်ဖက်ရည်ကိုသာ ဇိမ်ဆွဲ၍ အရသာခံသောက်နေလေ၏။

"မင်း . . . ချမ်းသာချင်သလား"

"ဘယ်လိုပြောလိုက်တာလဲ အဘရယ်၊ သိပ်ချမ်းသာချင်တာ ပေါ့"

"ငါကတော့ လူချမ်းသာဖို့ထက် စိတ်ချမ်းသာမှုကိုပဲ ပိုပြီးတော့ မြတ်နိုးတယ်၊ ထားပါတော့ကွာ . . . ငါကလူကြီး . . . မင်းကလူငယ်ဆိုတော့ မင်းချမ်းသာချင်တာ မဆန်းပါဘူး၊ ချမ်းသာခြင်းနဲ့ ဆင်းရဲခြင်းဆိုတာ အကြွေစေ့တစ်စေ့ရဲ့ ခေါင်းနဲ့ပန်းလိုပဲ ဆန့်ကျင်ဘက်ကို မျက်နှာမူပြီး ကပ်လျက်တည်ရှိနေတာ၊ ဥပမာပေါ့ကွာ . . . ပန်းက ဆင်းရဲခြင်း၊ ခေါင်းက ချမ်းသာခြင်းလို့ ဆိုကြပါစို့၊ ဆင်းရဲခြင်းဆိုတဲ့ပန်းကို မှောက်ချလိုက်ရင် ချမ်းသာခြင်းဆိုတဲ့ခေါင်းက အပေါ်ထက်မှာ ဘွားဘွားကြီးပေါ်လာမှာပဲ"

"အဲဒီလောက်လွယ်လို့လားဗျာ"

"သိပ်လွယ်တာပေါ့ကွာ . . .၊ ငှက်ပျောသီးအခွံနွာစားတာထက်တောင် လွယ်သေးတယ်၊ သဘောပြောရရင်တော့ ဆင်းရဲခြင်းဖြစ်


www.burmeseclassic.com

www.burmeseclassic.com



စေနိုင်တဲ့ အကြောင်းတရားတွေကို အောက်ဘက်မှာ မှောက်ချထားလိုက်၊ ချမ်းသာခြင်းဖြစ်စေနိုင်တဲ့ အကြောင်းတရားတွေက အလိုလိုပေါ်လာလိမ့်မယ်၊ ဒီလိုပဲ ချမ်းသာခြင်းဖြစ်စေနိုင်တဲ့ အကြောင်းတရားတွေကို ပယ်ထုတ်ရင်လဲ ဆင်းရဲခြင်းဖြစ်စေတဲ့ အကြောင်းတရားတွေက ခေါင်းထောင်ထလာကြလိမ့်မယ်၊ ပေါက်သလား"

"အဲဒီဆင်းရဲခြင်း၊ ချမ်းသာခြင်း အကြောင်းတရားတွေက ဘာလဲ ခက်သလား"

ဦးမာလူးသည် လက်ဖက်ရည်ကို တစ်ကျိုက်သောက်လိုက်ပြန်၏၊

"ကောင်းလိုက်တဲ့ လက်ဖက်ခြောက်၊ သင်းနေတာပဲ" ဟု ဆိုလိုက်ပြီးမှ . . .

"အဲဒီအကြောင်းအရာတွေက ဘာမှမခက်ဘူး . . .၊ လူတိုင်းလုပ်နိုင်တယ် . . .၊ ဒါပေမယ့် အလွယ်တော့ လိုက်လို့မရဘူးကွ"ဟုဆိုလိုက်လေ၏၊ ထို့နောက် ဤသို့ဆက်ပြောပြန်သည်။

"ဒီမှာငါ့လူ . . . ဒီအကြောင်းတွေကို မင်းကို ငါတဖြည်းဖြည်းရှင်းပြပေးသွားမယ်၊ မင်းဟာ ရုပ်ရည်ချောမောသူမဟုတ်ပေမယ့် မင်းရဲ့မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ နှုတ်ခမ်း၊ မေးရိုး၊ နဖူးရေ၊ ဒူးရေကိုကြည့်လိုက်တာနဲ့ တစ်နေ့ကျရင် ကျိကျိတက် ကြွယ်ဝချမ်းသာမယ့်သူ ဖြစ်လာမယ်ဆိုတာ ငါခန့်မှန်းလို့ရတယ်၊ အင်း . . . ငါပြောတဲ့အတိုင်းသာ ကြိုးစားသွားစမ်းပါ၊ ဒီလိုလုပ်ပါလျက်နဲ့ မင်းမချမ်းသာလာရင် ငါ့ရဲ့ဟောဒီလက်ကို အဖြတ်ခံလိုက်မယ်"

ဦးမာလူး၏ ပြတ်သားသောစကားကြောင့် မောင်လိမ္မာသည် ကြက်သီးမွေးညှင်းများပင် ထောင်ထသွားလေ၏၊

"လူတစ်ယောက်ရဲ့ရုပ်ကိုကြည့်ပြီး ပြောလို့ရသလား"

"သိပ်ရတာပေါ့ကွ . . . ဒီအကြောင်းတွေကိုလဲ မင်းကို ငါသင်ပေးရဦးမယ်၊ ကဲ . . . လောလောဆယ် မင်း အသင့်ဖြစ်ပြီလား"

"ဘာလုပ်ရမလဲ . . . ဟဲ ဟဲ . . . လောလောဆယ်ဗိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးနေတယ်"

မောင်လိမ္မာက သူ၏ဝမ်းဗိုက်အားပွတ်ပြီး ရယ်ကျဲကျဲနှင့်ပြော လိုက်လေရာ ဦးမာလူးက မောင်လိမ္မာအား စိတ်ပျက်ဟန်နှင့်ကြည့်လိုက်၏။

"ဆင်းရဲခြင်းအကြောင်းထဲမှာ အဲဒါလဲပါတယ်၊ အဲဒါ ပျင်းတာ လို့ခေါ်တယ်၊ ပျင်းတဲ့သူဟာ ဖျင်းသွားမှာပဲ၊ ဘယ်တော့မှ မကြီးပွားဘူး၊ ဖျင်းရိခြင်းတရား ခြောက်ပါးရှိတယ်၊ ချမ်းတယ် . . . ပူတယ် . . . စောတယ် . . . မိုးချုပ်တယ် . . . ဆာတယ် . . . ဗိုက်ပြည့်တယ်ဆို ပြီးတစ်မျိုးမဟုတ်တစ်မျိုး ဆင်ခြေကန်တတ်တဲ့သူဟာ ပျင်းပဲ၊ ဒီလိုလူ မျိုးဟာ ဘယ်တော့မှ မချမ်းသာဘူးကွ"

"ကဲပါအဘရယ် . . . ကျွန်တော်က သက်သက်ပြောတာပါ၊ အဘပြောပါ . . . ကျွန်တော်ဘာလုပ်ရမလဲဆိုတာ"

မောင်လိမ္မာက ရှက်ရယ်ရယ်ရင်း ပြောလိုက်၏။ ဦးမာလူးက ခေါင်းယမ်းလိုက်ပြီး . . .

"အဓိပ္ပာယ်မရှိတဲ့အကြောင်းအရာတွေကို သက်သက်မဲ့ပြောဆို နေတာလည်း မကောင်းဘူးကွ၊ ကဲ . . . ဘားပါတော့ကွာ . . ၊ ဟိုမှာ ကြည့်လိုက်စမ်း . . . ဘိုင်စကုတ်ရုံဝင်း ပတ်ပတ်လည်မှာမြက်ချုံကြီးတွေ ဖြစ်နေတာ မြင်လား"

ရုပ်ရှင်ရုံဝင်းပတ်လည်သို့ လက်ညှိုးညွှန်ပြီး ပြောလိုက်၏။

"တွေ့တယ်အဘ . . . ကျွန်တော့် အဲဒီချုံတွေကို ရှင်းရမှာ လား"

"ထွမ် . . . ဘယ်ကဟုတ်ရမှာလဲ၊ မင်းကို ဒီချုံတွေ ရှင်းခိုင်း ရအောင် ငါက ရုံမန်နေဂျာမှ မဟုတ်ဘဲ၊ အဲဒီချုံတွေကြားမှာကြည့် . . . ၊ အလေ့ကျပေါက်နေတဲ့ ကန်စွန်းပင်တွေရှိတယ်၊ ဘာထွားသလဲမမေးနဲ့၊ အဲဒီကန်စွန်းပင်တွေကို မင်း အကုန်လိုက်ခူး . . . ခူးပြီးရင် ဟောဒီ ဘိုင်စကုတ်ရုံဘေးက ပေမဝန်ဈေးအထဲမှာ ဟင်းသီးဟင်းရွက်ရောင်းတဲ့ ဆိုင်တွေရှိတယ်၊ အဲဒီမှာ အော်ဒါသွားသွင်းလိုက်ပေတော့၊ ကန်စွန်းဟာ တိုယ်ထိုင်ရောင်းရင်တော့ ပိုမြတ်တာပေါ့ကွာ၊ ဒါပေမယ့် အခုဒီမှာ လတ်

www.burmeseclassic.com



စက်ရှည်ဖိုးရှင်းပေးရမယ်ဆိုတော့ ပေါပေါလောလောနဲ့သာ ရှောင်းပေးလိုက်ဝါ ထုတ်ပြီလား"

မောင်လိမ္မာသည် သွက်လက်စွာနှင့်ပင် ကန်စွန်းရွက်များအားသွားရောက်ပြီး ခူးဆွတ်လေတော့သည်။ မကြာခင်မှာပင် ကန်စွန်းရွက်များ တစ်ပွေ့တပိုက် တစ်ထမ်းတစ်ပိုးရရှိသွားတော့၏။ မောင် လိမ္မာသည် ဦးမာလူးပြောသည့်အတိုင်းပင် ကန်စွန်းရွက်များအား ဈေးထဲသို့ သယ်သွားလေတော့၏။ တစ်ခဏကြာသောအခါ၌ မောင်လိမ္မာသည် အလွန်ပေါ့ပါးလန်းဆန်းစွာဖြင့် ပြန်ရောက်လာသည်။ သူ၏မျက်နှာမှာလည်း ပြုံးရွှင်နေ၏။

ရရှိလာခဲ့သည့် ငွေများအား ဦးမာလူးလက်ထဲသို့ ထည့်ပေးလိုက်ပြီးနောက် သူတို့နှစ်ဦးသည် လက်ဖက်ရည်ဖိုးများ ရှင်းလိုက်တာ ရုံဝင်းအတွင်းမှ ပြန်ထွက်လာကြလေတော့သည်။

"ဘယ်လိုလဲကွ . . . အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ် အဘ"

"ဒါနဲ့ . . မင်းက ငါနဲ့မတွေ့ရင် ဘယ်ကိုသွားမလို့လဲ"

မောင်လိမ္မာ၏မျက်နှာသည် ညှိုးသွား၏။

"ကျွန်တော် ဘယ်ကိုသွားရမလဲ မသိပါဘူး အဘရယ်၊ ခြေဦးတည့်ရာ လျှောက်သွားနေတာပါပဲ"

"ဒီလိုဆိုရင် မင်း ငါနဲ့လိုက်နေမလား"

"တကယ်လားအဘ၊ ကျွန်တော့်အတွက် အပန်းကြီးနေပါ့မယ်"

"ရပါတယ်ကွ . . . မင်းအတွက်နဲ့ ငါ့မှာ ဘာမှအပန်းကြီးစရာမရှိပါဘူး၊ မင်းအတွက်ရယ်လို့မှ မဟုတ်ဘူး . . . ဘယ်သူ့အတွက်ရယ်မှ အပန်းမကြီးပါဘူးကွာ၊ ငါ့နေရာက အကျယ်ကြီးပဲ"

မောင်လိမ္မာ၏မျက်နှာ ဝင်းလက်သွားသည်။

"အဘအိမ်က ဘယ်မှာလဲ"

"သချိုင်းမှာ"

"ဗျာ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ငါက သချိုင်းကုန်းထဲမှာနေတာ"

"အဘ မကြောက်ဘူးလား"

"ဘာကိုလဲ"

"လူသေတွေကိုပေါ့"

"ဟား . . ဟား . . . ဟား . . . ဟား . . . ဟား"

ဦးမာလူးသည် အူလှိုက်သည်းလှိုက် ရယ်လိုက်၏။ ထို့နောက်တွင်မှ . . .

"ဒီမှာငါ့လူ . . . ကြောက်စရာတကယ်ကောင်းတာက အသက်မဲ့နေတဲ့ လူသေတွေမဟုတ်ဘူး . . . အသက်ရှိနေတဲ့ လူရှင်တွေပဲ လူသေတွေက ကိုယ့်ကို ဘာမှမလုပ်နိုင်ကြဘူး . . . လူရှင်တွေ ကသာ တောက်ကျစ်ယုတ်မာ လိမ်လည်လှည့်ဖျား ကြမ်းကြုတ်စက်ထန် ရက်စက်ထတ်ကြတာ . . . အဲဒါ . . . မြဲမြဲမှတ်ထား"ဟု ဆိုလိုက်၏။

"အဘ . . . အဲဒီမှာ တစ်ယောက်တည်းနေတာလား"

"မဟုတ်ဘူးကွ. . . အဲဒီမှာ ငါ့သူငယ်ချင်း သုဘရာဇာဘောဂ ဆိုမိသားစုလဲရှိတယ်။ သူတို့ကတော့ သူတို့တဲလေးနဲ့ နေတာပေါ့ကွာ၊ ငါကတော့ ဇရပ်ပေါ်မှာ တစ်ယောက်တည်း ကျယ်ကျယ်ဝန်းဝန်းနေတာပေါ့၊ ဘယ်လိုလဲ . . . မင်းလိုက်ရဲရဲ့လား"

"ရဲပါတယ် အဘ"

ဦးမာလူးသည် မောင်လိမ္မာ၏ပခုံးကို ပုတ်လိုက်၏။

"ဒီလိုမှပေါ့ကွ . . . လူဆိုတာ ကြောက်တတ်ရင် လွဲတတ် ထယ်ရဲတဲ့သူမှ မင်းဖြစ်တာကွ . . . ဟား ဟား ဟား"

သည်တစ်ခါမှာတော့ မောင်လိမ္မာပါလိုက်၍ ရယ်မိလေတော့သတည်း။

– – –





www.burmeseclassic.com

www.burmeseclassic.com

မင်း ငါ့ကို ပြောခဲ့ဖူးတယ်၊ ဒီထက်ပိုပြီး ဘဝပျက်စရာ မရှိတော့ဘူး လို့ ကဲ . . . ပြောစမ်းပါဦး၊ မင်းဘဝက ဘယ်လောက်အထိ ပျက်နေသေးသလဲဆိုတာ”

သုသာန်ဇရပ်တိုင်အား မှီ၍ ပျော့ခွေခွေထိုင်နေသည့် မောင်လိမ္မာအားကြည့်ပြီးနောက် ဦးမာလူးက မေးလိုက်သည်၊ မောင်လိမ္မာ၏ မျက်ဝန်းအစုံတို့သည် ညို့မှိုင်းသွားလေ၏။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ မောင်လိမ္မာထံမှ တိုးတိမ်သောစကားသံတို့ ပေါ်ထွက်လာလေတော့သည်။

“အားလုံးကိုဖန်ဆင်းခဲ့တဲ့ ဖန်ဆင်းရှင်ဆိုတာ တကယ်ရှိခဲ့ရင် ကျွန်တော့်ကို တစ်စုံတစ်ရာ ပြက်ရယ်ပြုဖို့အတွက် ဟောဒီလောကဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီလို့ စိတ်ထဲမှာ ထင်မှတ်ထားလိုက် . . .၊ ဒါ . . . မှောင်မိုက်ဆိုးဝါးလွန်းတဲ့ ဘဝတစ်ခုရဲ့ နောက်ဆုံးကာလပဲ၊ ဒီကနေကျော်သွားရင် သူ့ဘဝတစ်လျှောက်လုံး အေးချမ်းသွားတော့မယ်၊ ဒီအတွက် အဓိကခင်းမှာထာဝန်ရှိတယ်၊ သားလိမ္မာတစ်ယောက်ရဲ့ အမေအဖြစ်နဲ့ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းမြေ့မြေ့ အပူအပင်ကင်းကင်း နေနိုင်ထားနိုင် ဖို့အတွက်ခင်းသည့်ထက် နှစ်ဆသုံးဆတိုးပြီး ကြိုးစားပေတော့ပေါ့ . . .”

မောင်လိမ္မာသည် ဦးမာလူး၏ ဆုံးမစကားများအတိုင်းပင် ကျင့်ကြံနေထိုင်၍ လုပ်ကိုင်လေတော့သည်၊

တစ်နေ့သ၌ ဝါးတန်းစက်လှေဆိပ်မှ ချလာသော ကုန်ပစ္စည်းများတို ကြည့်၍ အံ့ဩသွားရ၏။ ထိုပစ္စည်းများသည်ကား ကြည့်မြင်တိုင်းသံတိုသံစဆိုင်ပိုင်ရှင် ကုလားသူဌေးတစ်ဦး၏ ပစ္စည်းများပင်တည်း။ နို့ဆီဘူးခွံများ၊ ကော်ကျိုးကော်ပဲ့အပိုင်းအစများ၊ ကတ္တူစက္ကူခွံများ၊ ပိန်အိတ်အလွတ်များ၊ သံတိုကြေးစ တိုလီမုတ်စများ အစရှိသည့် မိမိကျွမ်းကျင်ပြီးသား ပစ္စည်းများပင်တည်း။ မောင်လိမ္မာသည် စက်လှေစာရေးများထံမှ စုံစမ်းကြည့်လိုက်လေရာ၊ မော်လမြိုင်၊ သံဖြူဇရပ်၊ ကျိုက္ကမီအစရှိသည့် မြန်မာပြည်အောက်ပိုင်းမြို့များ၌ ဤအမှိုက်သရိုက်ပစ္စည်းများအား အလကားပဲတင်းနီးပါး ရနိုင်သည်ဆိုသည့်သတင်းများကို ကြားသိလိုက်ရလေတော့သည်၊

ထိုအကြောင်းအား ဆရာဖြစ်သူ ဦးမာလူးအား ပြောပြလေရာ ဦးမာလူးက ထိုမြို့ရွာများသို့ ပစ္စည်းသွားရောက်ဝယ်ယူရန် ခွင့်ပြုလေ၏။

“ဒီလိုလုပ်ကွ . . . ပထမဦးဆုံးအခေါက်မှာ ငါပါလိုက်ခဲ့မယ်၊ တို့မှာ ငါ့မိတ်ဆွေတွေတော့ အများကြီးရှိသကွ . . .၊ မရောက်တာလဲကြာပြီဆိုတော့ အလည်အပတ်သဘောမျိုးလဲ ဖြစ်တာပေါ့ကွာ”

ဦးမာလူးပါ လိုက်မည်ဆို၍ မောင်လိမ္မာသည် လွန်စွာအားတက်ရလေ၏။ သို့နှင့်ပင် ဆရာတပည့်နှစ်ဦးသည် ညရထားကိုစီး၍ မော်လမြိုင်မြို့သို့ ထွက်ခွာလာခဲ့ကြလေတော့သည်။

ရထားပေါ်၌ အိပ်ပြီးလိုက်ပါလာခဲ့ရာ နံနက်မိုးလင်းသည့် အ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လမ်းဆုံးဘူတာမုတ္တမသို့ ရောက်ရှိနေပေပြီ။ ဆရာတပည့်နှစ်ဦး သည် ရထားပေါ်မှဆင်းခဲ့ပြီးနောက် တူးတို့သင်္ဘောနှင့် မော်လမြိုင်ဘက် သို့ ကူးလာကြလေတော့သည်။

မော်လမြိုင်ဆိပ်ကမ်းဘက်သို့ ကြည့်လိုက်သည်နှင့် ရွှေရောင် အဝင်းဝင်းနှင့် ကြည်ညိုသပ္ပါယ်ဖွယ်ရာကောင်းလှသည့် စေတီကြီးကိုဦး စွာ တွေ့ရှိလိုက်ရလေသောကြောင့် မောင်လိမ္မာသည် သင်္ဘောပေါ်မှပင် ရှည်စူး၍ လက်အုပ်ချီကာ ကန်တော့လိုက်လေသည်။

*"အဲဒါ . . . ကျိုက်သလွန်ဘုရားပေါ့ . . .၊ ဒီမြို့မှာတော့ အန်နိုးအကြီးဆုံး ဆံတော်ရှင်စေတီကြီးပဲ"*

ဦးမာလူးက ပြောပြလေရာ မောင်လိမ္မာက ဦးခေါင်းကို ညိတ် ပြလိုက်၏။

*"အဘ . . . အဲဒီဘုရားရဲ့ ရာဇဝင်သိလား"*

*"ရာဇဝင် . . . အင်း ငါတို့ငယ်ငယ်တုန်းက လူကြီးတွေပြော ခဲ့တဲ့ ပါးစပ်ရာဇဝင်ကိုတော့ သိသကွ၊ စိတ်ဝင်စားဖို့ကောင်းတယ် . . .။ ဆိုးဘက် . . . မုတ္တမဘက်ကို ပြန်ကြည့်လိုက်စမ်း . . .၊ စေတီကြီး တစ်ဆူတွေလား . . .၊ အဲဒီစေတီကို ကျိုက်ဖျင်ကူလို့ခေါ်တယ် . . .၊ မြန်မာနဲ့ ရှမ်း(ထိုင်း)တွေ စစ်ဖြစ်ခဲ့ကြတဲ့ အချိန်ကပေါ့ကွာ၊ မော်လမြိုင် ဘက်ကမ်းမှာက ရှမ်းတွေနေပြီး . . . မုတ္တမဘက်မှာတော့ မြန်မာတွေ နေသတဲ့ကွ၊ အဲဒီအချိန်မှာ ရှမ်းခေါင်းဆောင်တွေက လက်ရုံးချင်း သတ် ပုတ်တိုက်ခိုက်ကြရင် နှစ်ဖက်စလုံး ထိခိုက်ရှနာ အသေအပျောက်များ ထိမ့်မယ် . . .၊ နှလုံးရည် ပညာစွမ်း ကျွမ်းကျင်မှုချင်းပဲ ပြိုင်ကြရအောင်၊ နိုးတဲ့သူ စွန့်ခွာပေးကြစတမ်းပေါ့၊ ဒါနဲ့ ဒီဘက်က ဘယ်လိုပြိုင်မလဲဆို ပြီး မေးလိုက်တော့ ဘုရားတည်ပြိုင်ကြမယ်ပေါ့၊ အရင်ဆုံး ပြည့်ပြည့်စုံ စုံတည်ပြီးတဲ့သူ အနိုင်ပေါ့၊ မြန်မာတွေကလက်ခံတယ်၊ လုပ်လိုက်ပေါ့ လေ၊ ဒီလိုနဲ့ပဲ နေ့ကောင်းရက်သာရွေးပြီး ဘုရားတည်ကြတော့တာပေါ့ . . .၊ တည်ကြတယ်သာဆိုတယ် ရှမ်းတွေကသာ အုတ်မြစ်ချ၊ ပန္နက် ... စွယ်အဆင့်ဆင့်နဲ့ အားစိုက်ခွန်စိုက် လုပ်နေကြတာ၊ မြန်မာတွေ ... တော့*



www.burmeseclassic.com

www.burmeseclassic.com



ခုံပေါ်ကို ချပေးလိုက်တာပဲလို့ထင်ပါတယ်"

ဦးမာလူးသည် မောင်လိမ္မာ၏စကားကို ကြားပြီးနောက် "အ တတ်"ဟု တစ်ချက်ရယ်လိုက်ပြီး . . .

"မင်းတ စကားပြောတော့ အတော်ညက်တာပဲ"

ထုဆိုလိုက်လေသည်။ မောင်လိမ္မာသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားလိုက်၏။ သူ၏ အသွင်မှာ အတိတ်မှ ခြောက်လှန့်ခဲ့သော အရိပ်မည်းများအား မောင်းထုတ်ပစ်ချင်နေဟန် ပေါ်နေလေ၏။

"ကျွန်တော့်အဖေက လူသတ်သမားပါ"

"ဟော . . ."

"ကျွန်တော့်အမေက ပြည့်တန်ဆာ"

"ဟာ . . ."

မောင်လိမ္မာ၏နှုတ်မှ ပေါ်ထွက်လာသော စကားများကြောင့် ဦးမာလူးသည် လွန်စွာအံ့ဩသွားလေတော့သည်။

"ကျွန်တော် တကယ်ပြောနေတာပါ၊ ဒီလိုစကားမျိုးကို ဘယ်သူပြောချင်ပါ့မလဲ၊ ဒါပေမယ့် . . . ကျွန်တော်ဟာ တကယ်ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုကို မုသာဝါဒ လိမ်ညာတဲ့စကားတွေနဲ့ ဖုံးအုပ်ဖြီးဖြန်းပြီး မပြောချင်ဘူး"

"ကြိုက်တယ်ကွာ . . မင်းရဲ့စိတ်ဓာတ်ကို၊ လူတော်လူကောင်းဆိုတာ အမှန်တရားကို မျက်ကွယ်မပြုတတ်တဲ့ သူတွေပဲ၊ ကဲ . . . ဆက်ပြောပါဦး"

"ကျွန်တော့်အဖေနဲ့အမေရဲ့ ဇာတ်ကြောင်းကို ကျွန်တော်ကိုယ်တိုင် စုံစမ်းကြည့်လိုက်တော့ စိတ်သက်သာရာတစ်ခု ရခဲ့ပါတယ်၊ အဲဒါ ကတော့ ကျွန်တော့်အဖေဟာ လူသတ်သမားဖြစ်ခဲ့ရတာ သူ့ရဲ့စိတ်ဆန္ဒကြောင့် ဖြစ်ခဲ့ရတာ မဟုတ်ခဲ့သလို၊ ကျွန်တော့်အမေ ပြည့်တန်ဆာဖြစ်ခဲ့ရတာလဲ သူ့ရဲ့အလိုဆန္ဒကြောင့် ဖြစ်ခဲ့ရတာမဟုတ်ဘူးဆိုတာကိုပါ"

"အင်း . . . ဟုတ်ပါပြီကွာ၊ မင်းရဲ့အဖေနဲ့အမေက မင်းကို



www.burmeseclassic.com

www.burmeseclassic.com



မွေးပြီးမှ အဲဒီလို ဘဝမျိုးတွေ ရောက်ခဲ့တာလား"

"မဟုတ်ဘူး . . . ကျွန်တော်ပြောပြမယ်၊ ကျွန်တော့်အဖေဟာ မိရိုးဖလာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်တဲ့ ခြံသမားလေး တစ်ယောက်ပါ၊ သူက. . . အဲဒီခြံကလေး သေးသေးလေးပါပဲ၊ အဲဒီခြံကလေးကိုလုပ်ကိုင်စားသောက်ပြီး သူ့ရဲ့မိခင် . . . ဖခင်အိုကြီးတွေကို . . . ကျွန်တော့်ရဲ့အဘိုးအဘွားတွေကို လုပ်ကိုင်ကျွေးမွေးနေတဲ့သူပါ၊ တစ်နေ့ကျတော့ သူ့ရဲ့ခြံကလေးအနားမှာ ရှိတဲ့ သူဌေးကြီး . . . သူဌေးကြီးလို့ပြောတာက သူကလဲ ကျွန်တော့်အဖေလို ခြံပိုင်ရှင်တစ်ယောက်ပါပဲ၊ ဒါပေမယ့် သူကသူပိုင်တဲ့ခြံက ကျွန်တော့် အဖေရဲ့ခြံထက်ကို အဆနှစ်ဆယ်လောက်ပိုကြီးတယ်၊ သူက ကျွန်တော့် အဖေကို ခြံထွက်သီးနှံဈေးနှုန်းတွေနဲ့ပတ်သက်ပြီး လက်ရှိဈေးနှုန်းထက် တင်ရောင်းကြဖို့ လာညှိပါတယ်၊ သူညှိတဲ့အတိုင်း ဈေးတင်ရောင်းမယ်ဆိုရင်ဈေးနှုန်းမြင့်နေလို့ အချိန်ကြာကြာ စောင့်ရလိမ့်မယ်၊ အဖေကငွေရှင်ကြေးရှင်မဟုတ်လို့ အဲဒီလို စောင့်မနေနိုင်ဘူး၊ ဒါကြောင့် . . . အဖေက သူညှိနှိုင်းတာကို လက်မခံခဲ့ပါဘူး၊ သူ့ရဲ့ကုန်ကျငွေ . . . သူ့ရဲ့လုပ်အားနဲ့ပဲတွက်ပြီး တန်ရာတန်ကြေးပဲ ရောင်းခဲ့ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အဲဒီလူက လုံးဝမကျေနပ်ဘူး၊ အဖေ့အပေါ် အငြိုးထားခဲ့တယ်၊ တစ်နေ့ကျတော့ သူ့ရဲ့လက်ရင်းတပည့်လက်သားတွေနဲ့ ခြံထဲကိုဝင်လာပြီး အသားလွတ်ရှိသမျှ သီးနှံပင်ခုတွေကို ဖျက်ဆီးပစ်ကြပါတော့တယ်၊ အဖေဟာ တောင်းပန်ပေမယ့်မရပါဘူး၊ နောက်ဆုံးကျတော့ အဖေ့ဆိုပါ ထိတပါးရိုကပါးနဲ့ စော်ကားရန်မူပြီး သူတို့ပါလာတဲ့ လက်နက်တွေနဲ့ ခုတ်ထစ်ကြပါတော့တယ်၊ ဒါနဲ့ပဲ အဖေလဲ မခံနိုင်တော့တဲ့အဆုံး သူတို့ဆီကလူတစ်ယောက်ရဲ့ဓားကိုလုပြီး ပြန်ခုတ်လိုက်တာ အဲဒီလူတွေထဲက နှစ်ယောက်သေပြီး . . . တစ်ယောက် ဒဏ်ရာရသွားတယ်၊ သူတို့ကို စေခိုင်းခဲ့တဲ့ သူဌေးဖြစ်သူ လူယုတ်မာကတော့ ထွက်ပြေးလွတ်မြောက်သွားပြီး အဖေ့ကို တိုင်တော့တာပေါ့ဗျာ"

"အဲဒါနဲ့ . . . မင်းတို့အဖေက ဖမ်းခံထိတော့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မထိသေးဘူးဗျ . . . အဖေက ဒီလိုဖြစ်လာမယ်ဆိုတာ တွေးမိလို့ ကြိုတင်ပြေးတော့တာပေါ့ဗျာ၊ ဒါနဲ့ပဲ အဖေဟာ ဝရမ်းပြေးဘဝကို ရောက်သွားခဲ့ရတော့တာပါပဲ"

မောင်လိမ္မာသည် စကားကို ခေတ္တရပ်နားလိုက်ပြီး ဆေးပေါ့လိပ်တိုတို မီးညှိဖွာရှိုက်လိုက်လေ၏။

"အဖေ ဝရမ်းပြေးဘဝနဲ့ ရွာကထွက်ပြေးခဲ့တဲ့အချိန်မှာ အမေနဲ့တွေ့ခဲ့တာပါပဲ၊ အမေ့ရဲ့ဘဝကလဲ တော်တော်ဆိုးပါတယ်၊ အမေဟာ . . . ငယ်စဉ်ကတည်းက သူ့ရဲ့မိဘနှစ်ပါးစလုံး ဆုံးသွားတဲ့အတွက် သူ့ကိုဆွေမျိုးနီးစပ်တော်တဲ့ အဒေါ်တစ်ယောက်က မွေးစားခဲ့ပါတယ်၊ မတတ်သာလို့ မွေးစားခဲ့ပေမယ့် သိပ်တော့ မွေးချင်ခဲ့ဟန်မတူပါဘူး၊ သူ့မှာကလဲ အမေနဲ့အသက်အရွယ် မတိမ်းမယိမ်း သမီးသုံးယောက်ရှိနေတယ် . . .၊ ပြောရရင် အဲဒီလိုအခြေအနေမျိုးမှာ နေထိုင်ကြီးပြင်းခဲ့ရတဲ့ သူတစ်ယောက်အနေနဲ့ အိမ်မှုကိစ္စအဝဝကို သမီးအရင်းတွေထက်ပိုပြီး မတန်တဆ လုပ်ကိုင်ပေးခဲ့ရပေမယ့် အစဉ်အမြဲ မောင်းမဲပြစ်တင်ဆဲဆိုရိုက်နှက်တာတွေကို ခံခဲ့ရတဲ့အတွက် သူ့ရဲ့ငယ်ဘဝဟာ မျက်ရည်မျက်ခွက်နဲ့စခဲ့ရပါတယ် . . .၊ ဒီလောက်လုပ်ပေးခဲ့ရတာတောင်မှ အဒေါ်ဖြစ်သူက ကျေးရတာကို တန်တယ်လို့ မထင်ခဲ့ဘူး၊ သမီးဖြစ်တဲ့သူတွေကလဲ မကြာခဏ ကုန်းတိုက်ကြတော့ ပိုဆိုးတာပေါ့၊ ဒါနဲ့ပဲ အမေ အပျိုဖော်ဝင်စအရွယ်မှာ မြို့ကိုတက်ပြီး အိမ်ဖော်လုပ်ဖို့ ရွာကိုမကြာခဏဆိုသလို လူလာရှာတတ်တဲ့ အိမ်ဖော်ပွဲစား မိန်းမကြီးလက်ထဲကို ထည့်လိုက်တော့တာပါပဲဗျာ . . ."

"ဒီလိုနဲ့ပဲ မြို့က သူဌေးအိမ်တစ်အိမ်မှာ အိမ်ဖော်အလုပ်ရခဲ့ပါတယ်၊ အဲဒီမှာကျတော့လဲ သူဌေးကတော်ဟာ အင်မတန် ဘိုဆန်ပြီး ဆိုရှယ်ကျတဲ့သူတစ်ဦး ဖြစ်နေတယ်၊ သူဌေးကြီးလစ်တာနဲ့ ပါတီပွဲတက်၊ နိုက်ကလပ်သွား၊ ဖဲဝိုင်း ၊ကျင်ဝိုင်းတွေနဲ့ အချိန်ကုန်ပြီး ရှုပ်သလား . . . ပွေသလားလဲ မမေးနဲ့ပေါ့ဗျာ . . .၊ ဒီလိုနဲ့ပဲ သူဌေးကြီးမသိအောင် သုံးထားတဲ့ငွေတွေဟာ တတိတိနဲ့ ကုန်နေတော့တာပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကြီးကတော့ အိမ်ဖော်ဖြစ်တဲ့ အမေ့ကို ပစားပေးပါတယ်၊ ဒါကိုလဲ သူဌေးကတော်က မကြည်လင်ဘူး၊ သူမွေ့နေ နှောက်နေလို့ အိမ်မှာမရှိတဲ့အချိန် သူဌေးကြီးနဲ့အိမ်ဖော်မလေး နီးစပ်သွားမှာကို စိုးနေတယ်၊ ဒီလိုမိန်းမမျိုးက သူတို့သာ ကြိုက်သလောက် စည်းမဲ့ကမ်းမဲ့ဖောက်ပြန်မယ် . . . ယောကျ်ားကိုကျတော့ တခြားသူဘက်ပါမှာကို အကြောက်ကြသား"

"ဒါကလဲ သူ့စိတ်ထဲက တမင်ထင်နေတာပါ၊ မကောင်းမှုလုပ်တတ်တဲ့သူ့ဇော့ရဲ့သဘောက ဒီလိုမျိုးပဲဖြစ်မယ်၊ သူကွက်ကျော်ရိုက်နေသလို . . . တခြားသူလဲ သူ့ကို ကွက်ကျော်ပြန်ရိုက်မလားလို့ပေါ့ . . . ၊ ဒီလိုနဲ့ပဲ မီးကိုမလောင်ခင်တားမယ်ဆိုတဲ့စိတ်ရယ် . . . ယောကျ်ားမသိအောင် သုံးဖြုန်းပျော်ပါးထားတဲ့ ငွေတွေကလဲ မဖုံးနိုင် မဖိနိုင်အောင်များပြားလာတာရယ် . . . နှစ်ခုပေါင်းပြီး ချော်လဲရောထိုင် အကွက်တစ် ကွက်လုပ်ပါလေတော့တယ် . . ."

"ဒါကလဲ ဒီလိုလူမျိုးတွေ လုပ်နေကျအကွက် တစ်ခုဖြစ်ပါလိမ့်မယ်၊ သူ့ရဲ့လက်ဝတ်လက်စားတွေ ခိုးခံထိတယ်ဆိုတဲ့ အကွက်ပေါ့၊ ဟန်ပါဝါမာန်ပါပါနဲ့ ဟိုမှာရှာ ဒီမှာရှာလုပ်ပြီး . . . နောက်ဆုံးကျတော့အမေ့ အခန်းထဲကခေါင်းအုံးအောက်မှာ ရတနာပစ္စည်းတစ်ခုတွေ့ပါတယ်၊ကျန်တာတွေလဲ ဒီကောင်မပဲ ခိုးတာဖြစ်မယ် . . . ဘယ်မှာဝှက်ထားသလဲ . . . ဘယ်ကိုပို့လိုက်သလဲဆိုပြီး ထုထောင်းနှိပ်စက်တော့ တာပေါ့၊ သူဌေးကြီးတတော့စိတ်ကောင်းရှိတဲ့သူဆိုတော့လက်လွန်ခြေ လွန်မလုပ်ဖို့ ဝင်ဖြောပါတယ်၊ ဒါနဲ့လဲ မကျေနပ်သေးပါဘူး၊ သူဌေးကြီး အလုပ်သွားနေတဲ့အချိန်မှာသူစည်းဝါးရိုက်ခေါ်ထားတဲ့ လူဆိုးလူမိုက်တွေရဲ့လက်ထဲ ရက်စက်ယုတ်မာစွာနဲ့ အပ်လိုက်တော့တာပါပဲ . . . အမှန် တော့ အဲဒီလူတွေဟာ ဒုစရိုက်မျိုးစုံကို လုပ်နေတဲ့ ပြည့်တန်ဆာခေါင်း တွေပဲ . . ."

ပုံပြင်တစ်ပုဒ်ပမာ ရှည်လျားထွေပြားစွာ စိတ်ကာပတ်ကုံးပြောနေရသောကြောင့်ထင့် ၊မောင်လိမ္မာသည် အာခြောက်သွားဟန်တူ၏၊ ရှေ့ထောင့်ရှိ ရေအိုးစင်မှ ရေတစ်ခွက်ကို သွားရောက်ခပ်ယူကာ မေ့သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏၊ ဦးမာလူးသည် မောင်လိပ်မွှာ၏ ဖာတ်လမ်းကို နား ထောင်ပြီးနောက် ရင်ထဲ၌တင်းကြပ်နေလေ၏။ ယခုအချိန် အတိ သာယာချမ်းမြေ့ဖွယ်ရာ တစ်ခုမှပါမလာသေး။ အနိဋ္ဌာရုံများနှင့်သာ ပြည့်နှက်နေသည် မဟုတ်ပါလော။ ရေသောက်ပြီးနောက် မောင်လိပ်မွှာ သည် ဦးမာလူး၏အနီး၌ ပြန်လာ၍ထိုင်လိုက်သည်။

"မဟုတ်တာတွေ အကုန်လုပ် . . . မြင်သမျှကို ရှုပ်လိုက်မယ်၊ အယုတ်တကာ့ထိပ်ခေါင်ဆိုတာ မင်းဇာတ်လမ်းထဲကသူတွေပါပဲလား . . . မောင်လိပ်မွှာရေ"

"ဟုတ်ပါ့ ဆရာရယ်၊ အဲဒါနဲ့ပဲ အိမ်ဖော်ဘဝကနေ သူလုံးဝမ လုပ်ချင်တဲ့ ရွံမုန်းစရာ ဘဝဆိုးကြီးထဲကို ရောက်သွားတော့တာပါပဲ . . .၊ လူရာမဝင် လူတောမတိုး ခန္ဓာကိုယ်ကို အရင်းတည်ပြီး လုပ်ကိုင်ခဲ့ရပေ မယ့် ရသမျှငွေတွေကိုတော့ ခေါင်းဖြစ်တဲ့ လူဆိုးလူမိုက်ကြီးတွေက လက် ဝါးကြီးအုပ် သိမ်းယူကြပါတယ်၊ ကဲ . . . ဘယ်လောက်ဆိုးသလဲ"

"ဒါကြောင့် မင်းကို ငါပြောတာပေါ့၊ သေတဲ့သူတွေကို ကြောက် နေစရာမလိုဘူး၊ ရှင်တဲ့သူတွေကသာ တကယ်ကြောက်စရာကောင်း တယ်ဆိုတာ . . . ကဲ . . . ဆက်ပြောပါဦး၊ မင်းတို့အဖေနဲ့အမေ ဘယ် နည်းဘယ်ပုံ တွေ့ကြတယ်ဆိုတာ"

"ဝရမ်းပြေးအဖြစ်နဲ့ ပုန်းလျှိုးကွယ်လျှိုး သွားနေရတဲ့အဖေဟာ တစ်ညမှာလူပြတ်တဲ့နေရာတစ်ခုမှာ ယောကျ်ားသုံးယောက်နဲ့ အမျိုးသမီး တစ်ယောက်ရှုန်းရင်းဆန်ခတ်ဖြစ်နေတာကို တွေ့လိုက်ရတယ် . . .၊ ဘာကြောင့်လဲဆိုပြီး သူအကဲခတ်လိုက်တော့ အမျိုးသမီးက သူနေထိုင် မကောင်းဖြစ်နေတဲ့အကြောင်းပြောပြီး တောင်းပန်ငြင်းဆိုနေတာကို အ မှိုက်သားကြီးတွေက လက်မခံဘဲ စိုက်နှက်နေတဲ့မြင်ကွင်းကို တွေ့လိုက် ရတော့ မဟုတ်တာမြင်ရင် မခံတတ်တဲ့အဖေက ကြားဝင်ပါရတော့တယ်၊ ဘာမဆိုင် ညာမဆိုင် ဝင်ရှုပ်ရကောင်းမလားဆိုပြီး လူဆိုးကြီးတွေက အဖေ့ကို ပြန်ပြီးရန်မူကြတော့တာပေါ့၊ သွေးစွန်းပြီးတဲ့လက်ဟာ ထပ်ပြီး သွေးပြန်စွန်းတတ်တယ်ဆိုတဲ့ သဘောမျိုးများလားမသိဘူး၊ လူဆိုးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ထိုးလိုက်တဲ့ ဓားချက်ဟာ အဖေ့လက်မောင်းကို စိုက်ဝင်ခဲ့ပေမယ့် သန်မာတဲ့ ခြံသမားတောသား အဖေဟာ အဲဒီဓားနဲ့ပဲ အဲဒီလူ ရဲ့ ရင်အုံကို ပြန်ထိုးစိုက်နိုင်ခဲ့တယ်၊ သူတို့လူတစ်ယောက် ဓားထိုးခံထိ ပြီး သေကျသွားတာနဲ့ ကျန်တဲ့လူမိုက်တွေလဲ ထွက်ပြေးကြရော ...၊ သူလဲရုတ်တရက်ဖြစ်သွားတဲ့ အဖြစ်ကြောင့် ထူပူပြီး ဓားကိုပစ်ချပြီး သူ တို့နဲ့ဆန့်ကျင်ဘက်ကို ပြေးတော့တာပေါ့၊ အမျိုးသမီးကလဲ သူ့ရဲ့နောက် ကို ပြေးလိုက်လာခဲ့တယ်၊ အဲဒါ ကျွန်တော့်အဖေနဲ့အမေရဲ့ ဇာတ်လမ်း အစပါပဲ”

“တိုတိုပြောရရင်တော့ သူတို့နှစ်ယောက်ဟာ တခြားမြို့လေး တစ်ခုကို ထွက်ပြေးကြပြီး ဇာတ်မြှုပ်နေထိုင်ခဲ့ကြတယ်၊ ကြာလာတော့လဲ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ဖြစ်ပြီး ညားသွားကြတော့တာပေါ့ ဗျာ၊ သူတို့နှစ်ယောက်စလုံးမှာ ဟန်ဆောင်ခြင်း ...၊ လိမ်ညာခြင်း ...၊ ဖုံးကွယ်ထားခြင်း တစ်ခုမှမရှိဘူး၊ တစ်ယောက်က လူသတ်ဝရမ်း ပြေး ...၊ တစ်ယောက်က ပြည့်တန်ဆာဆိုတဲ့အကြောင်းကို ပွင့်ပွင့် လင်းလင်း ပြောထား ... သိထားကြတဲ့အတွက် အိမ်ထောင်ရေးအဆင် ပြေကြပါ တယ်၊ ဒီလိုနဲ့ပဲ ကျွန်တော့်ကို မွေးခဲ့တယ်ပေါ့ဗျာ၊ သူတို့လိုဆိုး ရွားမိုက်မဲတဲ့ ဘဝမျိုးကိုမရောက်အောင်ရည်ရွယ်ပြီး ကျွန်တော့်ကို မောင်လိမ္မာလို့ နာမည် ပေးခဲ့ကြတယ်”

“အင်း .. နည်းနည်းသာယာကြည်နူးဖွယ် အခန်းလေးတော့ ပါလာပြီပေါ့ကွာ၊ ဒီလိုလဲ ဖြစ်ဦးမှပေါ့၊ ဒါနဲ့နေပါဦး ... မင်းရဲ့အဖေ အမေနာမည်တွေက ဘယ်သူတွေလဲ”

“အဖေက ဦးသန်းထွေး၊ ဝရမ်းပြေးသန်းထွေးပေါ့ ...၊ အမေ ကတော့ ဒေါ်သီတာ”

“ဦးသန်းထွေး ... ဒေါ်သီတာ ... မင်းတို့အမေ အိမ်ဖော် လုပ်ခဲ့တဲ့ သူဌေးကြီးလင်မယားရဲ့ နာမည်တွေကိုရောသိလား”

“အဲဒါတော့ မသိဘူး ... ဘာဖြစ်လို့လဲအဘ”

“ဩော် ... ဘာမှမဟုတ်ပါဘူး၊ မင်းပြောတဲ့ အဖြစ်အပျက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူနေတဲ့ ငါ့မိတ်ဆွေသူဌေးကြီးတစ်ဦးရှိလို့ပါ၊ သူ့မိန်းမက မင်းပြောသလိုပဲ ဆိုရှယ်ကျတယ် . . .၊ ဘိုဆန်တယ် . . .၊ ဖောက်ပြန်တယ် . . .၊ သူကတော့ လူရိုးလူအေးကြီးပါပဲ၊ အင်းလေ . . . ဒီလိုလူမျိုးတွေ . . . ဒီလိုဇာတ်လမ်းတွေက အများကြီးရှိနေမှာပါပဲ၊ ကဲ . . . ဆက်ပြော ပါဦး မင်းမိဘတွေရဲ့ဇာတ်ကြောင်းကို"

"အဘရယ် . . . သူတို့ရဲ့ သာယာကြည်နူးမှုက ဘယ်လောက်မှမကြာလိုက်ပါဘူး၊ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတဲ့ စကားအတိုင်းပဲ . . . ကျွန်တော် သုံးနှစ်သားလောက်အရွယ်မှာပဲ အဖေ့ကို ဖမ်းမိသွား ကြတယ်၊ လူသတ်မှုနှစ်မှုနဲ့ စွဲချက်တင်တော့ အဖေကလဲ မငြင်းပါဘူး . . . ဝန်ခံတယ်၊ ဒီအမှုတွေနဲ့ အဖေဟာ တရားရုံးကချမှတ်တဲ့ ကြိုးမိန့် ကို ခံလိုက်ရပါတယ်၊ အမေကတော့ မပဋာမြေလူးဆိုတဲ့အတိုင်းပဲပေါ့ အဘရယ်၊ အဖေမရှိတော့တဲ့နောက် အမေဟာ လူမမယ် ကျွန်တော့် လက်ကိုဆွဲပြီး ဈေးတောင်းခေါင်းရွက် လုပ်ကိုင်စားခဲ့ရတော့တယ်၊ လောကဓံရဲ့ရိုက်ချက်တွေကတော့ ပြင်းလွန်းပါတယ်၊ ဈေးရောင်းမကောင်းတဲ့နေ့များမှာ စားသောက်ဖို့ မလောက်မငှဖြစ်ရင် အမေဟာ ကျွန်တော့်ကိုသာ ဝလင်အောင်ကျွေးပြီး သူကတော့ ထမင်းအငတ်ခံရတဲ့ရက်တွေဟာ အတော့်ကို များလွန်းခဲ့ပါတယ်"

"အင်းပေါ့လေ . . . ဝိပါကဝဋ်ကြွေးတွေ များခဲ့လွန်းလို့ဖြစ်ပါလိမ့်မယ်၊ ဒီဘဝမှာ ဆပ်လို့မကုန်နိုင်အောင်ဖြစ်ခဲ့ရတာ"

"ဟုတ်ပါလိမ့်မယ် အဘရယ်၊ အမေဟာ အလူးအလဲ အငတ်ငတ် အပြတ်ပြတ်နဲ့ပဲ ကျွန်တော့်ကို အချိန်ရောက်တော့ ကျောင်းထားပေးခဲ့တယ်၊ ဟို . . . မကောင်းတဲ့ အသက်မွေးဝမ်းကျောင်းတဲ့အလုပ်ကိုတော့ သူဟာ မလုပ်တော့ပါဘူး၊ ဘဝကို ဖြူဖြူစင်စင် ဆင်းဆင်းရဲရဲနဲ့ ပဲ ဖြတ်သန်းခဲ့တယ်၊ ကျွန်တော် ငယ်ငယ်ကလေးကတည်းက အမေ့ကို ဘာမှမပူဆာခဲ့ဖူးဘူး၊ ကျွန်တော် အမေ့ကိုသနားတယ်"

"အေးပါကွာ . . . မင်းက အရွယ်နဲ့မမျှအောင် ဒုက္ခဝေဒနာခံခဲ့ရတဲ့သူပဲ . . . သိတတ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဘရယ် . . . အမေတစ်ခု သားတစ်ခုနဲ့ အဲဒီဆင်းဆင်း ရဲရဲနေခဲ့ရတဲ့ ဘဝလေးကို ကျွန်တော်ပျော်ပါတယ်၊ ဒါပေမယ့် ဇန်ဆင်း ရှင်က ကျွန်တော့်ကို တာရှည်ပျော်ခွင့် မပေးပြန်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဆယ့်နှစ်နှစ်သားအရွယ် လောက်မှာ အမေနောက်အိမ်ထောင်ပြုလိုက်လို့ပဲ၊ ဘယ်လိုကုသိုလ်ကံ ဘယ်လိုရေစက် . . . ဘယ်လိုဝဋ်ကြွေးတွေကြောင့်လဲမသိပါဘူးဗျာ . . .၊ အဲဒီတော့မှ ဘဝက ပိုပျက်တော့တာပဲ၊ ကျွန်တော်ထင်ပါတယ် . . . အမေဟာ အားကိုးရှာတာပဲဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် အားကိုး ရှာမရဘဲ ခါးကျိုးတဲ့ဘဝမျိုးကို ရောက်ခဲ့တော့တယ်၊ အဲဒီလူနာမည်က မောင်ဝိန်တဲ့၊ ဒီလူဟာ လုံးဝလက်ကြောမတင်းတဲ့ကြွက်ဖျင်းကြီးပဲ . . .၊ အချောင်စားတဲ့ ကြောင်ပါးကြီးပဲ"

"မင်းဟာကလဲကွာ ကြွက်တွေကြောင်တွေနဲ့ ရှုတ်နေတာပါပဲ လား"

"ဟုတ်တယ် အဘရဲ့၊ ဒီလူလောက် အောက်တန်းနောက်တန်း ကျတဲ့ သူမျိုး ကျွန်တော်မမြင်ဖူးဘူး၊ ရေနစ်သူကို ဝါးကူထိုးသလိုမျိုးပဲ ဒုက္ခရောက်နေပါတယ်ဆိုတဲ့ မုဆိုးမထဘီနားကို ခိုစားရုံတင်မကဘူး . . . လောင်းကစားကလဲ ဖက် . . ., အရက်ကလေးကလဲ တမြမြနဲ့၊ အမေ့ဆီက ပိုက်ဆံကို ခါးပြတိုက်သလိုဇတင်းတာ . . .၊ ကောင်းကောင်း မွန်မွန် မပေးတာနဲ့ ပါးရိုက်နားရိုက်လုပ်တော့တာပဲ၊ အမေက ပွင့်ပွင့်လင်းလင်း သမားဆိုတော့ ဒီလူကြီးက သိနေတယ်၊ မယူခင်မှာတော့ တောင်းဝိ ကောင်းရဲ့နဲ့ယူပြီးကတည်းက ဒီအကြောင်းတွေကိုပဲ အကြောင်းပြုပြီး အနိုင် ကျင့်နေတာပါပဲ၊ ကျွန်တော့်အဖေရော . . အမေ ရော . . . ကျွန်တော်ပါ တစ်မြို့တစ်ရွာမှာ အတိတ်အကြောင်းတွေကို မြှုပ်ပြီးနေလာခဲ့တာ . . . ဒီလူကြီးရောက်လာမှ အပုပ်ဇာတ်လမ်းတွေ ဘူးပေါ်သလိုပေါ်ပြီး ငြောင်နဲ့ အမှု အရှုက်ကွဲနေကြရတော့တာပါပဲ"

"အဲဒါကြောင့်ပြောတာပေါ့ကွာ . . . အိမ်ထောင်ဆို ဘုရားတည်



www.burmeseclassic.com

www.burmeseclassic.com



ဆေးမှင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန်ခက် သည့်အမျိုး ဆိုပြီးတော့ . . . ”

“ဟုတ်ပါရဲ့ အဘရယ်၊ အရင်တုန်းက ကျွန်တော်ကလေး အတွေးနဲ့ အမေ့ကိုပြောဖူးပါတယ်၊ အမေရယ် . . . ကျွန်တော်တို့သားအမိတွေ ဒီလူကြီးကိုထားခဲ့ပြီးတော့ ထွက်ပြေးကြရအောင်ဆိုပြီးတော့ပေါ့။ အမေက ဘာပြောသလဲဆိုတော့ တစ်နေ့ကျရင် သူနားလည်လာမှာပါ သားရယ် . . . တဲ့၊ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ အဘရယ်၊ ခြတောင်ပို့က ဘယ့်နှယ်ရွှေတောင်ကြီး ဖြစ်လာပါ့မလဲ”

“ဟား ဟား ဟား . . . မင်းဥပမာက ကောင်းတယ်ကွ . . . ဟုတ်တယ် . . . လင်းတဟာ လင်းတပဲ . . . ဗျိုင်းမဖြစ်နိုင်ဘူးကွ . . ဟား . . ဟား . . ဟား . . . ”

ဦးမာလူး၏ ရယ်သံများက သုသာန်တစပြင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေတော့၏။

“ဒါနဲ့ . . . စကားမစပ် မင်းတို့အဖေဘက်က အဘိုးအဘွားတွေ ရှိတယ်မဟုတ်လား၊ သူတို့ဆီကို·မသွားဘူးလား”

“ဘယ်နေပါ့မလဲ အဘရယ် . . . သွားတာပေါ့၊ ဒါပေမယ့် အဲဒီမှာအဘိုးရောအဘွားရော မရှိတော့ဘူး၊အဖေ၀ရမ်းပြေးဖြစ်ပြီး နှစ်နှစ်လောက်အတွင်းမှာ ရွှေဆင့်နောက်ဆင့်ပဲ ဆုံးသွားကြတယ်တဲ့ . . ၊ အမေနောက်အိမ်ထောင်မကျခင် ကျွန်တော်တို့သားအမိ သွားကြ ပါသေးတယ်၊ အဲဒီမှာ အခုရှိနေတဲ့ မိသားစုက ကျွန်တော်တို့ကို ခပ်စိမ်းစိမ်းပဲ ဆက်ဆံကြတယ်၊ မတူသလို မတန်သလိုနဲ့ပေါ့ . . . အဘရယ်၊ အဖေနဲ့ ဘယ်လိုပတ်သက်ခဲ့တဲ့ အမျိုးအဆွေတွေလဲမသိပါဘူး အဘ ရယ် . . . ၊ ကျွန်တော်တို့သိထားတာက အဖေက တစ်ဦးတည်းသောသားပဲ၊ အဖေကြီးမိန့်အပေးခံရတဲ့အကြောင်း ပြောပြတာတောင်မှ ဘယ်သူမှ ၀မ်းနည်းတဲ့ဟန် မပြကြဘူး၊ သူတို့ကြည့်ရတာ ၀မ်းတောင်သာသွား သလိုပဲ”

“အေးပေါ့ကွာ . . . အမှန်အကန် အမွေဆက်ခံမယ့်သူမရှိတော့ မောင်ပိုင်စီးလိုက်ကြတာပဲပေါ့၊ လူဆိုတာ သိပ်ကြောက်စရာကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



လောဘကောင်ကြီးတွေပဲကွ . . . ၊ မင်းပထွေး မောင်ပိန် ကရော မင်းကိုမနှိပ် စက်ဘူးလား"

"ဘယ်အလွတ်ပေးပါ့မလဲ အဘရယ်၊ နေ့စဉ်နဲ့အမျှပေါ့ . . . ၊ ကျွန် တော့်ကို ဝရမ်းပြေးနဲ့ (. . .) မသာဆိုပြီး ပျစ်ပျစ်နှစ်နှစ်ကိုခေါ်တာ"

"မင်းက . . . စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး . . . နာလဲမနာဘူး၊ ဒါ . . . အမှန်တရားပဲဟာ"

"ကောင်းပါလေ့ကွာ . . . မင်းက အဲဒီနေရာမှာ ငါ့ထက်စာရင် ပိုတော်သွားတာပဲ၊ ကောင်းသည်ဖြစ်စေ . . . ဆိုးသည်ဖြစ်စေ ဖြစ်လာတဲ့အကြောင်းရင်းငို အမှန်ကိုအမှန်အတိုင်း လက်ခံနိုင်မှသာ တိုးတက်ကြီးပွားမယ့်သူ ဖြစ်လာမှာပေါ့။ ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်နေသမျှ ဘဝတစ်ခုဟာ အောက်တန်းနောက်တန်းကျနေဦးမှာ ပဲကွ"

"ဟုတ်တယ် . . . ဟုတ်တယ် . . . အဲဒီအတိုင်းပဲ ဒီနှစ်ကျွန်တော်ရှစ်တန်းအောင်တော့ အထက်တန်းပညာကိုဆက်သင် ပေးဖို့ အမေမတတ်နိုင်တော့ဘူး၊ ဒါနဲ့ ကျွန်တော်ကျောင်းထွက် လိုက်ရတယ် အဖေနဲ့အမေ စတင်တည်ထောင်ခဲ့တဲ့ အိမ်ကလေးဟာလဲ ဒီလူကြီး နဲ့ကျတော့ ပေါင်ထားရတဲ့ဘဝကို ရောက်သွားတယ်၊ အဲဒီ အတိုးကလဲ မနည်းဘူး၊ ဒီလူကြီးကလဲ အသုံးအဖြုန်းမလျှော့ဘူး၊ အိမ်မှာရှိတဲ့ အမေ့အကျီ၊ ထဘီခပ်ကောင်းကောင်း လေးတွေအစ ပေါင်စားပစ်တာ၊ ကျွန်တော် အမေ့ကိုသနားတယ်၊ သူ့ခမျာ အတော်ကြီးကို ပင်ပန်းနေရှာပြီ၊ ကျွန်တော် သူ့ကို ပင်ပင်ပန်းပန်း ပေးမလုပ်ချင်တော့ဘူး၊ ဒါနဲ့ ကျွန်တော် ကျောင်းကထွက်တာနဲ့ အရပ် ထဲမှာ ရေထမ်းတဲ့အလုပ်ကို လုပ်တယ် . . . နေ့ဘက်နင်းဖို့ ဆိုက်ကား မရတဲ့အတွက် ညဘက် ရတဲ့ဆိုက်ကားကိုပဲ အုံနာခပေးပြီး အိပ်ရေး ပျက်ခံ . . . အပင်ပန်းခံ ပြီးနင်းခဲ့တယ်၊ ဒီလိုနဲ့ နည်းနည်းတော့ အဆင် ပြေလာတာပေါ့၊ အခုကလေး စိုလာတာပေါ့ အဘရယ်၊ ကျွန်တော် အမေ့ကို ဈေးသုံးဖို့ပေးပြီးရင် ပိုတဲ့ပိုက်ဆံလေးတွေကို စုထားတယ်၊ ကျွန်တော့်ရည်ရွယ်ချက်ကတော့ အဖေ့လက်ငုတ် အိမ်ကလေး ကို ပြန်ရွေးချင်လို့ပါပဲ အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများကို ပြောနေသည့်အချိန်၌ မောင်လိမ္မာ၏အသံတို့သည် တုန်ခါ၍နေလေ၏။ သူ၏မျက်လုံးတို့သည်လည်း ညို့မှိုင်းရီဝေကာ အဝေးသို့ မျှော်ငေးနေသည့်နှယ် ထင်မှတ်ရလေသည်။

"မင်းက နာမည်နဲ့လိုက်အောင် လိမ္မာတဲ့ကလေးပဲ"

"ထင်လို့လား အဘ"

"ထင်တာမဟုတ်ဘူး . . မင်းကိုကြည့်ကတည်းက ငါသိနေတယ်"

ဦးမာလူး၏စကားကြောင့် မောင်လိမ္မာသည် နှုတ်ခမ်းတွန့်ရုံပြုံးလိုက်လေ၏။

"ကျွန်တော် လိမ္မာချင်ပါတယ် အဘရယ်၊ အင်း . . . ဒါနဲ့တစ်နေ့ကျတော့ ပြဿနာက တက်ပါလေရော၊ ကျွန်တော်စုထားတဲ့ စုဘူးလေး ပျောက်သွားတယ်၊ အိမ်ကလေးကိုရွေးဖို့ ငွေပြည့်ကာနီးအချိန်ကျမှ ပျောက်သွားတော့ ကျွန်တော်ခံစားရတာပေါ့၊အမေ့ကိုမေးကြည့်တော့ ဟိုလူကြီးယူသွားတဲ့အကြောင်းပြောပြတယ်၊ အမေ့ကိုတောင် ရိုက်နှက်သွားသေးတယ်ဆိုပဲ၊ဟုတ်တယ် . . . အမေ့ပါးတစ်ဖက်က ယောင်ကိုင်းလို့၊ ငိုထားတဲ့အတွက် မျက်လုံးတစ်စုံလုံးလဲ နီရဲမို့ အစ်နေတယ် . . . ၊ ဗြော် . . . အဘကို ပြောရဦးမယ်၊ ဒီ ဘာတစ်ခုမှာအသုံးမကျတဲ့လူကြီးက နောက်ကွယ်မှာ အငယ်အနှောင်းပါထားထား သေးသတဲ့၊ အဲဒီအမျိုး သမီး ရပ်ကွက်ထဲမှာနေတဲ့ ကျွန်တော့် သူငယ်ချင်းကပြောပြတာ၊ ဘယ်လောက်ယုတ်မာသလဲ"

"မေတ္တာမပါတဲ့ အိမ်ထောင်ရေးဆိုတာ ဒီအတိုင်းပဲကွ . . . ၊ ငါလဲ ကိုယ်တွေ့နေခဲ့ရဖူးတယ်၊ မေတ္တာကို သိမှ သစ္စာဆိုတာရှိတာ . . . ၊ မေတ္တာ မပါရင်တော့ သစ္စာလဲ ဗလာဖြစ်ကုန်တော့တာပေါ့ကွာ၊ကဲ . . . ဒါနဲ့ပဲ . . . မင်းတို့ရန်ဖြစ်ကြတာပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် . . . ညဘက်ရောက်တော့ အဲဒီလူကြီး မူးမူးရူးရူးနဲ့ ပြန်ရောက်လာတယ်၊ ယူသွားတဲ့ငွေတွေကိုမေးတော့ မရှိတော့ဘူးလို့ပြောတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ယုတ်ပတ်တဲ့သူပဲ . . . မင်းကိုငါပြောမယ် . . .
တာ ကြမ်းကြုတ်တယ် . . . သူယုတ်မာကလဲ ကြမ်းကြုတ်တယ် . . .၊
ထက်ကို သူယုတ်မာက ပိုကြမ်းကြုတ်တယ်၊ ဘာကြောင့် လဲဆိုတော့
တို ဆေးဝါး အန္တရယ်တွေနဲ့ ထိန်းချုပ်နိုင်သေးတယ်၊ သူယုတ်မာကိုတော့
ယ်လိုသော ဆေးဝါးမန္တာန်တွေနဲ့မှ ထိန်းလို့မရဘူးကွ"

"ဟုတ်တယ် . . . ယုတ်သလားမမေးနဲ့၊ အဲဒီအချိန်အထိ တော့
န်တော်တို့ ရန်မဖြစ်ကြသေးပါဘူး၊ ကျွန်တော်လဲ ကိုယ့်ဓါသကို တိုယ်
ထားပါတယ်၊ ကိုယ်က သည်းခံပါတယ်ဆိုမှ သူက ကမ်းတက်လာတယ်၊
ဘဲကွ . . . မင်းကမင်းငွေကိုငါသုံးတာ မကျေနပ်ဘူးလား . . . ငါ့တို
တောင်မှတ်နေလဲ . . . ဒီအိမ်မှာ ရှိတဲ့ငွေအားလုံးကို ငါသုံးပိုင်ခွင့်ရှိ
ယ် ငါ . . . မင်းအမေ့လင်ကွဆိုပြီး ပြောပါတယ်"

"ကြာလေ မိုက်ကန်းလေပါပဲဂကား၊ ဒီလိုမိုက်ကန်းတဲ့သူ တွေဟာ
တွေထက်ကို နိမ့်ပါတယ်"

"တကယ်ပါ အဘရယ်၊ ဒီလိုလူစားမျိုး မတွေ့ဖူးပါဘူး၊ ကျွန်
တော်တ . . . ခင်ဗျား ကျွန်တော့်အမေလင်ဆိုတာ ကျွန်တော်သိတယ်၊
ဝ မယ့် ကျွန်တော့်အဖေတော့ မဟုတ်ဘူးဆိုပြီး ပြန်ပြောတော့ . . .
တာ သူပြောနေကျအတိုင်း၊ ဝရမ်းပြေးနဲ့ (. . . )သည်မသား . . .၊ လူပါးဝ
တောင်ဆို ပြီး ပြောတော့တာပဲ၊ ဒါနဲ့ ကျွန်တော်ကလဲ အဲဒါဘာဖြစ်လဲ
န်တရားပဲ . . .၊ မိုက်ခွက်ရှိရင်တောင် လော်စပီကာတပ်ပြီး အော်လိုက်
ယ် . . . ရှက် စရာမဟုတ်ဘူး၊ လူပါးဝတယ်ဆိုတာ လူရည်လည်တာ
ခေါ်တာ . . . ခင်ဗျားလို ငနုံငဖျင်းမဟုတ်ဘူး လို့ ပြန်ပြောတော့တာ

"မင်းအမေကရော ဘာမှဝင်မပြောဘူးလား"

"မပြောဘူး . . . အဲဒီအချိန်မှာ အမေတမျက်ရည်ကျ နေလျက်
န်တော်တို့အတွက် ညစာဘဲဥမွှေကြော်လေးကြော် ပေးဖို့အတွက်
ဆ်သွန်ထိုင်လှီးနေတယ်၊ ဟိုလူကြီးက ကျွန်တော်ပြောလိုက်
သွားပြီး ဒေါသတကြီးနဲ့ တံခါးမင်းတုပ်တုတ်ကြီးကို ဆွဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ဇလကြီးအားကိုးနဲ့ ရိုက်ဖို့ပြေးဝင်လာတယ်၊ တကယ့် တကယ်ကျတော့ ကျွန်တော်က ရန်ဖြစ်ဖူးတဲ့သူမဟုတ်တော့ ရုတ်တရက်ကြောင်ပြီး ကြည့်နေမိတာပေါ့။ အမေက မလုပ်နဲ့ . . . မလုပ်နဲ့ဆိုပြီး ထဆွဲလိုက်လို့သာ ကျွန်တော့်ခေါင်းဟက်တက်မကွဲ သွားတာပဲ၊ အမေဆွဲလိုက်၍ သူ့လက်ထဲ တတုတ်လွတ်ကျသွား ရတာကို မှန်ထူသွားပြီးတော့ ဆဲဆိုပြီးအမေ့ကို လက်ပြန်ရိုက်ထည့်လိုက်တာ အမေ့ခမျာ လွင့်ထွက်သွားရှာတယ်၊ အမေထိသွားတာကိုမြင်တော့ ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားပြီး သူလွတ်ကျသွားတဲ့တုတ်နဲ့ပဲ သူ့ကိုကောက်ရိုက်ထည့်လိုက်မိတော့တယ်၊ဒါပေမယ့် . . ကျွန်တော်က ပိန်ပိန်သေးသေး . . . ၊ သူက ကျွဲပေါက်ကြီးလိုကြီးတဲ့သူဆိုတော့ ကျွန်တော့်ရိုက်ချက်က သူ့ကို မလဲသွားစေဘူး၊ သူက ဒေါသတကြီးနဲ့ ကျွန်တော့်လက်ထဲက တုတ်ကို အတင်းဝင်လုတော့တာပဲ . . . ၊ ဒီအချိန်မှာ လုံးဝမထင်မှတ်ထားပဲ အမေဟာ ဝုန်းခနဲခုန်ထလိုက်ပြီး သူကိုင်ထားတဲ့ ကြက်သွန်လှီးဓားချွန်နဲ့ အဲဒီလူကြီးရဲ့ရင်အုံကို ထိုးစိုက်ချလိုက်တော့တယ်၊ ဟိုလူကြီးလဲ မျက်လုံးကြီးတွေ အဆမတန် ပြူးထွက်သွားပြီး ဝုန်းခနဲဆို ပစ်လဲကျသွားတော့တယ်"

"ငါသိပြီ . . . ဒါနဲ့ပဲ မင်းဒီကိုထွက်ပြေးလာခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် အဘ၊ အမေက သူဝှက်ထားတဲ့ ပိုက်ဆံလေးတွေကို အခန်းထဲက သွားပြေးယူပြီးတော့ ငေးကြောင်ကြည့်နေတဲ့ ကျွန်တော့်လက်ထဲကို ထည့်ပေးပြီး၊ သား. . . လူလေး. . . ပြေး . . . ပြေးဆိုပြီး ပြောတယ်၊ ကျွန်တော်က အမေရောလို့မေးတော့ အမေကတော့ မပြေးဘူး၊ ဒီအမှုကို ရင်ဆိုင်ရမယ်လို့ ပြန်ပြောတယ်၊ အမေမပြေးရင် ကျွန်တော်လဲ မပြေးဘူးပေါ့၊ ဒီအချိန်မှာ ဟိုလူကြီး ကတော့ ဆန့်ငင်ဆန့်ငင်နဲ့ အသက်ငင်နေပြီ၊ အမေကကျွန်တော့်ကိုရှင်းပြပါတယ်. . . ၊ဒီအမှုနဲ့အမေ ထောင်ကျမှာ အသေအချာပဲ၊အဲဒီအချိန်ကျရင်ဒီမြို့မှာပဲငါ့သားရှိနေရင် သူ့ရဲ့ညီ မောင်စိန်က ငါ့သားကိုပြန်သတ်လိမ့်မယ် . . . ၊ မောင်စိန်ဆိုတာ ကျွန်တော်တို့မြို့ရဲ့ လူမိုက်ခေါင်းဆောင်လေ၊ လူဆိုးလူမိုက်တွေ မွေးထားပြီး မိုက်ကြေးခွဲ စားနေတဲ့သူ၊ ကျွန်တော်ကသတ်ချင်ရင်သတ်ပါလေ့စေဗျာ. . . အမေ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပြီး မသွားနိုင်ဘူးလို့ ပေကပ်ကပ်လုပ်နေတော့တယ်၊ နောက်ဆုံးတော့ အမေပါ ကျွန်တော်နဲ့အတူပြေးဖို့ သဘောတူရတော့တယ်"

"အခု . . . မင်းထွက်ပြေးလာတာ မင်းရဲ့အမေပါ ပါလာတယ်ပေါ့"

"နေဦးအဘ . . . ကျွန်တော်ပြောပြမယ်၊ ဒီလိုနဲ့ ကျွန်တော်တို့ သားအမိ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ မှင်မပျက် ထွက်လာကြတယ်။ အဝတ်အစားအိတ်တွေဘာတွေ ယူလာရင် ဘေးပတ်ဝန်းကျင်က ရိပ်မိကုန်အိမ့်မယ်၊ ခါတိုင်းလဲ ဟိုလူကြီးက ဆဲဆိုရိုက်နှက် ဝရုန်း သုန်းကားလုပ်နေကျဆိုတော့ အခုလိုလူသတ်မှုဖြစ် သွားတာကို အိမ်နီးချင်းတွေက သိကြဘူးဗျ . . .၊ ကျွန်တော်တို့ အိမ်ကလေးတွေကလဲ တောအိမ်လေးတွေဆိုတော့ တစ်အိမ်နဲ့တစ်အိမ် နည်းနည်းလှမ်းကြတယ်ဗျ၊ ဒါနဲ့ပဲ ဆိုတ်ကားလေးတစ်စီး တားစီးပြီး ဘူတာရုံကို ရောက်လာကြတာပေါ့ . . ."

"ကျွန်တော်တို့ လက်မှတ်နှစ်စောင်ဝယ်လိုက်တယ်၊ ရထားက တစ်နာရီလောက် စောင့်ရဦးမှာဆိုတော့ ရင်တထိတ်ထိတ်နဲ့ပဲ စကြံ လောက်ဖောင်းမှာ ငုတ်တုတ်ထိုင်နေကြရတာပေါ့၊ အမေကတော့ မျက်စိမှိတ်ပြီး တတ်သမျှ မှတ်သမျှ ဘုရားစာတွေ ရွတ်နေရှာတယ်၊ ကျွန်တော် အမေ့ကို ကြည့်ပြီး စိတ်မကောင်းဖြစ်လိုက်တာ၊ ကျွန်တော်တို့ သားအမိတွေ ဘာကြောင့်များ ဒီလောက်အထိ ဝဋ်ကြွေးကြီးမားရတာဝါလိမ့်လို့ တွေးမိပြီးတော့ပေါ့ . . ."

"ဒီအချိန်မှာ ကျွန်တော် တစ်ခုသတိရသွားတယ်၊ ကျွန်တော်တို့ ထမင်းမစားရသေးဘူး၊ အမေလဲဆာနေလောက်ပြီ၊ ဒါနဲ့အမေထမင်းမ စားသေးဘူးလားလို့ ကျွန်တော်ကမေးတော့၊ သားဆာနေပြီလား. . . ဆာနေရင် ဟိုးထိပ်မှာ ထမင်းဆိုင်ရှိတယ် . . . ထမင်းထုပ်သွားဝယ်ချည် . . . လို့ပြောတာနဲ့ ကျွန်တော်လဲ ထွက်လာခဲ့တယ်၊ ကျွန်တော့်ထမင်းထုပ် နှစ်ထုပ်ဝယ်ပြီး ပြန်လာခဲ့တဲ့အချိန်မှာ . . ."

ထိုနေရာသို့အရောက်၌ မောင်လိမ္မာ၏စကားသံတို့သည် တိမ်ဝင်သွားပြန်လေ၏။ သူ၏မျက်လုံးများမှာလည်း နီရဲလာပြီး မျက်ရည်ဝဲ

www.burmeseclassic.com

www.burmeseclassic.com



များက ပါးပြင်နှစ်ဖက်ပေါ်သို့ ပြည့်လျှံစီးဆင်းကျလာ၏။

"အဲဒီအချိန်မှာ အမေ့ကို ရဲတွေက ဖမ်းထားနှင့်ပြီ ... လက်ထိတ် ခတ်ခံထားရတဲ့အမေ့ကို တွေ့လိုက်တော့ ကျွန်တော် လက်ထဲက ထမင်းထုပ်တွေ လွတ်ကျသွားတယ်၊ အမေကလဲ ကျွန်တော့် ကို တွေ့ပါတယ်၊ အမေ့ မျက်လုံးတွေက ဘာတွေပြောနေသလဲဆိုတာ ကျွန်တော်သိတယ်၊ သား ... ဒီကိုမလာနဲ့ ... ဒီမြို့မှာမနေနဲ့ ဆိုတာတွေပေါ့"

ဦးမာလူးသည် မောင်လီမွှာ၏စကားကို နားထောင်ပြီးနောက် ဟူးခနဲ လေပူများကို မှုတ်ထုတ်လိုက်လေသည်။

"မင်းဇာတ်လမ်းကို နားထောင်ရတာ ငါပါရင်ကျပ်ရောဂါ ရသွားသလိုပဲဟေ့ ...၊ ကဲ ... မောင်လီမွှာရေ ဘာမှစိတ် မကောင်း ဖြစ်မနေနဲ့တော့ ... ဖြစ်သမျှအကြောင်းပေါ့ကွာ၊ အဆိုးတွေ ကုန်သွားရင် အကောင်းတွေ ရောက်လာလိမ့်မယ်လို့ မှတ်ထားလိုက်၊ လာ ... ငါတို့ ထမင်းသွားစားရအောင်"

မောင်လီမွှာသည် ပါးနှစ်ဖက်၌ ရွှဲစိုနေသော မျက်ရည်များကို လက်ခုံနှစ်ဖက်နှင့်ပွတ်၍ သုတ်လိုက်၏။

"ဘယ်မှာသွားစားမှာလဲ အဘ"

"ဘယ်မှာစားမှာလဲဆိုတော့ ... ငါ့သူငယ်ချင်း သူကြွယ် ဘောဂအိမ်မှာပေါ့ကွာ၊ သူ့ဘရာဇာဆိုပေမယ့် ချမ်းသာပါတယ်၊ ထမင်း တစ်နပ်လောက်တော့ ကျောင်းတောင်းကျွေးနိုင်ပါသေးတယ်ကွ ... လာစမ်းပါ"

"ကျွန်တော် အလကားကြီး မစားချင်ဘူးဗျ"

"ရော် ... ခက်ပါလား"

ဦးမာလူးသည် မောင်လီမွှာအား မျက်မှောင်ကြုတ်၍ကြည့် လိုက်၏။

"အလကားမစားချင်ဘူး ဆိုရင်တော့ အကြွေးမှတ်ထားလိုက် ပေါ့ကွာ၊ သူ ... လူသေတွေမြှုပ်ဖို့ ကျင်းတူးတဲ့အခါ ကျင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွင်းဝင်တူးပေးလိုက်ပြီး ဆပ်လိုက်ကြတာပေါ့ကွာ . . . ဟုတ်ပြီလား . . :
ဟား . . . ဟား . . . ဟား . . . ဟား"

- - -



www.burmeseclassic.com

www.burmeseclassic.com

သုဘရာဇာကြီး ဦးဘောဂ၏ တဲကလေးသည်ကား သပ်အပ်ရပ်ရပ်လေးပင် ဖြစ်လေ၏။ ထရံကာ၊ မနီမိုးထားပြီး အခင်းတိုဝါးဘိုးဝါးကြီးမျှအား အပြားဖြစ်အောင်ပေါက်၍ ဖြန့်ခြီးခင်းထားလေသည်။

ဦးမာလူးနှင့် သက်တူရွယ်တူလောက်ပင်ရှိပြီး အသားညိုညိုတျစ်ကျစ်လျစ်လျစ်နှင့် ဆံပင်ရှည်များ လန်ကျဲနေကာ နှုတ်ခမ်းမွေးတားကားကြီးနှင့်ဖြစ်သည်။

"သူငွေးဘောဂရေ . . . ဗိုက်ဆာလာပြီဟေ့၊ ငါတို့ ဒီနေ့တော့ ခင်းဆီမှာပဲ ဝါးရမှာပဲ"

ဦးမာလူးက အိမ်ပေါ်သို့တက်သည်နှင့် ပွင့်ပွင့်လင်းလင်းကြီးပြောလိုက်လေရာ ဦးဘောဂက ပြုံးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာလိုသေးလားမာလူးရာ၊ ငါကမင်းအတွက်ကိုအမြဲ ထည့်ချက်ပြီးသားပဲ၊ မင်းမစားတဲ့အခါမှသာ ခွေးငနီကို ချကျွေးလိုက်တာ . . . စိတ်ဆိုးစရာရှိရင်တော့ ခွေးငနီပဲ စိတ်ဆိုးလိမ့်မယ်ဟေ့ . . . သူ့ခွဲတမ်း နည်းသွားလို့"

ဟုဆိုလေ၏၊

သူ့အနားတွင်ရှိနေသော မောင်လိမ္မာထက် အတန်ငယ်မည်ဟု ထင်ရသော ဆံရစ်ဝိုင်းကလေးနှင့် ညိုပြာညက်ကောင်မလေးက . . .

"အဖေကလဲ အဘမာလူးကြီးကို နောက်နေပြန်ပြီ"

ဟု ဝင်ပြောလိုက်လေရာ ဦးမာလူးက . . .

"ရပါတယ် သမီးပြည်ချမ်းသာရယ်၊ ငါတို့က ပြောမနာ ဆိုမနာ တွေပဲဟာ၊ ကဲ . . . ဒီနေ့တော့ ခွေးငနီဝိုသွားအောင်လုပ်မယ့် လူဘေးဒုက္ခ သည်လေးတစ်ယောက်ပါ ပါလာတယ်ဟေ့"

ဟု ပြန်ပြောလေရာ မောင်လိမ္မာမှာ ရှက်ကိုးရှက်ကန်းနှင့် မျက်နှာရဲသွားရလေ၏။

"လူဘေးဒုက္ခသည် . . . ဟုတ်စ . . . မင်းစကားလုံးကြီး ငါမကြား ဖူးပါဘူး"

"ဟုတ်တယ် . . . ဘောဂရဲ့၊ မင်းက ရေဘေးဒုက္ခသည်၊ လေဘေး ဒုက္ခသည်၊ မီးဘေးဒုက္ခသည် ဆိုတာတွေပဲ ကြားဖူးမှာပေါ့၊ ဒီမောင်လိမ္မာ ဆိုတဲ့ကောင်က အဲဒီလိုမဟုတ်ဘူး၊ လူတွေနဲ့ ပတ်သက် လာရင် အမြဲဒုက္ခ တွေနေတတ်တဲ့ လူဘေးဒုက္ခသည်အစစ်ကလေးပဲကွ"

ဦးမာလူး၏စကားကြောင့် အခန်းထောင့်၌ သစ်တုံးကလေးများ နှင့် အိမ်ဆောက်တန်းကစားနေသည့် ဆယ်နှစ်အရွယ်ကလေးငယ်ကထ လာပြီး အံ့ဩစူးစမ်းသည့် မျက်လုံးများနှင့် မောင်လိမ္မာကို လာကြည့် သောကြောင့် မောင်လိမ္မာက ရှက်ရယ် ရယ်ပြလိုက်ရသည်။

"မောင်လိမ္မာရေ . . . ငါ့သူငယ်ချင်း သူကြွယ်ဘောဂက ကြင်သူ သက်ထား ဇနီးမယားကတော့ ဆုံးပါးသွားရှာပြီ၊ ဟောဒါက . . . သမီးကြီး ရွှေပြည်ချမ်းသာ၊ ဒီကောင်လေးကတော့ သားငယ် ပြည့်စုံကြွယ်ဝတဲ့ကွ၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သူ့ငွေးချည်းပဲ၊ အံ့မယ် . . . ဆုံးသွားတဲ့ သူတို့အမေနောခည်တို မပြောရသေးဘူး . . . ဒေါ်ငွေပုံတဲ့၊ ဘောဂက ငွေပုံပေါ်တက်ထိုင်ပြီး ဒီကလေး တွေကို မွေးလာတာကွ . . . ဟား ဟား ဟား. . ."

ဦးမာလူးက အရွှန်းဖောက်ပြီး မိတ်ဆက်ပေးလေရာ အားလုံး ဝိုင်းရယ်ကြရ၏။

"ဒီ . . . လူဘေးဒုက္ခသည်ကောင်လေးကတော့ မောင် လိမ္မာတဲ့၊ သူ့အကြောင်းတော့ မပြောချင်တော့ပါဘူး . . . ငိုချင်လွန်းလို့၊ သူက . . . ဒီမှာ ငါနဲ့နေမှာကွ . . . ချမ်းသာချင်လို့တဲ့၊ လုပ်ပေးရမှာ ပေါ့ကွာ"

"မာလူးရာ . . . မင်းနဲ့တွေ့မှတော့ ဘာလိုသေးလဲ . . . ချမ်းသာရမှာပေါ့ကွာ"

ဦးမာလူး၏ စကားကို ဦးဘောဂက ဝင်၍ထောက်ပေးလိုက်၏။ ၎င်းစကားများအား အခြားသူများသာ ကြားမည်ဆိုပါက သူဘရာဇာ အဘိုးကြီးတစ်ယောက်နှင့် ဖိမ်ရာမဲ့ အဘိုးကြီးတစ်ယောက်က ကြီးကြီး ကျယ်ကျယ် စကားလုံးများနှင့် လေလုံးထွားနေကြသည်ဟု ထင်ကြပေမည်။ သူတို့ ချမ်းသာအောင်လုပ်ပေးမည်ဟုဆိုသည့် ကောင် လေး၏ပုံမှာလည်း ပေကလူးမှုန်ကုပ်ကာ ဂျစ်ပစီရုပ်ထွက်နေ၏။

ထိုအချိန်မှာပင် ရွှေပြည်ချမ်းသာက စားပွဲဝိုင်းခင်းပြီး ထမင်း ဟင်းများကို ခူးခပ်ပြင်ဆင်၏၊ မောင်ပြည့်စုံကြွယ်ဝကလည်း အစ်မတော် သူအား ဝိုင်းဝန်းကူညီ သယ်ဆောင်ပေးလေသည်။

ပူပူနွေးနွေး ထမင်းနှင့် ငါးသလဲထိုးအိုးကပ် ခပ်စပ်စပ်၊ ငါးပိရည် ချက်၊ မဲဇလီရွက်ဟင်းချို၊ တို့မြုပ်စရာတို့စရာအစုံအလင်နှင့် ထမင်းဝိုင်း သည်ကား မြိုင်လှချေ၏။

ထမင်းနှင့်ဝေးနေတာ ကြာပြီဖြစ်သည့် မောင်လိမ္မာသည် ရှက်မနေတော့ဘဲ သုံးပန်းကန်မောက်မောက် စားပစ်လိုက်လေ တော့သည်။

"မောင်လိမ္မာရေ . . . မင်းစားနေတဲ့ပုံက တစ်ကျပ်စာမ တတော့ဘူး . . . နှစ်ကျပ်သုံးကျပ်လောက် တူးပေးရလိမ့်မယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမာလူးတပြောလိုက်လေရာ ဦးဘောဂက သဘောမပေါက်ဘဲ ဘာလဲတူသည့် သဘောမျိုးနှင့်မျက်ခုံးကိုပင့်ပြီး မေးလိုက်၏။

"ဒီလိုကွ . . . ဘောဂရေ၊ ဒီကောင်က မင်းဆီမှာ ထမင်းစားဖို့ခေါ်တာ အလကားဆိုရင် မစားချင်ဘူးဆိုတာနဲ့ . . . ဒါဆိုရင်လဲ ခင်းလူသေတွေအတွက် ကျင်းတူးတဲ့အခါ တစ်ကျင်းဝင်တူးပေးလိုက်စေ့ါကွာလို့ ငါက ပြောလိုက်တယ်၊ အခု သူစားသွားတာက တစ်ကျင်းစာမကဘူးကွ နှစ်ကျင်းသုံးကျင်းစာလောက်ရှိလိမ့်မယ် . . . ဟား ထား ဟား ဟား"

ဦးမာလူး၏ စကားကြောင့် အားလုံးဝိုင်းရယ်ကြ၏။ မောင်လိမ္မာမှာလည်း တစ်ခဏချင်းမှာပင် အားလုံးနှင့် ရင်းနှီးသွားတော့သည်။

" ရပါတယ် အဘရယ်၊ တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့၊ နှစ်ကျင်းသုံးကျင်းမကပါဘူး . . . တစ်နေကုန်တူးဆိုလဲ တူးပေးပါ့မယ်"

မောင်လိမ္မာကိုကြည့်ပြီးနောက် ဦးဘောဂက ဤသူငယ် သိပ်တော့မဆိုးလှပဟု တွေးထင်လိုက်၏။

"တူးပေးစရာမလိုပါဘူး မောင်လိမ္မာရယ်၊ ကျုပ်က တူးတာမြှုပ်တာ ဝါသနာပါလို့ကို ဒီအလုပ်လုပ်နေတာ၊ မောင်ရင် အကြွေးမှတ် ချင်ရင်လဲ မှတ်ထားပေ့ါကွာ၊ ကျုပ်မတူးနိုင် မမြှုပ်နိုင်တဲ့အခါကျမှ မောင်ရင်ကလဲ ရှိနေမယ် . . . အခန့်သင့်မယ်ဆိုရင်ဖ့ဲတော့ တစ်ကျင်း စာပြန်တူးပေးတာပေ့ါ၊ အခုလောလောဆယ်တော့ ကျုပ်က တူးနိုင် မြှုပ်နိုင်သေးတယ်၊ တိုယ်နိုင်တဲ့ အချိန်မှာ အဆင်မပြေဖြစ်နေသူကို တတ်နိုင်သလောက် ကူညီရတာ မင်္ဂလာရှိပါတယ်၊ ဒုက္ခရောက်သူကို ကူညီရတာ လာဘ်တစ်ပါး ဝါပဲ၊ ဘာဒုက္ခ . . . ဘာသောကမှမရှိတဲ့ မာလူးလိုကောင်ကိုတောင် တွေးမွေးနေရသေးတာပဲ . . . ဟဲ ဟဲ ဟဲ"

ဦးဘောဂက မောင်လိမ္မာအားပြောပြီးနောက် ဦးမာလူးကိုပါ တလီလိုက်သည်။

"အံမာ . . . ဆရာမာလူး . . . ပုဂ္ဂိုလ်ထူးကို . . . အားဦးထူးသာပူဇော်ရာ၏ဆိုတဲ့ စာချိုးနဲ့အညီ ကျွေးမွေးရတာကိုပဲ ဂုဏ်ယူ



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါကွ . . . ဟင်း ဟင်း ဟင်း"

ဦးမာလူးကလည်းမနေ၊ လက်ာတစ်ပုဒ် ကောက်စပ်လိုက်ပြီး နှုတ်ခမ်းစေ့ကာ ရယ်လေ၏။

"အဖေနဲ့ အဘနဲ့များတွေလိုက်ရင် အဲဒီအတိုင်းပဲရှင့်"

ဟု ရွှေပြည်ချမ်းသာက ဝင်ပြောလိုက်သည်။

"ပျော်ပျော်နေ သေခဲတဲ့ ကလေးတို့ရဲ့၊ ငါတို့က လောကကြီးထဲမှာ မနေချင်တော့ဘူး၊ ပျင်းရိသွားပြီဆိုတဲ့ အချိန်ထိ ပျော်ပျော်ကြီးနေသွားကြမှာ၊ တကယ်တော့ ဒုက္ခ၊ သောက၊ ဗျာပါဒဆိုတဲ့ အရာတွေဟာ ကိုယ်တလက်ခံမှသာ ပိုက်ထွေးပြုစု မွေးမြူမှသာ ကိုယ့်ကိုပြန်ပြီး နှိပ်စက်ကလူပြုတတ်ကြတာကွယ့် . . .၊ ကိုယ်က လက်မခံနဲ့ မောင်းထုတ်ပစ်လိုက်၊ ဒါဆို ရင် ဘဝဟာ အလိုလိုငြိမ်းအေးချမ်းသာသွားလိမ့်မယ်"

"ဟုတ်တယ် . . . သမီးရဲ့၊ သမီးအဘမာလူးပြောတာတွေဟာ အမှန်တွေပဲ၊ မောင်လိမ္မာ . . . မင်းဆရာမာလူးကို လျှော့မတွက်နဲ့ . . .၊ သူ မပြောနဲ့ . . . သူ့တပည့်တွေတောင် အကြီးအကျယ်ချမ်းသာ တုန်ကြပြီ သူတို့ ဟာလဲ မင်းလိုပဲ ဒုက္ခသုက္ခတွေနဲ့ ရောက်လာခဲ့ကြတာပဲ၊ ယောဇိသချိုင်းဇရပ်မှာ အိပ်သွားခဲ့ကြဖူးတဲ့သူတွေပဲ၊ တရွတ်အာရှောင်းဆိုတဲ့ ကောင်ဟာ စားစရာ၊ နေစရာမရှိတဲ့ဘဝကနေ နန်းတော်ကြီးသောက်ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးကိုဆောက်ပြီး နေနိုင်ခဲ့တယ်၊ တုလားမာမွတ်ဆိုတဲ့ကောင်လည်း ဒီအတိုင်းပဲ၊ နောက်ဆုံးပေါ် တာတွေတို ထွည်လဲစီး၊ မိုတယ်၊ ဟိုတယ်ကြီးတွေ နိုင်ငံအနှံ့ဖွင့်ထားတာ . . .၊ ဘိုကျိုတက် ချမ်းသာကြတာပေါ့၊ သူတို့က ရေခြားမြေခြားကနေပြီး စီးပွားလာရှာကြတာ၊ မင်းက . . . ဒီမြေမှာ မွေး၊ ဒီရေကိုသောက် လာခဲ့တဲ့ သူဆိုတော့ သူ့တို့ထက်ပိုပြီး ရေကြောမြေကြောနပ်နေပြီးသားပဲ၊ သူတို့ထက်မသာတောင် သူတို့ထက်မနိမ့်ဖို့လိုတယ်ကွ"

"ဟုတ်ကဲ့ . . . ကျွန်တော်ကြိုးစားပါ့မယ် အဘမာလူး အခု ကျွန်တော် ထမင်းစားပြီးပြီ . . . ဘာအလုပ်လုပ်ရမလဲ"

မောင်လိမ္မာကဦးဘောဂအား ကတ္တိပေးလိုက်ပြီးရှေ့တွင် ဦးမာလူး



www.burmeseclassic.com

www.burmeseclassic.com



ဘတ်သို့လှည့်၍ မေးလိုက်လေသည်။ ဦးမာလူးက လက်ကာပြလိုက် ပြီး . . .

"မောင်လိမ္မာ . . . အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် အလျှင်စလို လုပ်လို့မရဘူးကွ၊ တောင်ဆိုတာ ဖြည်းဖြည်းတက်ရတယ် . . . ဒါမှအမောမဆို့ဘဲ တောင်ထိပ်ပေါ်ကို ချောချောမောမော ရောက်မှာ၊ ထဲ . . . မင်းကို ငါတစ်ခုမေးမယ်၊ အလုပ်လုပ်တော့ မယ်ဆိုတော့ မင်း ဘာအလုပ်ကို ကျွမ်းကျင်သလဲ"

"ကျွန်တော် . . ."

မောင်လိမ္မာ ဘာမှဆက်မပြောနိုင်ဘဲ နှုတ်များဆွံ့အသွားရ၏။

"တရုတ်ကြီးအာချောင်းဆိုရင် တရုတ်အစားအစာတွေကို အရသာရှိရှိ ကြော်လှော်ချက်ပြုတ်နိုင်တယ်၊ ပေသီးတွက် တွက်တတ်တယ်၊ ကုလားမာမွတ်ဆိုရင် အသုံးမဝင်လို့ စွန့်ပစ်ထားတဲ့ ပစ္စည်းတွေကို အသုံးဝင်အောင် အသုံးချတတ်တယ်၊ အမှိုက်ကနေ ရွှေဖြစ်အောင်လုပ်တတ်တယ် ကွ . . . ကဲ . . . မင်းဘာတတ်သလဲ"

"ကျွန်တော် ဆိုက်ကားနင်းတတ်ပါတယ် အဘ"

"ဟုတ်ပြီ . . . အတတ်ပညာတစ်ခု တတ်ထားရင်တော့ ဝမ်းဝခါးလှရုံတော့ နေနိုင်တာပေါ့၊ ဒါနဲ့မင်းကို ငါမေးရဦးမယ်၊ မင်းက အဲဒီလောက်နဲ့ပဲ တင်းတိမ်ပြီး နေချင်တာလား"

"မဟုတ်ဘူး အဘ၊ ကျွန်တော် ချမ်းသာချင်တယ်"

"ချမ်းသာချင်တယ်ဆိုရင်တော့ ဒီအလုပ်နဲ့ မချမ်းသာနိုင်ဘူး၊ တစ်ကျပ်ရလို့ တစ်မတ်စုတယ်ဆိုရင်တောင်မှ မင်းအရွယ်လွန်သွားတဲ့ အချိန်ကျမှ ချောင်ချောင်လည်လည်နေနိုင်ရုံအဆင့်လောက်ပဲရမှာ . . .၊ ဒီအလုပ်မျိုးမလုပ်နဲ့လို့တော့ မပြောလိုပါဘူး၊ ဘာမှမရှိတဲ့ သုညဘဝကနေ တစ်ကျပ်ဖြစ်အောင်အထိတော့ လုပ်သင့်ပါတယ်၊ သုညကနေ တစ်ကျပ် လှေတားထစ်တစ်ခုပေါ့ကွာ၊ အဲဒီကနေရာ ထောင်သောင်းသိန်းသန်းဖြစ်ဖို့ကတော့ တခြားတစ်ခုကို ပြောင်း ရလိမ့်မယ်ကွ၊ ဟောဒီ ကမ္ဘာမြေလောကကြီးမှာ စစ်မှန်တဲ့ သဘော တရားတစ်ခုရှိတယ်၊ အဲဒါကတော့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ယေးတွေတောင်သိတယ်၊ နည်းနည်းလုပ်တဲ့သူဟာ နည်းနည်းရမယ် . . .၊ များများလုပ်တဲ့သူမှ များများရမယ်ဆိုတာပဲ၊ ဘာမဟုတ်တဲ့ အသေးအဖွဲ့လေးတွေနဲ့ အချိန်ကုန်နေတဲ့သူဟာ အဲဒီအသေးအဖွဲ့အဆင့်က တက်နိုင်မှာမဟုတ်ဘူး၊ ကြီးကြီးကျယ်ကျယ်ချမ်းသာချင်ရင်တော့ ကြီးကြီးကျယ်ကျယ်လုပ်ရလိမ့်မယ်ကွ"

"အဲဒီလိုလုပ်ဖို့အတွက်တော့ အရင်းအနှီးလိုမှာပေါ့ အဘရယ်"

"လိုတာပေါ့ကွာ . . . အတတ်ပညာကျွမ်းကျင်မှု နည်းစနစ်အများကြီးလိုတယ်၊ မင်းကို ငါပြောတာက အစချက်ချင်း အဲဒီလို ကြီးကျော်သွားပြီး လုပ်ရမယ့်သဘောမဟုတ်သေးဘူး၊ သူညကနေ တစ်ကျပ် . . .၊ တစ်ကျပ်ကနေ တစ်ရာအရင်လုပ်ရဦးမယ်၊ ငါပြော နေတဲ့ စကားတွေက ကြီးကျယ် ကောင်း ကြီးကျယ်နေလိမ့်မယ်၊ ဒါပေမယ့် မင်းကိုကြီးကြီးကျယ်ကျယ်ဖြစ် စေချင်လို့ ဒီစကားတွေကို ကြိုတင်ပြီးပြောခဲ့တာဆိုတာကိုတော့ မင်းမှတ်ထားလိုက်ပါ"

"ဟုတ်ကဲ့ . . . ကျွန်တော်သဘောပေါက်ပါတယ်အဘ"

မောင်လိမ္မာသည် ဦးမာလူးကိုကြည့်ပြီး ကြာလေအံ့ဩလေဖြစ်နေ၏၊ ဤမျှလောက် ဉာဏ်ပညာရှိသော ထိုလူကြီးသည် အဘယ် ကြောင့် ဤမျှလောက် ဆင်းရဲစုတ်ပြတ်နေရသနည်းဟု. . . သူသည်မနေနိုင်တော့ဘဲ နှုတ်မှဖွင့်ဟပြောလိုက်မိ၏၊

"အဘဟာ အမှန်ဆို အကြီးအကျယ် ချမ်းသာနေသင့်တယ်"

"ဟေ . . . ဟား ဟား ဟား ဟား"

ဦးမာလူးသည် မောင်လိမ္မာ၏ စကားကြောင့် အလျင် အာခေါင်ထွက်သွားပြီးမှ အော်ကြီးဟစ်ကျယ် ရယ်မောလိုက်လေသည်၊

"မောင်လိမ္မာ. . . ငါက ချမ်းသာနေတဲ့သူပဲ၊ ချမ်းသာခြင်းအစစ်ဟာ ကိုယ်တွင်းမှာပဲရှိတယ်ကွ၊ ငါ ခုနင်ကပြောသလိုပဲ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ဗျာပါဒ အစရှိတဲ့ ဒုက္ခတရားတွေကို ဖယ်ရှားထားတဲ့ သူမှာ စစ်မှန်တဲ့ ချမ်းသာခြင်းဆိုတာ ရှိနေပြီ၊ ငွေကြေးချမ်းသာတိုင်း လူချမ်းသာတယ်လို့ မထင်လိုက်နဲ့ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပြီး စိတ်က ဖွတ်ဖွတ်ညက်ညက်ကြေနေတဲ့သူတွေ အများကြီး ရှိတယ်တွ၊ လူတွေကိုမြင်တိုင်း ဒီလူ ငါ့ကိုလှိုးမှာ၊ ဖြတ်မှာပဲဆိုတဲ့ ဝီစိကိစ္စာ သံသယစိတ်တွေ၊ ဟိုလူကတော့ ငါ့ကိုကြောသွားတော့ မှာပဲဆိုတဲ့ မစ္ဆရိယစိတ်တွေနဲ့ ပင်ပန်းဆင်းရဲနေလိုက်ကြတာ၊ တဲ . . . ဒါတွေ ထားလိုက်ပါတော့ကွာ . . . နောက်ဆိုရင် မင်းအလိုလို သဘောပေါက် လာမှာပါ၊ လောလောဆယ်တော့ ငါ့ကို ဘာကြောင့် မချမ်းသာရတာလဲ ဆိုပြီး အားမလိုအားမရဖြစ်မနေနဲ့ . . . ၊ မင်းကိုယ်တိုင် ချမ်းသာအောင် အရင်လုပ်ရမယ် . . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ အဘ"

"ကဲ . . . နံပါတ်တစ်ခြေလှမ်းကို လှမ်းရအောင်၊ မင်းက ဘာအရင်းအနှီးမှမရှိတဲ့ကောင်ဆိုတော့ ဗဟုသုတအရင်းအနှီးကိုပဲ အရင်ရအောင် ရှာရလိမ့်မယ်၊ မင်းကို အလွယ်ဆုံး အမှိုက်ကနေ ရွှေဖြစ်တဲ့ မာမွတ်ရဲ့နည်း လမ်းကိုပဲ လိုက်ခိုင်းရမှာပဲ၊ ကဲ . . . ဒီနေ့တော့ မင်း မြို့ထဲကို လမ်းလျှောက်ထွက်ပေတော့ . . . ၊ ကြေး၊ သံ၊ သတ္တု၊ ကော်၊ ပုလင်းတွေ၊ သတင်းစာအဟောင်း၊ ဗလာစာအုပ်အစရှိတဲ့ တိုလီမိုလီ အစုတ်အပြတ်တွေ ရောင်းတဲ့ဆိုင်တွေကိုသွား . . . ၊ ရောင်းလို့ ရနိုင်တဲ့ပစ္စည်းတွေမှန်သမျှ မှတ်လာ . . . ၊ လာသွင်းရင် ဘယ်ဈေး ပေးမလဲ မေး . . . ၊ ကဲ . . . သွားပေတော့"

ထိုနေ့က မောင်လိမ္မာသည် ဦးမာလူး၏စကားအတိုင်း ထွက် သွားခဲ့ရာ သူသာန်ဇရပ်သို့ ညနေစောင်းမှ ပြန်ရောက်လာခဲ့၏။

"ကဲ . . . ဘယ်လိုလဲဟေ့၊ တော်တော်စုံစုံစေ့စေ့ရောက်ခဲ့ ရဲ့လား"

ဦးမာလူးက ပြန်ရောက်သည်နှင့် ဆီးကြို၍ မေးလိုက်သော ကြောင့် မောင်လိမ္မာက . . .

"ဟုတ်ကဲ့ အဘ၊ တွေ့တဲ့ဆိုင်တိုင်းကို ကျွန်တော်ဝင်မေးပါတယ်၊ မှတ်လဲ မှတ်လာပါတယ်"

ဟု ပြန်ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်လိမ္မာသည် ဦးဘောဂထံမှ ရေလဲနံ့ငယ် ဝိုင်းလေး တစ်ခုတောင်းပြီးနောက် တဲကလေးနံဘေးရှိ ရေတွင်း၌ ရေချိုးလေ၏။ ရေနွှင့်ဝေးနေသောကြောင့် ရေထိသည်နှင့် နူးပြီး အလိပ်လိပ် ထလာသော ချေးများအား တွန်းထုတ်သန့်စင်ပြီးနောက် ရေကို တဗွမ်းဗွမ်း လောင်းချိုးနေလိုက်၏။ ရေချိုးပြီးသည့်အခါ၌ လဲစရာဝတ်စုံ သစ်မရှိလေ သောကြောင့် မူလ ချွတ်ထားသောအကျႌ၊ လုံချည် အဟောင်းများကိုပင် ပြန်လည်၍ ဝတ်ဆင်လိုက်သည်။

"ကိုလိမ္မာ . . . လဲစရာအဝတ်ပို မပါဘူးလား"

အိမ်ပေါ်မှဆင်းလာသော ရွှေပြည်ချမ်းသာကမေးလိုက်လေရာ မောင်လိမ္မာက ရှက်ရှက်နှင့်ရယ်ပြီး . . .

"မပါဘူးဗျ"

ဟု ပြန်ဖြေလိုက်လေ၏။

"အဖေ့အကျႌဝတ်မလား . . . ယူပေးမယ်"

"ဟာ . . . ရပါတယ်ဗျာ . . . မလိုပါဘူး ကျေးဇူးတင်ပါတယ်"

"သူဘရားဇာအကျႌမို့လို့ မဝတ်ချင်တာလား"

"ဟာ . . . မဟုတ်တာဗျာ"

"မဟုတ်ဘူးဆိုရင် ဒီမှာခဏနေ . . . ကျွန်မယူပေးမယ်"

ရွှေပြည်ချမ်းသာသည် ပြောပြောဆိုဆိုနှင့်ပင် အိမ်ပေါ်သို့ ပြေး တက်သွားပြီးနောက် ခဏအကြာ၌ ပြန်ဆင်းလာ၏။ သူ၏လက်ထဲ၌ပါ သာသော ဦးဘောဂ၏ ဖျင်အကျႌဖားဖားကြီးနှင့် ပုဆိုးကြမ်းတစ် ထည်အား အမ်းပေးလိုက်ပြီး . . .

"ရော့ . . . ဝတ်"ဟုဆိုလိုက်လေသည်။

"အားနာလိုက်တာဗျာ"

"အားနာစရာမလိုပါဘူး . . . သင်္ချိုင်းကုန်းထဲမှာ အတူ နေကြတော့ မိသားစုတွေပဲပေါ့၊ ကျွန်မတို့ကို မောင်နှမလို သဘော ထားရမယ်နော်"

"ဟုတ်ကဲ့ပါဗျာ . . . ထားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်လိမ္မာသည် သူချွတ်လိုက်သောပုဆိုးနှင့်အင်္ကျီတို့ကို ထိုင်၍လျှော်ဖွပ်ဖြတ်ပြီးနောက် အနီးရှိတန်း၌ လှမ်းထားလိုက်လေ၏။

ထိုအချိန်၌ ဦးမာလူးနှင့်ဦးဘောဂတို့သည်လည်း ရောက်ရှိလာကြလေ၏။

*"အံမာ . . . ဝတ်စုံသစ်တွေဘာတွေနဲ့ပါလား၊ သူဌေးဘောင်းဘီဝတ်စုံကို ဝတ်ထားပြီဆိုတော့ နိမိတ်အရ မင်းလည်း သူဌေးသူကြွယ်ဖြစ်တော့ မယ့်သဘောပဲကွ . . . ဟား ဟား ဟား"*

မောင်လိမ္မာသည် မမျှော်လင့်ဘဲ ဦးမာလူးနှင့်တွေ့ဆုံပြီး သုသာန်တစပြင်၌ စိတ်လက်ချမ်းသာ နေခွင့်ရသည်ကို တာဝတိံသာ နတ်ပြည်သို့ ရောက်နေသကဲ့သို့ ကြည်နူးရွှင်ပျ ဖြစ်နေရလေ၏။ သူ၏ ယခင်ဘဝသည်ကား ငရဲကျနေသကဲ့သို့ပင်တည်း။ ပျော်ရွှင်ခြင်းတို့ အလျဉ်းကင်း၍ မျက်ရည်စက်များနှင့်သာ အတိပြီးနေရလေသည်။ ယခုကဲ့သို့ ဦးမာလူး၊ ဦးဘောဂမိသားစုတို့လိုမျိုး လှိုက်လှဲပျူငှာနွေးထွေးမှုမျိုးကို သူ၏တစ်သက်တာ၌ မကြုံဆုံခဲ့ရဖူးပါချေ။ အရှက်ခွဲနှိမ်နင်းစော်ကားမော်ကား ပြုမူခြင်းများကြားထဲ၌သာ ကြီးပြင်းခဲ့ရသော သူ့အစ်မ ယခုလောက် ချမ်းမြေ့ခြင်းကိုပင် မခံစားခဲ့ရဖူးပါ။ မောင်လိမ္မာ၏ စိတ် ထဲ၌ အမေ့ကိုလည်း ပျော်ရွှင်ချမ်းမြေ့စေချင် လိုက်တာဟု တွေးနေမိ လေ၏။ အမေဘယ်လိုများဖြစ်နေပါလိမ့်၊ ထောင်ထဲမှာ အဆင်ပြေမှာတော့ မဟုတ်ဘူး၊ ဘယ့်နှစ်နှစ်ကျသွားလဲမသိ၊ အဖေ့လို ကြိုးမိန့် ဆိုရင်တော့ ဘုရား . . . ဘုရား . . .

*"ဘာတွေတွေးနေတာလဲကွ"*

ပခုံးကိုပုတ်ပြီး မေးလိုက်သော ဦးမာလူး၏ စကားသံကြောင့် အတွေးရေယဉ်ကြော၌ မျောလွင့်နေသည့် မောင်လိမ္မာသည် သတိပြန်လည်ဝင်လာ၏။

*"အဘ . . . ကျွန်တော့်အမေကို သတိရနေတာ၊ အမေ . . . ဘယ်လိုများ နေပါ့မလဲမသိဘူး"*



www.burmeseclassic.com

www.burmeseclassic.com



ဦးမာလူးသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"မောင်လိမ္မာ ... ကြိုတင်ကြံစည်ပြီး တမင်လုပ်ဆောင်ခဲ့တာလဲ မဟုတ်ဘူး၊ တစ်ဖက်လူက မိမိမှမလုပ်ရင် မိမိအသက် အန္တရာယ်ထိ ထိပါးစေနိုင်အောင် လုပ်မယ့်သဘောရှိရင် ခုခံကာကွယ် နိုင်တယ်၊ ဒီလိုအမှုမျိုးဟာ ပေါ့ပါတယ်၊ မင်းအမေ ကံကောင်းမှာပါ"

"ကျွန်တော့်အမေဟာ ဘဝတစ်လျှောက်လုံးမှာ တစ်ခါမှ ကံမကောင်းခဲ့ဖူးပါဘူး အဘရယ်"

"လူ့ဘဝဆိုတာ လည်ပတ်နေတဲ့ လှည်းဘီးလိုပါပဲ၊ အနိမ့်ဆုံး ကိုရောက်နိုင်တယ် ...၊ ဒီလိုပဲ အမြင့်ဆုံးကိုလဲ ရောက်ရမှာပဲ၊ ဘယ်သူမှ တစ်သက်လုံး မနိမ့်နေနိုင်သလို ... ဘယ်သူမှလဲ အမြင့်ဆုံးမှာ ထာဝရ တည်မြဲပြီး မနေနိုင်ဘူးကွ"

မောင်လိမ္မာသည် သူ၏ဆံပင်များအား လက်နှစ်ဖက်ဖြင့် ကုတ်ခွလိုက်မိလေ၏။ ထို့နောက်တွင်မှ မျက်လုံးများက မြေကြီးကို စိုက်ကြည့်တာ ခေါင်းငိုက်စိုက်ချလျက် ဤသို့ပြောလိုက်လေတော့သည်။

"အဘရယ် ... ကျွန်တော်အမေရဲ့ လှည်းဘီးက ရွှံ့ထဲမှာ နစ်နေတာန်တူပါတယ်၊ အဆိုးဆုံးနေရာမှာပဲ မရွေ့မလျားရပ်နေပြီး တော့ပေါ့"

"ဟေ ..."

မောင်လိမ္မာ၏စကားကြောင့် ဦးမာလူးသည် တွန့်သွားလေ၏၊ ထို့နောက်တွင်မှ မောင်လိမ္မာ၏ပခုံးကို ကိုင်လှုပ်လိုက်ပြီး ...

"မောင်လိမ္မာ ... မင်းပြောလိုက်တော့မှပဲ ဒဿနအဆာစ်တွေတိုး လာတော့တယ်၊ အေး ... ဟုတ်မယ်ကွ၊ မင်းအမေရဲ့ လှည်းဘီးတနွံထဲမှာနစ်နေတယ်ဆိုရင် မင်း ပထမတန်းမှာသင်ခဲ့ရတဲ့ စာကြောင်းလေးတွေထဲကအတိုင်းပဲ လုပ်ကြတာပေါ့ကွာ ... မှတ်မိလား ...

လှည်းဘီးနွံထဲကျွံနေသည်။

ကူ၍တွန်းပေးကြပါ

လေးလွန်း၍မတွန်းနိုင်ဘူးလား

ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည် .... ဆိုတာလေ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ ဖြိုင်တူကူပြီးတွန်းပေးကြတာပေါ့ကွာ . . . မဟုတ်ဘူး လား တဲ . . . အဓိက မင်းလုပ်ရမှာက မင်းတို့အမေ ထောင်ကလွတ်လာ ချိန်မှာ-သူ့တို စိတ်လက် ချမ်းသာ ပျော်ပျော်ရွှင်ရွှင်ထားနိုင်ဖို့အတွက် မင်း . . . ကြွယ်ဝချမ်းသာနေဖို့ လိုတယ်ဆိုတာ သဘောပေါက်ထား၊ ကဲ . . . အခုတာထည်းကစပြီး တွန်း ပေတော့ . . . ငါ့ကောင်ရေ" -

- - -



www.burmeseclassic.com

www.burmeseclassic.com

သတ္တုကုလားပဲ . . . ကော်တွေ၊ ကြေးတွေ၊ သတ္တုတွေ ကုလားပဲနဲ့လဲတယ် . . .၊ သတင်းစာစက္ကူတွေဝယ်တယ် . . .၊ စာအုပ်ဟောင်းတွေဝယ်မယ်၊ ဘတ်ထရီဟောင်း . . . မီးချောင်းဟောင်း . . . ဖိနပ်ဟောင်းတွေဝယ်တယ် . . . ဝတဲဝယ်ဝတယ်"

ဦးမာလူးသည် သံနေသံထားမှစ၍ မောင်လိမ္မာအား သင်ပေးလိုက်၏၊ နောက်ဆုံးအဆုံးသတ် ဝတဲဝယ်ဝတယ် ဆိုသည်မှာ ထရိတ်မတ်အမှတ်အသားဖြစ်သည်၊ ဤအသံကိုကြားသည်နှင့် ဤသူမှန်းသိအောင်ပြုလုပ်ထားခြင်းဖြစ်လေသည်။

မောင်လိမ္မာသည် ထမ်းပိုးထားသည့် အဟောင်းအမျိုးပစ္စည်းထုပ်ကြီး ပြည့်လာပါက နီးရာအဟောင်းဆိုင်များသို့ ဝင်ရောက် ရောင်းချပြီး ဝတဲဝယ်ဝတယ် လုပ်ပြန်၏။ ပထမဤအလုပ်



www.burmeseclassic.com

www.burmeseclassic.com



တို စတင် လုပ်စဉ်ကမူ မြန်မာလူမျိုးတစ်ဦးဖြစ်သော မောင်လိမ္မာအားတြည့်ပြီး မူလလုပ်ကိုင်နေသူ ကုလယ်ကုလားများသည် အံ့အားသင့်ကြ၏၊မောင်လိမ္မာသည်လည်းသူတို့နည်းတူပင် အရင်းအနှီးရှာရလေ၏၊ မည်သို့ရှာသနည်းဆိုသော် အမှိုက်ပုံကြီးများ၌ တုတ်ထိုး၍ရှာရခြင်းဖြစ်လေသည်၊

အမှိုက်ပုံကြီးများထဲရှိ စွန့်ပစ်အမှိုက်သရိုက်များကြားမှ ရောင်းချ၍ရနိုင်သည့် အရာများကို ရွေးကာ ကောက်ကာနှင့်ရောင်းချရလေ ၏၊

ထိုမှ ငွေစကြေးစလေး အနည်းငယ်ရရှိလာသည့်အချိန်တွင် မှ ကုလားပဲတစ်ပိဿာကို ဝယ်ယူပြီးနောက် ဝတဲဝယ်ဝတယ်လုပ်ရခြင်းပင်တည်း။

မောင်လိမ္မာကဲ့သို့ သတ္တုကုလားပဲလုပ်သော ကုလယ်လေးတစ်ယောက်က ဤကဲ့သို့ပြောဖူးလေ၏၊

*"အားကိုကြီးက ဗမားနော်"*

*"အေး . . . ဟုတ်တယ်"*

*"ဗမားနော် . . . တစ်ခါးတည်း ဒီးအလုပ်မျိုး မလုပ်ဘူးကားဗမားနော် အထက်တန်းကျတယ် . . . ၊ ဒီးအလုပ်နော် . . . အောက်တန်းကျတယ်"*

*"သွားစမ်းပါကွာ . . . အထက်တန်းတွေ အောက်တန်းတွေ လုပ်မနေနဲ့၊ ဒါ . . . သမ္မာအာဇီဝအလုပ်ပဲ . . . သမ္မာအာဇီဝအလုပ်မှန်သမျှ အတုန်အထက်တန်းကျတယ်ကွ"*

*"တမားအားကျိုးဝ . . . တမားအားကျိုးဝ"*

ကုလယ်လေးသည်ထိုစကားလုံးအားနားမလည်သောကြောင့် မပီကလာပီကလာရွတ်ရင်းနှင့် အကြောင်းကြောင်းဖြစ်ကာကျန်ရစ်ခဲ့တော့သည်၊တစ်ခါကလည်းမောင်လိမ္မာ၏ စားကွက်ဝင်လုခြင်းကို မခံမရပ်ဖြစ်နေကြသည့်ကုလား မိုက်ကယ်များနှင့်ပြဿနာဖြစ်ရချေသေး၏။ ကုလားကနှစ်ယောက်၊ မောင်လိမ္မာက တစ်ယောက်တည်း၊ လမ်းကြားလေးတစ်ခု၌ဆုံဖြစ်လေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . မင်း ဒါဘာလုပ်တာလဲ"

မောင်လိမ္မာသည် သူ့အား အဆုံးအစမရှိမေးလိုက်သည့် ဗလကြီးကြီးနှင့် သတ္တုကုလားပဲ ကုလား၏စကားကြောင့် ဘာပြန်ဖြေရမှန်းမသိကြောင်သွား၏။ အခြားသူတစ်ယောက်ကိုများ မေးလိုက်လေသလားဟု လှည့်ကြည့်လိုက်ပါသော်လည်း မိမိမှလွဲ၍ မည်သူမျှမရှိ။

"ဘာကိုမေးတာလဲဗျ"

"အံမာ . . . ကြောင်တောင်တောင် လာလုပ်နေတယ်၊ မင်း . . . ဒီအိတ်တွေ အထမ်းတွေက ဘာလုပ်ဖို့လဲလို့မေးနေတာ"

သိလျက်နှင့် တမင်မေးလိုက်ခြင်းပင်၊ ဤကုလားများတတော့ ပြဿနာရှာနေပြီဟု တွေးလိုက်မိရင်း မောင်လိမ္မာစိတ်ညစ်သွားရ၏။

"ခင်ဗျားတို့လိုပဲ သတ္တုကုလားပဲလဲနေတာလေ"

"ဘာကွ . . . မင်းကို ဘယ်သူလဲခိုင်းသလဲ"

"ဘာဖြစ်လို့လဲ"

"ဒီအလုပ်ကို ငါတို့လုပ်နေတာ မင်းမသိဘူးလား"

ရော . . . ပြဿနာတော့ တက်ပေပြီ၊ ကုလားလူမိုက် ဒုစရိုက်များက ပေါ်တင်ကြီးကို ဖွဲ့နေချေပြီတကား။

"ခင်ဗျားတို့လဲ ကိုယ့်ဟာကိုယ်လုပ်၊ ကျုပ်လဲ ကျုပ်ဟာကျုပ်လုပ်တာပဲ ဘာဖြစ်လဲ၊ ဒီအလုပ်ကို ခင်ဗျားတို့ပဲ လုပ်ရမယ်လို့ ကန်ထရိုက်ဆွဲထားလို့လား"

"အံမာ . . . လှိုပါးဝလို့ . . . ကဲထွာ"

ကုလားဗလကြီးက ပြောပြောဆိုဆိုနှင့်ပင် ထမ်းထားသည့်ထမ်းပိုးအား ချတ်ပြီး ရိုက်လိုက်လေရာ၊ သတိထားနေသော မောင်လိမ္မာတလည်း သူ၏ထမ်းပိုးနှင့် ဆီး၍ခံလိုက်လေ၏။ သို့သော် ကုလားကြီး၏ရိုက်ချက်မှာ ပြင်းထန်လွန်းလှသောကြောင့် မောင်လိမ္မာ၏ထမ်းပိုးတုတ်မှာ လွင့်စဉ်ထွက်သွားရချေ၏။

နောက်ကုလားတစ်ကောင်ကလည်း အကာအကွယ်မဲ့သွားသော မောင်လိမ္မာအား အပေါ်စီးမှအုပ်၍ရိုက် ချလိုက်လေရာ၊ မောင်လိမ္မာသည်



www.burmeseclassic.com

www.burmeseclassic.com



အနီးနားရှိ သတ္တုကုလားပဲအိတ်ကြီးအား ဆွဲယူ၍ခံလိုက်သောကြောင့် သက်သာရာရသွားသော်လည်း လူမှာမူ သတ္တုကုလားပဲအိတ်နှင့်အတူ လိမ့်ထွက်သွားရလေ၏။

"ဟိတ် . . . ရပ်လိုက်ကြစမ်း"

ထိုအချိန်မှာပင် အောင်မြင်ခဲ့ညားသည့် အသံတစ်ခုပေါ်ထွက်လာသောကြောင့် မောင်လိမ္မာသည် အားကိုးတကြီးနှင့် ကြည့်လိုက်လေရာ မမျှော်လင့်ဘဲ ရောက်လာသော ဦးမာလူးအားတွေ့လိုက်ရတော့သည်။

မောင်လိမ္မာသည် ဦးမာလူးအား တွေ့လိုက်ရသောကြောင့် ပထမအားတက်သွားသော်လည်း ရုတ်ချည်းပင် အဘိုးကြီးအတွက်စိတ်ပူပန်မှုတို့ဖြစ်သွားရလေ၏။ အသက်ကြီးပြီဖြစ်သော ဦးမာလူးမှာ ဦးနှောက်မဲ့သော ကုလားများ၏ တုတ်ချက်နှင့် မသက်မသာဖြစ်သွားနိုင် သည်မဟုတ်ပါလား။

"အဘ . . . မလာနဲ့ . . . သွား . . . သွား"

မောင်လိမ္မာက စိုးရိမ်တကြီးနှင့် အော်ဟစ်ပြောဆိုသော်လည်း ဦးမာလူးကတော့ အေးအေးဆေးဆေးပင် လျှောက်လာနေသည်။ ကုလားများသည်လည်း ဦးမာလူး၏ အော်သံကြားသည့်အချိန်မှစ၍ ကြောင်တက်တက်နှင့် ရပ်တန့်သွားပြီး၊ ဦးမာလူး သူတို့ဆီသို့ လျှောက်လာသည့်အချိန်၌ မောင်လိမ္မာ လုံးဝမထင်မှတ်ထားသော အပြုအမူတစ်ခုကို ပြိုင်တူလိုပင် လုပ်လိုက်ကြသည်ကို အံ့အားသင့်ဖွယ်ရာ တွေ့လိုက်ရာဂလေတော့သည်။ ထိုအပြုအမူသည်ကား ကိုင်ထားသည့် ထမ်းပိုးတုတ်များအားလွှတ်ချလိုက်ပြီး ဦးမာလူး၏ရှေ့၌ ဒူးထောက်ထိုင်ချလိုက်ခြင်းပင်တည်း။

"အိစ္စတ်နဲ့ ယာကွတ် . . . မင်းတို့ ကောင်းကောင်းမွန်မွန်မလုပ်စားဘဲ . . . တခြားသူကို အနိုင်ကျင့် မိုက်ကြေးခွဲနေကြပြန်ပြီနဲ့တူတယ် . . . ဟုတ်စ . . . ကဲ . . . ထကြစမ်း"

"ခွင့်လွှတ်ပါ ဆရာကြီး"

တောင်းပန်သံနှင့်အတူ ကုလားနှစ်ယောက်စလုံး ဦးခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



လေးများ ငုံ့ကာ ကျုံ့ကျုံ့ရှုံ့ရှုံ့နှင့်ထရပ်လိုက်ကြ၏။ မောင်လိမ္မာသည် ဦးမာလူးနှင့် ကုလားများကိုကြည့်၍ အလွန့်အလွန် အံ့ဩနေမိလေ သည်။

"ခေါင်းမော့လိုက်ကြစမ်း"

ဦးမာလူး၏ အမိန့်ပေးသံကြောင့် နှစ်ယောက်စလုံးပင် ဦးခေါင်းများကို မော့လိုက်ကြလေ၏။ ကုလားနှစ်ဦး ခေါင်းမော့လိုက်သည်နှင့် ဦးမာလူး၏လက်များသည်လည်း မြောက်တက်သွားသည်ကို တွေ့လိုက်ရလေတော့သည်။

"ဖြောင်း . . . "

"ဟရေး . . . ဘား"

"ဖြောင်း . . . "

"အားလားလား . . . "

ဦးမာလူး၏ လက်သံသည်ကား ပြောင်လွန်းလှပေစွ။ ကုလားနှစ်ဦးမှာ ခါထွက်သွားရရှာလေသည်။

"နောက်တစ်ခါဆို ဒါထက်ပိုနာမယ် . . . မှတ်ထားကြ၊ ဟော ဒီ ငါ့တပည့်မောင်လိမ္မာ သတ္တုကုလားပဲလဲမယ်၊ မင်းတို့ နှောင့်ယှက်စရာ မလိုဘူး . . . ကြားလား"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး"

"နောက်တစ်ခု မင်းတို့ကို ငါထပ်ပြောမယ်၊ မင်းတို့ဆရာအာစစ်ကို ငါ့ဆီ မနက်ဖြန် မနက်ရှစ်နာရီအရောက် လာရမယ်လို့ ငါမှာလိုက်တယ်လို့ပြောလိုက်၊ ငါဘယ်မှာရှိတယ်ဆိုတာ သူသိတယ်၊ ကဲ . . . သွားကြတော့"

ဦးမာလူးက သွားခွင့်ပေးလိုက်သည်နှင့် ကုလားနှစ်ဦးမှာ ထမ်းပိုးနှင့်အိတ်များကို ဒရောသောပါးဆွဲပြီး မပြေးရုံတမယ် ထွက်သွားကြလေတော့သတည်း။

"အဘ . . . ပိုင်လှချည်လား ကျွန်တော်ဖြင့် ကိုယ့်မျက်စိကိုတောင် ကိုယ်မယုံနိုင်အောင်ဖြစ်ရတယ်"

မောင်လိမ္မာသည် ရယ်တဲ့ကဲ့နှင့် ဖုတ်ဖတ်ခါထကာ ဦးမာလူး



www.burmeseclassic.com

www.burmeseclassic.com



အား ခိုးမွမ်းစကားဆိုလိုက်လေ၏။

"ဒီလိုပေါ့ကွ . . . လောကကြီးမှာ ဘယ်အရာကိုမဆို ပိုင်မှ နိုင်မယ် . . . နိုင်မှ ခိုင်မယ်ပေါ့ကွ၊ မပိုင်မနိုင်ဘဲနဲ့ ကိုင်လို့တော့ ဘယ်ရမလဲ"

"အဘ သူတို့ကို အသေနိုင်ပါလား၊ ဘာဖြစ်လို့လဲ အဘ"

မောင်လိမ္မာ၏အမေးကြောင့် ဦးမာလူးသည် သူ၏ထုံးစံအတိုင်း နှုတ်ခမ်းကိုစေ့၍ တဟင်းဟင်းနှင့် ရယ်လိုက်လေ၏။

"ဒီလိုကွ မောင်လိမ္မာရဲ့ . . . ကြွက်ကို ကြောင်ကနိုင်တယ်၊ ကြောင်ကို ခွေးကနိုင်တယ်၊ ခွေးကို ကျား ခြင်္သေ့တွေကနိုင်ကြတယ် . . .၊ ဒီသဘောပဲ အခု . . . ဒီအိစွတ်တို့၊ ယာကွက်တို့ကို သူတို့ဆရာ အဇစ်က နိုင်တယ်၊ အဇစ်ဆိုတဲ့ကောင်ကိုလဲ သူ့ရဲ့အာခရီ မာမွတ်က အသေနိုင်ပြန်ရော၊ မာမွတ်ဆိုတာက ငါ့တပည့်လေ . . .၊ ငါက သေဆိုသေ . . . ရှင်ဆိုရှင် ဆိုတဲ့အကောင်မျိုးပေါ့ကွ . . . သဘောပေါက်ပြီလား"

"ဟုတ်ကဲ့အဘ . . . ဒါဆိုရင် အဘက ကျား ခြင်္သေ့ပေါ့ နော်"

"ကျား ခြင်္သေ့ ဟုတ်လား . . . ဟား ဟား ဟား ဟား"

မောင်လိမ္မာ၏စကားကြောင့် ဦးမာလူးသည် သဘောကျစွာ ရယ်လိုက်၏၊ ထို့နောက်တွင်မှ . . .

"မင်းပြောတာမှားတယ် မောင်လိမ္မာ . . . ငါက အဲဒီကျားတွေ ခြင်္သေ့တွေကိုနိုင်တဲ့ မုဆိုးကွ. . . မုဆိုး . . .၊ မုဆိုးမာလူးဆိုတာ ငါပဲ . . . ဟား ဟား ဟား ဟား. . . "

ဟု ဆိုလိုက်လေတော့သတည်း။

ထိုနေ့က မောင်လိမ္မာနှင့် ဦးမာလူးသည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ ထိုင်ဖြစ်ကြလေသည်။

"အဘ . . . ဘယ်လိုနဲ့ ဘယ်လိုရောက်လာတာလဲဗျ"

"ဒါလား . . . မင်းကိုစိတ်မချလို့ လိုက်ကြည့်နေတာပေါ့ကွာ၊ လုပ်ငန်းခွင်ဝင်ကာစဆိုတော့ ဒီလိုအဖြစ်အပျက်မျိုးတွေ ဖြစ်တတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ငါက ကြိုတင်သိပြီးသားပဲ"

မောင်လိမ္မာ၏ရင်ထဲ၌ ကြည်နူးသွားရသည်။ ဦးမာလူး မိမိအနား တွင် ရှိနေသမျှ ဘဝတစ်ခုလုံး လုံခြုံစေနိုင်သည်ဟုလည်း စိတ်ထဲမှတွေး ထင်မိလေ၏။

နောက်တစ်နေ့၌ ဦးမာလူးမှာထားသည့်အတိုင်းပင် ကုလား ဘိုင်စကုတ်မင်းသားပုံပေါက်နေသည့် အဇစ်သည် နံနက်ရှစ်နာရီတိတိ ၌ နောက်ဆုံးပေါ်ကားကြီးကိုစီးကာ သုသာန်ဇရပ်သို့ ရောက်ရှိလာခဲ့၏။ ဦးမာလူး၏ ဒွေပူဆုံးမမှုကို ခံယူပြီးနောက် သူ၏တပည့်များအတွက် အနုံးအညွှတ်တောင်းပန်ကာ ဦးမာလူးကျေနပ်သည့်အချိန်တွင်မှ အရှိ အသေပေးပြီး ပြန်သွားလေ၏။

ယခုအချိန်တွင်မှာတော့ မောင်လိမ္မာသည် အေးရာအေး ကြောင်း လုပ်ကိုင်စားသောက်နေနိုင်ပေပြီ။

မတန်မရာ လောဘသတ္တာရ မကြီးသူ၊ အပြောအဆို ယဉ်ကျေး သိမ်မွေ့သူ၊ စိတ်သဘောမနောကောင်းသူတစ်ယောက်ဖြစ်သော ကြောင့် မောင်လိမ္မာမှာ အခြားလုပ်ငန်းတူ ကုလားများထက်ပို၍ အလုပ် ပိုမိုဖြစ်၏။ ဘျပစ္စည်းအဟောင်းအမြင်း တိုလီမုတ်စ အရောင်းအဝယ် ကိစ္စများ၌ မောင်လိမ္မာ၏အမှတ်အသား ဝတဲဝယ်ဝတယ်မှာ အောင်မြင်သွားချေပြီ တည်း။

"ဝတဲဝယ်ဝတယ် . . . ကော်တွေ၊ ကြေးတွေ၊ သတ္တုတွေ ဝတဲ ဝယ်ဝတယ် . . .၊ ဘက်ထရီအိုးအပျက်တွေ ဝတဲဝယ်ဝတယ် . . .၊ စိနပ်စုတ်၊ စာအုပ်ဟောင်း၊ သတင်းစာဟောင်းတွေ ဝတဲဝယ်ဝတယ် . . . အဘ မာလူးတွေ ဝတဲဝယ်ဝတယ် . . . ဝတဲဝယ်ဝတယ်"

ငွေစကြေးစလေးများ ရှင်လာသည့် မောင်လိမ္မာသည် အသံ နှင့်ဟန်ပါ ရွှင်လျက် သုသာန်ဇရပ်ရှိရာသို့ ပြန်ရောက်လာခဲ့၏။

"မောင်လိမ္မာ . . . အသံအောင်လှချည်လားကွ၊ ငါ့ကိုပါ ဝတဲ ဝယ်ဝတယ်တော့မယ်ဆိုတော့ . . . ဒီနေ့ကြည့်ရတာ အတော်ဖောလာ ပြီထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးမာလူးတ ဇရပ်ပေါ်မှ မြေဆင်းထိုင်ရင်း ပြုံးရွှင်စွာနှင့်ပင်ဆီး ကြိုပြောလိုက်လေ၏။

"ဘာထောသလဲမမေးနဲ့ပေါ့ အဘရယ်၊ အဘပြောတဲ့အတိုင်းပဲ တိုယ်နဲ့မဆိုင်ဘူးဆိုပြီး အမှုမဲ့အမှတ်မဲ့မနေနဲ့ . . . အားလုံးကို လေ့လာထား တစ်ချိန်မှာ အသုံးဝင်လာလိမ့်မယ်ဆိုတဲ့ စကားအတိုင်းပဲ . . .၊ ဒီနေ့ ဈေးချန်တော် စွန့်ပစ်ထားတဲ့ ကားအင်ဂျင်အဟောင်းတစ်လုံး ပေါ်ပေါ် လောလောနဲ့ ရလိုက်တယ်၊ အဲဒါဝယ်ပြီး သွားရောင်းလိုက်တာ ဆယ်ဆ လောတ် မြတ်သွားတယ်ဗျ . . . ဟား ဟား ဟား ဟား"

မောင်လိမ္မာသည် လွန်စွာပျော်နေ၏။

"အေး . . . အဲဒါပဲပေါ့ကွ၊ အဲဒါ လေ့လာမှတ်သားခြင်းရဲ့ အကျိုးပဲ၊ အခု မင်းဆယ်ဆလောက် မြတ်တယ်ဟုတ်လား၊ မင်းဆီက ဝယ်လိုက်တဲ့သူက အဆတစ်ရာလောက် ပိုမြတ်သွားမယ်ကွ . . .၊ ဘာ ကြောင့်လဲဆိုတော့ ကားပစ္စည်းအဟောင်းရောင်းတဲ့သူတွေဟာ အနိမ့်ဆုံး ဈေးကိုပေးပြီး သူတို့က ဒီပစ္စည်းတွေကို လှောင်ထားလိုက်၊ တကယ့် တကယ် ဒီအမျိုးအစား၊ ဒီမော်ဒယ်ထဲက ပစ္စည်းလေးတစ်ခုကိုရမှဖြစ် မယ်ဆိုတဲ့ သူတွေနဲ့ တွေ့လို့ကတော့ ခွေးသွားစိပ်လေးတစ်ခု၊ ပင်နီယံ လေးတစ်ခု တိုတောင် မတန်တဆဈေးနဲ့ ရောင်းကြတော့တာပဲကွ . . .၊ ဒီပစ္စည်းလေး တစ်ခု ရောင်းလိုက်ရုံနဲ့ ဝယ်ထားတဲ့ အင်ဂျင်တစ်လုံးလုံး ကျေရော ဆိုပါတော့ကွာ၊ ကျန်တာကတော့ သူ့အမြတ်ကြီးပဲ . . .၊ ဒီအ လုပ်ကို လုပ်စားတဲ့ ငါ့တပည့် ကုလယ်စွပ်ပလူးဆိုရင် မြို့လယ်က ရုပ်ရှင်ရုံကြီး နှစ်လုံးကိုတောင် ပိုင်နေပြီကွ"

မောင်လိမ္မာသည် ဦးမာလူး၏ စကားများကို ခေါင်းတညိတ် ညိတ်နှင့်ပြုံး၍ နားထောင်နေ၏။ မောင်လိမ္မာသည် သွားရင်းလာ ရင်းမှပင် သုညဘဝမှ ကြွယ်ဝချမ်းသာခဲ့သူများအကြောင်းကို မသိမသာ လေ့လာခဲ့ လေရာ၊ ထိုသူများသည် အများသူငါ ကျော်လွှားခဲ့သည်များကို ဖော်ထုတ် တတ်သူများဖြစ်ကြပြီး၊ သူတကာမမြင်သည့် အကွက်များကို တွေ့၍မြင် တတ်သူများ ဖြစ်သည်ကို သတိပြုမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဘ . . . အဘအတွက် ကျွန်တော် စားစရာတွေ ဝယ်လာတယ်"

"ဟော . . ."

မောင်လိမ္မာသည် သူ၏ဂုန်နီအိတ်ကြီးထဲမှ စက္ကူနှင့်အသေအချာထုပ်ထားသော အထုပ်နှစ်ခုကို ဆွဲထုတ်ယူလိုက်၏။

"ဟောဒါက အကောင်းစား ကစွမ်းဒန်ပေါက်၊ ဒါကတော့ . . . ထမင်းစားပြီးရင် အစာပိတ်စားဖို့ ကြက်ပေါက်စီ . . . အဘရေ၊ အားရ ပါးရသာ စားပေတော့"

မောင်လိမ္မာက လှိုက်လှိုက်လှဲလှဲပြောနေသော်လည်း ဦးမာလူး၏ မျက်နှာက တည်သွားသောကြောင့် မောင်လိမ္မာသည် အမ်းတမ်းတမ်း ဖြစ်သွားရ၏။

"ဘာဖြစ်လို့လဲ အဘ"

"ဘာဖြစ်လို့လဲဆိုတော့ ဒါ . . . ငါမကြိုက်တဲ့အလုပ်တွေပဲ ကွ"

"ဗျာ . . ."

ဦးမာလူးသည် မောင်လိမ္မာအား စေ့စေ့ကြည့်လိုက်၏။

"မင်း . . . အခုလို မလိုအပ်ဘဲ ဝယ်လာတော့ ဘောဂဗေဒဆိမ်မှာ ငါတို့အတွက် ချက်ထားတဲ့ထမင်းတွေ ဟင်းတွေက ဘယ်လိုလုပ်မလဲ၊ အလကားနေရင်း အလဟဿ ဖြစ်မသွားဘူးလား"

ထိုအချိန်၌ ဦးမာလူးနှင့် မောင်လိမ္မာတို့သည် သုဘရာဇာကြီး ဦးဘောဂဗေဒအိမ်၌ လခပေးပြီး စားနေကြပြီဖြစ်သည်။

"ကျွန်တော်က တစ်ခါတလေ အဘကို ကောင်းကောင်းလေး စားစေချင်လို့ပါ"

"မောင်လိမ္မာ . . . အစားအသောက် ကောင်းတယ်မကောင်းဘူးဆိုတာ လျှာတစ်ခုကို အလိုလိုက်ပြီး ဖြစ်ပေါ်လာတဲ့ အကြောင်းအရာတွေပဲ၊ လျှာတစ်ချောင်းကို အလိုလိုက်ပြီး မစင်ကို တန်ဆာဆင်နေတဲ့ အလုပ်တွေကို မလုပ်ချင်ပါနဲ့ကွာ၊ ကဲ . . . ဒါဆိုရင် မင်းက မေးမယ် . . . ကျွန်တော်တို့ ဒီလိုပဲ ကောင်းကောင်းနေ ကောင်းကောင်းစားလို့ မရတော့

www.burmeseclassic.com



ဘုရားလား ဆိုပြီးတော့ . . . လာမယ် . . . မင်းမှာ သုံးမကုန် ဖြုန်းမကုန် အောင်ကြွယ်ဝချမ်းသာလာတဲ့နေ့မှာ စားစမ်းပါကွာ၊ ဝတ် စမ်း . . . နေစမ်း . . . စံမ်ခံစမ်း . . . . ၊ ဒါပေမယ့် အခုအချိန်မှာတော့ အလဟဿ ဖြုန်းတီးသင့်သေးဘူးကွ . . . ၊ တစ်ပြားနှစ်ပြားစုနေရတဲ့အချိန်မှာ သုံးပြား လေးပြား ကုန်နေမယ်ဆိုရင် ဆင်းရဲသား နင်းပြားဘဝက ဘယ်တော့မှ တက်မှာမဟုတ်ဘူး၊ တချို့ လူဗာလတွေက ပြောကြသေးတယ် . . . ဝမ်း အပြင်အိတ်မရှိဘူး၊ စားသာစားဆိုပြီးတော့ ပါ၊ မစားနဲ့လို့ မပြောပါဘူး အသက်ရှင်နေနိုင်ဖို့အတွက် လိုအပ်သလောက် သင့်တင့်တဲ့ အစား အသောက်ကိုတော့ အဟာရအလို့ငှာ သုံး စွဲကြရမှာပဲ၊ အပိုတွေ ဖြစ်မနေဖို့ပဲ အရေးကြီးတယ်၊ တချို့ကျတော့လဲ တရားဘာဝနာသမားလိုလို ဘာလိုလိုနဲ့ သခါရသဘော စောကြောလို့ မရဘူး၊ ကွေးသောလက် မဆန့်မီ ဆန့်သော လက်မကွေးမီ လူဘဝဆိုတာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် သမုဒ္ဒရာထက် ခဏတက်တဲ့ ရေပွက်လို ပဲ . . . ဒါကြောင့် ကောင်းကောင်းနေ ကောင်း ကောင်းစား . . . တော် ကြာ ဖုတ်ခနဲ အသက်ထွက်သွားလို့ ဟုတ်ပေ့ ဖြစ်နေဦးမယ်ဆိုတာမျိုး တွေ ပြောနေကြတယ် . . . အဲဒါမှားသကွ"

မောင်လိမ္မာသည်ကား မျက်နှာမရ ဖနောင့်ရဖြစ်နေချေလေပြီ၊ ဦးမာလူးပြောသမျှကို လိမ့်၍ ခံနေရလေ၏။

"ဘာကြောင့်လဲဆိုတော့ ကိုယ်က လောကုတ္တရာ တရားဘာ ဝနာထဲမှာ မွေ့လျော်နိုင်သေးတဲ့သူမှ မဟုတ်သေးတာ၊ လောကီချမ်းသာ ရေးအတွက် ဖုတ်ခနဲ သေမှသာ သေသွားပလေ့စေ . . . ငါတော့ ချမ်း သာအောင် လုပ်မယ်ဟေ့ . . . ၊ ငါ သူဌေးမဖြစ်သမျှ ကောင်းကောင်း မစားရ၊ မသောက်ရ၊ စံမ်မခံရရင် နေပါစေ . . . အပိုငွေ လုံးဝအကုန် မခံနိုင်ဘူးကွဆိုတဲ့ စိတ်ဓာတ်မျိုး မင်းခေါင်းထဲမှာ အမြဲတမ်း ထည့်ထား စမ်းပါ"

"ဒါဆိုရင် . . . ဒါတွေကို ဘယ်လိုလုပ်မလဲ အဘ"

မောင်လိမ္မာက ကိုင်ဆောင်ထားသည့် ဖံပေါက်ထုပ်လေးနှင့် ပေါက်စီထုပ်လေးအား မြှောက်ပြကာ မျက်နှာငယ်လေးနှင့် မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ငါ့အပေါ်မှာထားတဲ့ စေတနာကိုတော့ ငါလေးစားပါတယ်၊ တစ်ချိန်ကျရင်တော့ မင်းကျွေးတာထက်ပိုပြီး ငါစားပြမယ်၊ အခုတော့ ပါးစပ်အကျင့်ပျက်သွားမှာစိုးလို့ မစားသေးဘူးကွ . . .၊ စိတ်မကောင်းမဖြစ်နဲ့ . . . ဒီနေ့အခါနက္ခတ်နဲ့ခွေးငနီရဲ့ဇာတာကို တွက် စစ်ကြည့်လိုက်တော့ အခုအချိန်မှာ မုဆိုးရွှေအိုးရကိန်းဆိုက်နေတယ်ကွ . . .၊ ဒါကြောင့် ဒီအစားအစာတွေကို ခွေးငနီကိုသာ ကျွေးလိုက်ပေ တော့ကွာ၊ မင်းနဲ့ငါကတော့ ဖွတ်ကျော့ပြာစုကိန်းက မလွတ်သေးဘူးဆို တော့ ဘောဂအိမ်က ငါးပိချက် တို့စရာနဲ့ပဲ အရသာရှိရှိ ဝါးတီးဖွင့်ကြ ရအောင်ဟေ့. . . လာ . . . သွားစို့"

– – –



www.burmeseclassic.com

www.burmeseclassic.com

တစ်ချောင်းမှစ၍ စိန်တစ်ပွင့်အထိ ယနေ့ရှိနေသည့် ဈေးနှုန်းကို သိထားရမည်ဟု ဆိုခဲ့သော ဦးမာလူး၏စကားအတိုင်း ဆောင်လီမွှာသည် မိမိနှင့် သက်ဆိုင်မှုမရှိသည့် အဝတ်အထည်၊ အလှကုန်ပစ္စည်းများ၊ သွပ်၊ သံ၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်းများ မြင်မြင်သမျှအားလုံးကို လေ့လာမှတ်သားထားလေသည်။ တစ်ခါတစ်ရံ၌ မြို့ပေါ်ရှိဈေးတစ်ဈေးနှင့်တစ်ဈေး ကုန်ပစ္စည်းတန်ဖိုးနှုန်းထားတို့ ကွာ ဟမှုရှိနေလျှင် ဆောင်လီမွှာအဖို့ အကွက်ဆိုက်လေပြီတည်း။ သူသည် ယခု အခါ၌ ဘတ္တူကုလားပဲအလုပ်ကိုမလုပ်တော့ပါ။ ထိုမှရရှိစုဆောင်းထားသည့် ငွေကြေးလေးများနှင့်ပင် လမ်းလျှောက်ပွဲစားတစ်ပိုင်း ဖြစ်နေချေပြီ။ ထိုကဲ့သို့လုပ်ကိုင်ရာ၌ ယခင်သတ္တူကုလားပဲ့တုန်းကကဲ့သို့ စုတ်စုတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်နေလို့ မဖြစ်တော့ပါချေ။ လူနှင့်သူနှင့်တူအောင် သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ရပေသည်။ ထို့ကြောင့်လည်း ဦးမာလူးက သူကိုယ်တိုင်ပင် မောင်လိမ္မာနှင့်လိုက်ဖက်မည့် အဝတ်အစားများကို ရွေးချယ်ဝယ်ပေးလေ၏၊

မောင်လိမ္မာသည် တစ်နှစ်တာပတ်လုံး သတ္တုကုလားပဲအလုပ်တိုလုပ်ခဲ့လေရာ မျှော်မှန်းထားသည်ထက်ပင် ငွေများ ပိုမိုရရှိခဲ့လေသည်၊ ထိုအတောအတွင်း၌ အပေါင်းအသင်းမိတ်ဆွေများလည်း အတော် များများ ရရှိခဲ့ပေပြီ၊

*"မိတ်ဆွေသူငယ်ချင်း ပေါင်းတဲ့နေရာမှာတော့ ကြည့်ပြီးပေါင်းသင်းကွ . . .၊ ဟောဒီရန်ကုန်မြို့မှာ ကြွက်တွေ၊ ကျားတွေ တအားပေါတာ၊ ကြွက်ဇုတ်တွေက မွှေမယ်နှောက်မယ် မှောက်မယ်လှန်မယ် . . .၊ ကျားငစဉ်းလဲတွေက ကုတ်မယ်ဖဲ့မယ် စားမယ်ဝါးမယ် ဆိုတာချည်းပဲ ကွ၊ ဒါကြောင့် မိတ်ဆွေတု၊ မိတ်ဆွေစစ်ကို ခွဲခြားတတ်ရမယ် . . .၊မိတ် ဆွေတု မိတ်ဆွေယောင်များနဲ့ ပေါင်းသင်းဆက်ဆံမိခြင်းဟာလဲ စီးပွားဥစ္စာပျက်စီးဆုံးရှုံးခြင်းအကြောင်းရင်းတွေထဲမှာပါတယ်ကွ"*

မိတ်ဆွေများနှင့် ပတ်သက်၍ ဦးမာလူးက မောင်လိမ္မာအား ဤကဲ့သို့ ပြောဆိုသတိပေးခဲ့၏၊

*"အဘ . . . မိတ်ဆွေတုဆိုတာ ဘယ်လိုမျိုးလဲ"*

*"မင်းကို ဗုဒ္ဓမြတ်စွာက သိင်္ဂါလောဝါဒသုတ်တော်မှာ ဟောကြားခဲ့တဲ့ မိတ်ဆွေတုလေးမျိုးရဲ့အကြောင်းကို ပြောပြမယ် . . . သေသေချာချာမှတ်ထား"*

*နံပတ်တစ် . . .* *အညဒတ္ထုဟရ . . မိမိထံမှ ယူသာယူတတ်၏။မပေး၊ ပေးပြန်လျှင်လည်း အလွန်နည်းသော ဥစ္စာကိုသာ ပေး၍ မိမိထံမှ များပြားသော ဥစ္စာ ပစ္စည်း တို့ကို လိုချင်ရမ္မက်ကြီးစွာနှင့် ပြန်ယူတတ်၏၊ သူ၌ဘေးအန္တရာယ်ကြုံနေသည့်အခါမှသာ မိမိအား မှီခို၍ ဘေးဒုက္ခမှလွတ်မြောက်သွားသည့် အခါ၌ မိမိအား*



www.burmeseclassic.com

www.burmeseclassic.com



ပြန်မကြည့် သတိမရတော့ခြင်း၊ အဲဒီသူ ဟာ မိမိကို ပေါင်းသင်းခဲ့ရာမှာ သူ့ရဲ့အကျိုးစီးပွားရ လို့မှုတစ်ခု တည်းအတွက် ပေါင်းသင်းခဲ့တာပဲ . . . ဒီလိုလူမျိုးကို ရှောင်ရမယ် . . .၊

နံပတ်နှစ် . . . . ဝစီပရမ . . . ပြီးခဲ့တာတွေ၊ မဖြစ်သေးတာတွေ၊ ဖြစ်နေ ဆဲအရာတွေနဲ့ပတ်သက်ပြီး လုံးဝအခြေခံ မရှိတဲ့ စကားလုံးတွေနဲ့ ပျက်စီးရာပျက်စီး ကြောင်းဖြစ် အောင် တစ်ချိန်လုံးတပ်ပြီး မြှောက်ပင့် ပြောဆိုနေ တတ်တဲ့သူ . . . ဒီလိုလူမျိုးကိုလဲ မပေါင်း ရဘူး . . .၊

နံပတ်သုံး . . . . ကတော့ . . . အနုပ္ပိယဘာဏီ . . . အကောင်းအဆိုး ဘာကိုပဲတိုင်ပင်တိုင်ပင် သူက မင်းကို ခေါင်းညိတ် ပြလိုက်မယ် . . .၊ မိတ်ဆွေစစ်ဆိုရင်တော့မ ကောင်း တဲ့ကိစ္စတိုင်ပင်ရင် တားမြစ်မှာပေါ့ကွာ၊ သူ ကတော့ ဒီလိုမဟုတ်ဘူး၊ ဖော်လိုပဲ၊ ပြီးရင် မင်းကို အရှေ့မှာ အကြီးအကျယ်ချီးမွမ်းမယ် . . . ဒါလဲ မိတ်ဆွေတုပဲ ပေါ့ . . .၊

နံပတ်လေး . . . . ကို ပြောရမယ်ဆိုရင်တော့ အပါယသဟာယ သောက်မယ် . . . စားမယ် . . . သွားမယ် . . . လာမယ် . . . ပျော်မယ် . . . ပါးမယ် . . . ဆောင်း ကစားမယ်ဆိုတဲ့ နေရာတွေမှာသာ အဖော်သဟဲဖြ ပြီး၊ ကောင်းမြတ်တဲ့ အလုပ်အကိုင် အကျင့်အကြံ တွေနဲ့ ပတ်သက်လာရင်တော့ ရှောင်လွှဲနေတတ်သူ မျိုးတွေပဲ၊

"အဲဒီလူမျိုးကို သတိထားရှောင်ရှားပြီး ပေါင်းသင်းပေါ့ကွာ တကယ်လို့ မင်း ခွဲခြားဆုံးဖြတ်လို့ မတတ်ဘူးဆိုရင် ငါ့ဆီခေါ်လာခဲ့ . . . ငါ သူ့ရဲ့အင်္ဂါရုပ် အမူအကျင့်ကို ကြည့်လိုက်ပြီးတာနဲ့ ခက်ခဲ ခွဲခြားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပေးမယ် . . . ဟုတ်ပြီလား"

မောင်လိမ္မာသည် ဦးမာလူး၏ ဆုံးမစကားအတိုင်းပင် အပေါင်းအသင်းများအား ဒါကဲဖြတ်ရွေးချယ်၍ ပေါင်းသင်းလေ၏။ အလုပ်တိစ္စနှင့် ယှက်နွယ်သူလည်းဖြစ်၊ မိမိကလည်း အကဲခတ်မေတတ်သည့်သူလည်းဖြစ်ပါက ဆရာဖြစ်သူ အဘမာလူးနှင့် ဥပါယ်တံမျဉ် တွေ့ဆုံပေးလေ၏။ ထိုအခါ ဦးမာလူးက မောင်လိမ္မာအား နောက်ကွယ်သို့ ရောက်သောအခါ အောက်ပါစကားများနှင့် ပြန်လည်ရှင်းပြလေတော့သည်။

"မောင်လိမ္မာရေ . . . ဒီနေ့ မင်းပြတဲ့ မောင်ချွန်ဆိုတဲ့ကောင်က ငယ်ထိပ်ချွန်၊ မေးကား ရက်စက်တဲ့နေရာမှာ အဂ္ဂိလိမာလကတောင် အဘလို့ခေါ်ရမယ့် လူစားမျိုးကွ . . .၊ နောက်တစ်ယောက် အာမက် ဆိုတဲ့ တုလားကတော့ အဖျားရှူး၊ အရင်းကျယ် ခေါးမောက်မျက်နှာနဲ့ . . .၊ နှာခေါင်းကလဲ ကောက်နေတဲ့အပြင်၊ နှာပေါက်ပါ လန်နေတာ ဆိုတော့ ယုတ်မာကောက်ကျစ်တဲ့နေရာမှာ ဒေဝဒတ်ထက်တောင်သာ မယ့် လူမျိုးပဲကွ . . .၊ နောက်ဆုံးတစ်ယောက် မောင်ဖိုးစီဆိုတဲ့ ကောင်လေးကတော့ စကားပြောရင် လူကို ရဲရဲမကြည့်ဘူး၊ နှာခေါင်းထိပ်ကို ပွတ်လိုက် . . .၊ ပါးစပ်ကိုပိတ်လိုက်နဲ့ . . . မျက်လုံးတွေကလဲ ဂဏှာမငြိမ်ဘူးဆိုတော့ လစ်တာနဲ့ တောက်ပြားလုပ်မယ့်ပုံပဲကွ . . .၊ ပိုပြီးသေချာစေတာကတော့ သူ့ရဲ့လက်သန်းတွေက အတွင်းဘက် ကောက်ဝင်နေသေးတယ် . . . သတိထားပေါ့ကွာ"

သည်သို့နှင့်ပင် မောင်လိမ္မာသည် ဦးမာလူးက စိတ်ကြိုက်ရွေးချယ်ပေးခဲ့သည့် မော်လမြိုင်သား မောင်သီလှ၊ မန္တလေးသား ကိုလင်း၊ ရန်ကုန်သားများဖြစ်ကြသည့် မောင်ဘိုဘို၊ မောင်ဖုန်း အစရှိသည့် ရိုးသားဖြောင့်မတ် မှန်ကန်တိကျသည့် လူတော်လူကောင်းလေးများနှင့် မိတ်ဆွေဖြစ်ခဲ့ရလေတော့၏။

"ပဏ္ဍိတကဏ္ဍမှာ မိတ်ဆွေမရှိသောသူ ချမ်းသာမရှင်ဆိုတဲ့ စကားတစ်ခွန်းပါတယ်ကွ၊ ဒါကြောင့် မိတ်ဆွေစစ် မိတ်ဆွေမှန်ကို ရွေး



www.burmeseclassic.com

www.burmeseclassic.com



ချယ်ပေါင်းသင်းနိုင်ရမယ်၊ မိတ်ဆွေစစ်ဆိုတာ ဥပကာရ ကျေးဇူးအထူးပြုတတ်သူ၊ သမာနသုခဒုက္ခ ချမ်းသာအတူ ဆင်းရဲအတူ နေနိုင်သူ . . .၊ အတ္ထက္ခာယီ အကျိုးစီးပွားဖြစ်အောင် ပြောကြားတတ်သူ၊ အနုကမ္ပ က အကျိုးစီးပွားကို စောင့်ရှောက်တတ်သူဆိုတဲ့ စိတ်ထားနှလုံးထား ကောင်းတဲ့သူလေးမျိုးကိုဆိုတာ"

ဦးမာလူးက ပြောလိုက်လေရာ မောင်လိမ္မာက ပြုံး၍ကြည့်လိုက်ပြီး . . .

"ငါခြားသူတော့မသိဘူး . . . အဲဒီလေးမျိုးစလုံးနဲ့ ကိုက်ညီနေတာက အဘမာလူးပဲဗျ"

ဟု ပြန်လည်ပြောလိုက်လေတော့သည်။

"မိတ်ဆွေကောင်း မိတ်ဆွေစစ်ကို ရှာတဲ့နေရာမှာ ကိုယ်တိုင်ကလဲ မိတ်ဆွေကောင်း မိတ်ဆွေစစ် ကျင့်ဝတ်နဲ့ ညီညွတ်အောင်နေတတ်ရမယ်ကွ . . .၊အဲဒါတွေကတော့ ရှိသူကမရှိသူကိုပေးကမ်း ချီးမြှင့်ရမယ်၊ အဆင့်အတန်း မခွဲခြားဘဲ တန်းတူရည်တူ ဆက် ဆံရမယ် . . .၊ ကိုယ်စီးပွားဖြစ်သလို သူစီးပွားဖြစ်အောင် ဆောင်ရွက်ပေးရမယ် . . .၊ ချိုသာယဉ်ကျေးတဲ့ စကားတွေကို ပြောဆိုရမယ်၊ မှန်ကန်ဖြောင့်မတ်တည်ကြည်ရမယ်ကွ . . . "

ထိုအတောအတွင်းမှာပင် ဇာတိမြို့ရွာရှိ အိမ်နီးချင်း တစ်ဦးနှင့် ဈေးတစ်ခု၌ မမျှော်လင့်ဘဲ ဆုံကြသောကြောင့် မိခင်ဖြစ်သူ ၏ သတင်းတိုပါ ကြားသိလိုက်ရလေတော့သည်။ မိခင်ဖြစ်သူ၏ ဒေါးချက်ကြောင့် ပထွေးဖြစ်သူ ဦးမောင်ပိန်မှာ ပွဲချင်းပြီးသေဆုံးသွားကြောင်း၊ ထိုအမှု နှင့်ပင် မိခင်မှာ ထောင်ငါးနှစ်ကျသွားကြောင်း၊ မောင်ပိန်၏ညီ လူမိုက် မောင်စိန်ကတော့ အခဲမကျေဖြစ်နေကြောင်း၊ မောင်လိမ္မာ၏မိခင်မှာ ယခုအချိန်၌ အင်းစိန်ထောင်၌ ရှိနေမည်ထင်ကြောင်း စသည်တို့ကို ပြောပြသွားလေ၏။ ထိုအကြောင်းများအား ဦးမာလူးကို ပြန်လည်ပြော ပြလေရာ ဦးမာလူးက ဤသို့ဆိုလေ၏။

"မောင်လိမ္မာ . . . မင်းအမေဟာ လုံ့ခြုံစိတ်ချတဲ့ နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်ပဲ . . . ၊ဘာမှမလုပ်ဘဲနဲ့ ထိုင်ကြည့်နေတယ်၊ တစ်ရက် . . . နှစ်ရက် . . . ဆယ်ရယ် . . . ရက်နှစ်ဆယ် . . ရှမ်းတွေ က အသေအလဲ လုပ်နေသလောက် မြန်မာတွေဘက်ကတော့ ဘာအရိပ် အယောင်မှ မပြောင်သေးဘူး၊ ရှမ်းတွေကတော့ အံ့ဩနေရင်းနဲ့ပဲ သူတို့အ နိုင်ရအောင် သူတို့အလုပ် သူတို့ဆက်လုပ်နေကြတော့တယ်၊ ဒီလိုနဲ့ပဲ ဘုရားကြီး ပြီးစီးသွားပြီး နောက်တစ်နေ့မှာ အပြီးသတ် ထီးတင်မယ့်နေ့ ကို ရောက်လာ ခဲ့တယ်ပေါ့၊ အဲဒီညမှောင်တော့မှပဲ မြန်မာတွေက စပြီး လုပ်ကြတော့တယ်၊ ဝါးတွေနီးတွေနဲ့ စေတီပုံသဏ္ဍာန်ရက်လုပ်ကြတယ် . . . ၊ နှီးဖျာ၊ ဝါးရက် ပညာမှာတော့ မြန်မာတွေဟာ တစ်ဖက်ကမ်းခတ် တော်ကြတာဆိုတော့ ခဏချင်းပြီးသွားတာပေါ့၊ အဲဒီအပေါ်မှာမှ ဖျင်ဖြူ ကြီးကို ပတ်လိုက်ပြီး အပေါ်က အသင့်လုပ်ထားတဲ့ ထီးတော်ကြီးကို တင် လိုက်ကြတယ်၊ နံနက် မိုးသောက်အလင်းရောက်တဲ့အချိန်ကျတော့ အဝေး ကကြည့်ရင် ထုံးဖြူဖြူနဲ့ ကြီးမားသပ္ပာယ်တဲ့ စေတီကြီးကို ထီးတော်အ ပြည့်တင်ထားပြီးသား ရှင်းလင်းပြတ်သားစွာနဲ့ တွေ့ကြရတော့တာပေါ့ . . . ၊ ရှမ်းတွေဆိုတာ ပါးစပ်အဟောင်းသားနဲ့ စကားတောင် မပြောနိုင် ကြတော့ဘူး . . . ၊ ဒီလို တစ်ညတည်းနဲ့အပြီး စေတီကြီးပြီးအောင် စွမ်း ဆောင်နိုင်တာ နည်းတဲ့ ဘုန်းတန်ခိုးမဟုတ်ဘူး . . . ၊ သူတို့ကို နတ် သိကြားတွေက ပါဝင်ကူတာ ဖြစ်မယ်ဆိုပြီးတော့ အကြီးအကျယ် ကြောက် လန့်သွားပြီး ဘယ်ပြော ကောင်းမလဲ ထွက်ပြေးကြတာ တန်းနေတာပေါ့ . . . ဟား ဟား ဟား"

ဦးမာလူးသည် သူ့ဟာသူပြောပြီး သဘောကျကာ ရယ်လေတော့ ၏၊

"အဘဟာက . . . ဟုတ်ရဲ့လား . . ."

"ပြော် . . . ပါးစပ်ရာဇဝင်ပါဆိုမှ . . . ဒါပေမယ့် မင်းမယုံ ရင် အခု မော်လမြိုင်ရောက်တဲ့အခါ အသက်ကြီးကြီး အဘိုးကြီးအဘွား ကြီးတွေကိုတွေ့ရင် မေးကြည့် . . . ၊ အဲဒီအတိုင်းပဲ ပြောကြလိမ့်မယ် . . . ၊ စေတီတော်ကြီးရဲ့အမည်ကို ရှမ်းတွေလန်ပြီးပြေးသွားတဲ့အတွက် ကျိုက်ရှမ်းလန်၊ အဲဒီကမှတစ်ဆင့် ကာလရွေ့လျားပြီး ကျိုက်သလ္လန်ဆို ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာလို့ ပြောကြလိမ့်မယ်ကွ . . .၊ ဘာပဲပြောပြော ဒီပုံပြင် က ရှေးခေတ်မြန်မာကြီးတွေ ညာဏ်ရည် အလွန်ထက်မြက်ခဲ့တယ်ဆိုတဲ့ သဘောနဲ့ ဆိုက်ကိုလော်ဂျီပညာရပ်တွေကို ကျွမ်းကျင်လိမ္မာတဲ့သဘော ထိုပြနေတာပဲကွ"

ဦးမာလူး၏ ပုံပြင်ဆုံးသွားသည့်အချိန်၌ ကူးတို့သင်္ဘောသည် သည်း မော်လမြိုင်၊ သထုံတံတား၌ ဆိုက်ကပ်နေပြီဖြစ်လေသည်။

ထို့နောက် သူတို့သည် သင်္ဘောဆိပ်နှင့်မလှမ်းမကမ်းရှိ စံပြ အေးရပ်တွင် နေထိုင်သော ဦးမာလူး၏ သူငယ်ချင်းဖြစ်သူ ဦးဘော်ဘော် ၏ နေအိမ်သို့ သွားကြလေ၏။

ဦးဘော်ဘော်ကလည်း ဦးမာလူးအား တွေ့ရှိသောအခါ ဝမ်း သာအယ်လဲ ကြိုဆိုလေ၏။

"ဟေး . . . မသေလို့ ပြန်တွေ့ကြတာပါပဲလား . . . မာလူး ရေ"

"အေး . . . ဘော်ဘော်ရေ၊ ငါလဲ မင်းဆီလာသာလာရတယ်၊ စိတ်ကတော့ တထင့်ထင့်ပဲကွ . . .၊ ငါ့သူငယ်ချင်းဘော်ဘော်များ ငါတို့ ခေသီအောင် တိတ်တိတ်ကလေး တာဝတိံသာခရီးကို ထွက်သွားပြီလားဆို ပြီးတော့ပေါ့ . . . ဟား ဟား ဟား"

"ဘယ်သွားပါဦးမလဲ . . . သူငယ်ချင်းရယ်၊ မင်းတို့ ငါတို့ ငယ်ငယ်ကပြောခဲ့သလိုပေါ့ . . .၊ လောကကြီးမှာ ပျင်းအောင်နေသွား မယ်ဆိုတာလေ . . .၊ အခုအချိန်ထိ ငါက မပျင်းသေးဘူးကွ . . .မင်း ရော"

"မင်းလိုပဲပေါ့ကွာ . . ."

ဦးမာလူးနှင့် ဦးဘော်ဘော်တို့သည် ရှေးဟောင်းနှောင်းဖြစ်များ တို ပြောဆိုရယ်မောကြလေ၏။ ဦးမာလူး မော်လမြိုင်သို့ မရောက်သည် မှာ အနှစ်နှစ်ဆယ်ကျော်ပြီဆိုသည့်အကြောင်း၊ ထိုအတောအတွင်း အပြောင်းအလဲများ စသည်တို့ကို စကားလက်ဆုံ ပြောမကုန်နိုင်အောင်ဖြစ် နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မှ ယခုမောင်လိမ္မာနှင့်အတူ ကုန်စည်ကူးသန်းရန်အလို့ငှာ လာဖြစ်ခဲ့ကြပုံကို ပြောဖြစ်လေတော့သည်။ ထိုအကြောင်းတိုပြောသည့်အချိန်၌ ဦးဘော်ဘော်သည် အံ့ဩသွားလေ၏။

"မာလူးရယ် . . . မင်းလို ကျိုကျိုတက် ချမ်းသာတဲ့သူဌေးကြီးတစ်ယောက်က ဒီလိုအသေးအမွှား အလုပ်ကလေးတွေကို လာလုပ်ရတယ်လို့ . . . ငါဖြင့် အံ့မဆုံးဘူး"

ဦးမာလူးသည် ဦးဘော်ဘော်၏စကားကြောင့် ရယ်လိုက်၏။ ပြီးမှ . . .

"ငါ အခုမချမ်းသာတော့ဘူးကွ . . .၊ ငါ အခုဘယ်မှာနေ တယ်၊ ဘယ်လိုဖြစ်နေတယ်ဆိုတာ ငါ့ကောင်ကိုသာ မေးကြည့်ပေတော့"

ဟု မောင်လိမ္မာအား မေးထိုးပြပြီး ပြောလိုက်၏။

မောင်လိမ္မာသည် ဦးမာလူး၏ အတိတ်ဇာတ်ကြောင်းကိုမသိ ပါ။ သို့သော် ဤလူကြီးသည်ကား တစ်ချိန်တစ်ခါက အလွန်ချမ်းသာကြွယ်ဝခဲ့သည့် သူတစ်ယောက်ဖြစ်ခဲ့သည်ဆိုတာကိုတော့ ရိပ်မိနေပေပြီ။ ယခု သူနှင့်အတူ သူ့သာန်ဇရပ်၌ နေနေသည့်အကြောင်းများကို ကြားသိရသည့်အခါ ဦးဘော်ဘော်သည် ထူးဆန်းအံ့ဖွယ်ရာ ဖြစ်နေလေတော့၏။

"မယုံနိုင်စရာပါပဲလားကွာ"

"မယုံရင် ပုံပြင်လို့သာ မှတ်ပေတော့ ဘော်ဘော်ရေ၊ ကဲပါကွာ ငါ ဘယ်လိုဆင်းရဲသွားတယ်ဆိုတဲ့အကြောင်း မင်းကို နောက်ကျရင် ငါ ပြောပြပါ့မယ်၊ လောလောဆယ်တော့ ငါတို့ဒီမှာတည်းလို့ဖြစ်သလား ဟေ့"

"ဟာ . . . ဖြစ်တာပေါ့ကွာ၊ တည်းရုံခိုရုံမကဘူး ကြိုက်သလောက်နေနိုင်တယ်၊ မင်းကျေးဇူးက ငါ့မှာ အပုံကြီးရှိနေခဲ့တာပဲ၊ လွတ်လွတ်လပ်လပ်သာနေကြဟေ့ . . .၊ ငါ့ဇနီးနဲ့ သမီးကတော့ ဈေးကြီးထဲမှာ ဈေးသွားရောင်းနေကြတယ်၊ ငါ့ဇနီးလဲ မင်းကိုတွေ့ရင်ဝမ်းသာမှာပဲကွ၊ ရောက်တုန်းရောက်ခိုက် မော်လမြိုင်မှာ တပျော်သာနေသွားပေတော့ . . . အခုလို မင်းကို ပြန်လည်ပြုစုခွင့်ကြုံတာကိုပဲ ဝမ်းသာလှပါပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘော်ဘော်သည် သူ၏စကားအတိုင်းပင် ဦးမာလူးနှင့်မောင်လိမ္မာတို့ နေနေသမျှကာလအတွင်း လိုလေသေးမရှိအောင် ဧည့်ခံပြုစုလေ၏။ သူ၏ဇနီးဖြစ်သူ ဒေါ်မြသန်းနှင့် သမီးဖြစ်သူ မပြုံးပြုံးတို့မှာ လည်း စိတ်ရင်းစေတနာ ကောင်လွန်းလှချေ၏။ သူတို့သားအမိနှစ်ဦး သည် မိုးလင်းသည်နှင့် ဈေးကြီးအထည်ဆိုင်သို့ သွားကြပြီး၊ အမေက ဆိုင်ထိုင်ကာ သမီးဖြစ်သူက ဟင်းစားဖွယ်ရာများ ဝယ်ယူ၍ အိမ်ပြန်လာ ချက်ပြုတ်ပြီး ထမင်းဟင်းကျက်ပါက ဖခင်နှင့် ဦးမာလူး၊ မောင်လိမ္မာတို့အားခူးခပ် ကျွေးမွေးပြီးမှ မိခင်အတွက် ထမင်းချိုင့်ထည့်ကာ ဈေးသို့ သွားပို့ပြန်၏။ ထို့နောက် မိခင်အား ဈေးကူညီရောင်းပေးပြီး ညနေဆိုင် သိမ်းသည့် အခါမှသာ ပြန်လာတတ်ကြ၏။ မပြုံးပြုံးသည် အသက်သုံးဆယ်နီးပါး ရှိနေပြီဖြစ်သော်လည်း အိမ်ထောင်မပြုသေးဘဲ မိခင်ဖခင်များ ကိုပြုစု လုပ်ကျွေးရင်းဖြင့်သာ ကျေနပ်နေ၍ အပျိုကြီးဘဝသို့ ရောက်ရှိခဲ့သူ ဖြစ်လေသည်။

သူမသည် မော်လမြိုင်သူများ၏ ထုံးစံအတိုင်း အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းလှပ၍ တည်ကြည်ချောမောသူ တစ်ယောက်ဖြစ်၏။ သူမသည် လုပ်စရာရှိသည့် အလုပ်များကို ဇယ်ဆက် သလို လုပ်ကိုင်နေတတ်ပြီး မည်သည့်အရာကိုမှ စိတ်မဝင်စားဘဲနေတတ် သူတစ်ဦးလည်း ဖြစ်လေ၏။ သူ့ကိုကြည့်လိုက်လျှင် ခပ်ပြုံးပြုံးနှင့်တစ်ခု မဟုတ်တစ်ခု လုပ်နေသည်ကိုသာ တွေ့ရလေသည်။

မောင်လိမ္မာသည် ဦးမာလူးအား ထိုအိမ်၌ပင် ထားခဲ့ပြီး သူတတော့မူ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက္ခမီ အစရှိသည့် မြို့များသို့သွား၍ ဈေးကြီးများအတွင်း၌ ရောင်းဝယ်မြတ်စွန်းနိုင်မည့် ပစ္စည်းပစ္စယများကို သွားရောက်ကြည့်ရှု၏။

သံဖြူဇရပ်ဈေးသို့ အရောက်၌ တစ်နေရာတွင် တောင်ပုံရာပုံ ပုံထားသော မလေးရှား၊ အင်ဒိုနီးရှား၊ နိုင်ငံခြားသတင်းစာပုံကြီးကို တွေ့လိုက်လေသောအခါ မောင်လိမ္မာသည် ဝင်ရောက်စူးစမ်းလေတော့သည်။

“ဒီသတင်းစာတွေက ရောင်းမှာလား ဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းမယ် . . . အမှန်တော့ အောက်လိုင်းသွားဖြစ်ရင် ရ သလောက်သယ်လာပါဆိုလို့ ရန်ကုန်ကကုလားကုန်သည်တစ်ယောက် တမှာထားတာပဲ၊ ဒါပေမယ့် အခုအချိန်ထိ သူက ရောက်မလာတော့ ရောင်းလိုက်တာပဲ ကောင်းပါတယ်"

မောင်လိမ္မာက ပိသာဈေးနှုန်းကို မေးလိုက်လေရာ ထင်ထား သည်ထက်များစွာ အဖိုးနှုန်းချိုသာနေလေသောကြောင့် တစ်ပုံလုံးကို ဝယ်ချလိုက်လေတော့သည်။

တည်းခိုရာအိမ်ရှိရာသို့ သတင်းစာပုံကြီးတမကို ကားနှင့်တိုက် ၍ပြန်ရောက်လာသည့် မောင်လိမ္မာကိုကြည့်ပြီး ဦးဘော်ဘော်တို့မိသားစု သည် အံ့သြနေကြ၏၊

ထိုအချိန်ကာလမှာ မှောင်ခိုခေတ်ဖြစ်လေသောကြောင့် တစ် ဇာတ်နိုင်ငံများမှ လူသုံးကုန်၊ စားသောက်ကုန်၊ စက်ပစ္စည်း အစရှိသည် တို့တိုသာ အခြားကုန်သည်များသည် ကြိတ်ပုန်းသယ်ဆောင်နေကြ၍ ယခုတဲ့သို့ မောင်လိမ္မာက အသုံးဝင်မည်မထင်ရသော သတင်းစာအ ဟောင်းပုံကြီးကို ဝယ်ယူလာလေသောအခါ ထူးဆန်းအံ့ဖွယ်ရာ ဖြစ်နေ ကြခြင်းဖြစ်လေသည်၊ ဦးမာလူးကတော့ မောင်လိမ္မာ၏ လုပ်ရပ်အား ကြည့်ပြီး ပြုံး၍သာနေလေ၏၊

"မောင်လိမ္မာ . . . အဲဒါတွေက ဘာလုပ်ဖို့လဲ"

ဦးဘော်ဘော်က မနေနိုင်တော့ဘဲ မေးလိုက်၏။

"ရောင်းမလို့ပေါ့ ဦးရဲ့"

"ရောင်းလို့ရလို့လား"

"ရတာပေါ့ . . . ဒါတွေက ရွှေတွေပဲ ဘော်ဘော်ရဲ့"

နောက်ဆုံးစကားလုံးများကို ပြန်ဖြေလိုက်သူမှာ ဦးမာလူးဖြစ် လေသည်။ သူက တစ်ဆက်တည်းပင် မောင်လိမ္မာအား မေးလိုက်၏။

"မင်း . . . တခြား ဘာကုန်တွေတွေသေးလဲ"

"အများကြီးပဲ အဘ၊ အဘက ဥပဒေနဲ့ မကင်းတဲ့မှောင်ခို ပစ္စည်းတွေ မလုပ်နဲ့ဆိုလို့ . . . အဲဒါတွေကိုတော့ ကျွန်တော် မမေးလာ



www.burmeseclassic.com

www.burmeseclassic.com



ဝါဘူး . . . ၊ ကျိုက္ကမိမှာ ငါးဖောင်ရိုး၊ ငါးမြွေထိုး၊ ငါးအူမြင်းခြောက်တွေ တအားပေါတယ် . . . ၊ မုဒုံမှာကျတော့ မုဒုံရက်ထည်စောင်တွေဟာ သေချာပေါက် မြတ်မယ့်ပစ္စည်းတွေပဲဗျ"

မောင်လိမ္မာက အားပါးတရ ပြန်လည်ဖြေ၏။

"အေး . . . မင်းမဆိုးဘူး၊ ဒေသန္တရထွက်ကုန်ပစ္စည်းတွေကို နားလည်ရမယ်ကွ၊ ချက်ဆိုတာနဲ့ နားခွက်က မီးတောက်ပြီးသား ဖြစ်နေရမယ်၊ သိမ်းစွန်ငှက်လို မျက်စိလျှင်ပြီး၊ အမဲလိုက်ခွေးလို အနံ့ခံကောင်းနေမှသာ ခဏတာအတွင်း ပြိုင်ဘက်တွေကို ကျော်လွှားပြီး ကြီးပွားတိုးတက်တဲ့သူ ဖြစ်လာမှာကွ"

မောင်လိမ္မာသည် သူဝယ်လာသည့် စက္ကူများအား ဆားလာအိတ်ကြီးများနှင့် ထည့်၍ ရန်ကုန်သို့တက်မည့် ကုန်လှေကြီးတစ်စင်း၌ နဝလီခပေးပြီး တင်ဆောင်လိုက်လေသည်။

ထို့နောက် ဦးဘော်ဘော်မိသားစုအား နှုတ်ဆက်ကာ ဦးမာလူးနှင့်အတူ ရထားခရီးမှပင် ရန်ကုန်သို့ပြန်တက်လာကြလေတော့သတည်း။

— ၂ — —



www.burmeseclassic.com

www.burmeseclassic.com

ထို အခေါက်၌ မောင်လိမ္မာသည် မြိုးမြိုးမြက်မြက်လေး စားလိုတ်ရလေ၏၊ နောက်အခေါက်များ၌မူ ဦးမာလူး မလိုက်တော့ပါ။ မောင်လိမ္မာက လိုက်ရန်ခေါ်ပါသော်လည်း . . .

"မောင်လိမ္မာ . . . ကလေးဆိုတာ လမ်းမလျှောက်တတ်ခင် အချိန်မှာသာ အုပ်ထိန်းသူက လျှောက်တတ်အောင်၊ လဲပြိုမသွားအောင် လက်ကလေး၊ ကိုယ်ကလေးကို ထိန်းပေးရတာကွ၊ လျှောက်တတ်သွားရင် လွှတ်လိုက်တော့ရုပြီ၊ ပူစရာမလိုတော့ဘူး၊ သူ့ဟာသူ မနှာအောင်ထိန်း ပြီး လျှောက်သွားလိမ့်မယ်၊ ဒီသဘောပဲ မင်းလဲလမ်းကောင်းကောင်း လျှောက်တတ်နေပြီ . . . သွားပေတော့"

ဟု ပြန်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်လိမ္မာသည် နောက်အခေါက်များ၌ သူငယ်ချင်းဖြစ်သူ မောင်သိလှအား ခေါ်ဆောင်သွားလေ၏။ ယခုအချိန်၌ မောင်လိမ္မာ သည် သုသာန်ဇရပ်၌ မနေတော့ပါ။ ဤသည်မှာလည်း ဦးမာလူး၏ဆန္ဒကြောင့် ဝင်တည်း၊

*"ကုန်သည်တစ်ယောက်ဖြစ်နေပြီဆိုတော့ သုသာန်ဇရပ်မှာနေလို့ မသင့်တော့ဘူးကွ . . . ၊ မင်းကို ငါ့အိမ်ငှားပေးမယ်"*

*"အဲဒါဆို အဘလည်း ကျွန်တော်နဲ့လိုက်နေပါနော်"*

မောင်လိမ္မာက ပြောလိုက်လေရာ ဦးမာလူးသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး . . .

*"ဒါတော့မဖြစ်သေးဘူးကွ . . . ငါက လူရှင်တွေနဲ့ရှုပ်ရှုပ်ထွေး ထွေး မနေချင်လို့ လူသေတွေနဲ့ လာနေနေတာ၊ ဒါပေမယ့် ငါ. . . အဲဒီ အိမ်မှာမနေပေမယ့်၊ မင်းနဲ့ငါကတော့ အမြဲတွေနေကြမှာပါ"*

ဟု ပြန်ဖြေ၏။ မောင်လိမ္မာက အတန်တန်ခေါ်သော်လည်း ဦးမာလူးသည် မလိုက်ပါ၊ သူ၏ နေရင်းဇရပ်မှာပင်နေလေ၏။

ဤသို့နှင့်ပင် တစ်ခေါက်ပြီးတစ်ခေါက် ကူးသန်းသွားလာရင်း နှင့်ပင် လေးငါးခေါက်ခန့်ရသည့်အခါ၌ မောင်လိမ္မာသည် လှေတစ်စီး လုံးအား ပုတ်ပြတ်ငှားရမ်းနိုင်သည့်အဆင့်သို့ ရောက်လာလေတော့သည်။

ကုန်စည်နှင့်ပတ်သက်လာလျှင် မောင်လိမ္မာသည် အစုံလုပ် သူတစ်ဦးဖြစ်၏၊ မြတ်စွန်းမည်ဟု မိမိယူဆသည့်အရာမှန်သမျှကို ရဲရဲ ထင်းထင်း ဆုံးဖြတ်၍လုပ်ကိုင်လေသည်။

တစ်ခါတစ်ရံ၌ သူသည်မော်လမြိုင်ဝန်းကျင်တစ်ဝိုက်မှ ပေါများ စွာထွက်ရှိသည့် ရာသီပေါ် သီးနှံများကိုလည်း သယ်ဆောင်လာတတ်သေး ၏၊ ရေးမှ ကွမ်းသီး၊ ကြာအင်းဆိပ်ကြီးမှ သံပုရာသီး၊ ကျိုက်မရော မှ ကျွဲကော၊ နာနတ်၊ ဈေးချိုမှ ကြက်မောက်၊ ကျိုက္ကော် သိမ်ဆိပ်မှ ဒူး ရင်းသီးခြံပိုင်ရှင်ကြီးများမှာ မောင်လိမ္မာ၏ ဖောက်သည်များဖြစ်နေကြလေ တော့သည်။

ယခုတစ်ခေါက်၌မူ မောင်လိမ္မာနှင့်မောင်သိလှတို့သည် မော်



www.burmeseclassic.com

www.burmeseclassic.com



ထမြိုင်မြို့မှတစ်ဆင့် ကျိုင်းမြစ်သို့ ဆန်တက်သွားပြီး ကရင်ပြည်နယ်၊ ဘုရင်ကတိုက်ကျေးရွာမှ ထင်းမီးသွေးများကို တစ်လှေလုံးအပြည့်တင် ဆောင်လာခဲ့ကြလေ၏။

ဤပစ္စည်းများသည်လည်း ရန်ကုန်သို့ ရောက်သည့်အခါ၌ အကြီးအကျယ် မြတ်စွန်းပြန်သည်။ မောင်လိမ္မာသည်ကား ထိကိုင်လိုက်သည်နှင့် ရွှေဖြစ်သူတစ်ယောက် ဖြစ်နေချေပြီတည်း။

ကရင်ပြည်နယ်သို့ ရောက်ရှိခဲ့စဉ်အတွင်း ဦးမာလူးနှင့်ဦးဘော ဇတို့မိသားစုအား လက်ဆောင်ပေးရန် ဝယ်ယူလာခဲ့သည့် ကရင်သင်တိုင်း အကျီ၊ ကရင်လုံချည်တို့ကို ယူဆောင်ကာ မောင်လိမ္မာသည် သုသာန်သို့ ရောက် ရှိလာ၏။

ခါတိုင်းလို ဇရပ်ပေါ်၌ ဦးမာလူးကိုမတွေ့ပါ။ ထို့ကြောင့်ပင် ဦးဘောဇ၏ တဲကလေးသို့ ဆက်၍လျှောက်လာခဲ့တော့သည်။

*"ဟော . . . သူဌေးလေးပါလား၊ အဘရေ သူဌေးလေး တိုလိမ္မာလာတယ်တော့"*

ရေတွင်း၌ရေငင်နေသည့် ရွှေပြည်ချမ်းသာက မောင်လိမ္မာအားတွေ့သည်နှင့် တဲပေါ်သို့ လှမ်းအော်ပြောလိုက်သည်။ မောင်လိမ္မာ က ရှက်ရယ်ရယ်လိုက်ပြီး . . .

*"ပြည်ချမ်းသာကလဲ . . . လုပ်ချလိုက်ပြန်ပြီ၊ ကျွန်တော်သူဌေး* ဖြစ်သေးပါဘူးဗျာ"ဟု ဆိုလိုက်လေသည်။

မောင်လိမ္မာ၏ မျက်လုံးများထဲ၌ ဆံရစ်ဝိုင်းလေးကားကား၊ သနပ်ခါးဘဲကြားနှင့် တစ်တစ်ရစ်ရစ် ကျစ်ကျစ်လျစ်လျစ် ရွှေပြည်ချမ်း သာလေးမှာ တစ်နေ့တခြား ပိုပို၍လှလာသယောင် ထင်မြင်နေမိလေ၏။

*"တကယ်ပြောတာ . . . ကိုလိမ္မာက တစ်နေ့တခြား သူဌေး နဲ့ပိုပိုတူလာတယ်၊ အသားအရေကအစ စိုပြည်လို့"*

ရွှေပြည်ချမ်းသာက ပြောလိုက်လေရာ မောင်လိမ္မာကလည်း နောက်ချင်လာသည်နှင့် . . .

*"ပြည်ချမ်းသာကတော့ တစ်နေ့တခြား ဘိုင်စကုတ်မင်းသမီး နဲ့*



www.burmeseclassic.com

www.burmeseclassic.com



တုတုလာတယ်ဗျ"

ဟုပြောလိုက်လေရာ ရွှေပြည်ချမ်းသာ၏ မျက်နှာ၌ ရှက်သွေးများ ဖြာသွားလေတော့သည်။

"ဟုတ်ဘဲနဲ့"

"အဟုတ်ပြောတာ"

"မောင်လိမ္မာ . . . အထုပ်တွေအပိုးတွေနဲ့ပါလား . . .၊ ဘာတွေလဲကွ"

ဦးမာလူးက တဲပေါ်မှ လှမ်းမေးလိုက်သောကြောင့် စကားစတို့ ပြတ်သွားရသည်။ မောင်လိမ္မာသည် တဲပေါ်သို့ တက်သွားပြီး . . .

"အဘတို့အတွက် လက်ဆောင်၊ ကရင်ပြည်နယ်ရောက်တုန်း ကရင်သင်တိုင်းအင်္ကျီတွေ၊ ပုဆိုးတွေ ဝယ်လာခဲ့တယ်၊ ဒါက အဘအ တွက်၊ ဒါက အဘဘောဂအတွက်၊ ဒီကလေးဝတ်စုံလေးက ပြည့်စုံလေး အတွက်၊ ဒီအမျိုးသမီးဝတ်စုံက ပြည်ချမ်းသာအတွက်"

ဟု ပြောပြီး ခွဲတမ်းချကာ ဝေပေးလိုက်၏။ ပြည့်စုံကြွယ်ဝ ကလေးက . . .

"သား . . . အခုပဲဝတ်တော့မယ်" ဟုပြောပြီး ကောက်စွပ်လေတော့သည်။

ရွှေပြည်ချမ်းသာကတော့ သင်တိုင်းအင်္ကျီလေးအား သူ၏ကိုယ်၌ ကပ်လိုက်ပြီး . . .

"အင်္ကျီလေးက လှလိုက်တာ"ဟု ဆိုလေ၏။

မောင်လိမ္မာသည် ရွှေပြည်ချမ်းသာအားကြည့်ပြီး "လှလဲလှပါတယ်ဗျာ"ဟု စိတ်ထဲမှ ဆိုနေမိလေသည်။

"သူဌေးလေး . . . ဒီတစ်ခေါက် ဘာကုန်တွေသယ်လာသလဲ"

"ဟာ . . . အဘမာလူးကလဲ နောက်နေပြန်ပြီ"

"နောက်တာမဟုတ်ပါဘူးကွ . . . ပညတ်သွားရာနောက်သတ်ပါဆိုတဲ့စကားရှိတယ်၊ ဒါတောင်မှ ငါခေါ်တာက နိမ့်နေသေးတယ် . . . မင်းက ငယ်သေးလို့ သူဌေးလေးလို့ခေါ်တာ . . .၊ အမှန်ဆိုရင် သူဌေးကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုခေါ်ရမှာကွ . . . ဟား ဟား ဟား"

မောင်လိမ္မာက ကညင်ကတိုက်မှ ထင်းမီးသွေးများ သယ်ဆောင်လာပုံ၊ ရောက်သည်နှင့် ရောင်းချပြီးစီးသွားပုံတို့ကို ပြန်ပြောပြလေ၏။

"ဘောဂရေ . . . ငါ့ကောင်ကတော့ ဘာအကွက်မြင်သလဲ မမေးနဲ့၊ သိပ်မကြာခင် ဒီကောင် သူဌေးကြီးဖြစ်တော့မှာကွ"

မောင်လိမ္မာသည် ဦးမာလူးက ပြောင်ကြီးချီးမွမ်းနေသော ကြောင့် ဖျက်နှာမထားတတ်အောင်ဖြစ်နေ၏။

"ကိုလိမ္မာ သူဌေးကြီးဖြစ်ရင် သမီးတို့ဆီလာတော့မှာမဟုတ်ဘူးထင်တယ် အဘရေ"

"ဟာ . . . မဟုတ်တာဗျာ၊ အဘတို့က ကျွန်တော့်ကျေးဇူးရှင်တွေပဲ၊ အမြဲလာရမှာပေါ့ . . . ၊ ဖြစ်နိုင်ရင် နေခွင့်ရရင် ဒီမှာတောင် တစ်သက်လုံးလာနေဦးမှာ"

မောင်လိမ္မာက ရွှေပြည်ချမ်းသာအားကြည့်ပြီး ပြောလိုက်လေ ရာ သူငယ်မက ဖက်ကလေးကို ပုလိုက်ပြီး ဖျက်ခနဲ မျက်စောင်းထိုးလိုက် ၏။

ထိုနေ့က မောင်လိမ္မာသည် ဦးဘောဂတို့တဲမှာပင် အချိန်ကြာကြာ စကားပြောရင်း ညစာထမင်းစားပြီးမှ အိမ်သို့ပြန်လာခဲ့၏။ ညပင်အတန်ငယ် မှောင်နေပေပြီ။ လတစ်ခြမ်းပဲ့ ပြုံးယဲ့ယဲ့ကလေး အနီးအပါး၌ တဖျပ်ဖျပ်လင်းလက်နေသည့် ကြယ်စင်ကလေးများက ခစားနေသယောင်ထင်မြင့်ရလေ၏။

မောင်လိမ္မာသည် တစ်ကိုယ်တည်း အတွေးနယ်ချဲ့ကာ လမ်းလျှောက်၍ ပြန်လာခဲ့လေ၏။ မိမိအိမ်မှ ထွက်ပြေး၍ ဦးမာလူးနှင့်တွေ့ဆုံခဲ့သည်မှာ နှစ်နှစ်ကျော်လာခဲ့ပေပြီ။ မိမိသည် အစုံလုပ်သတ္တဝါတစ်ကောင်အနေဖြင့် နှစ်နှစ်ကာလ ကျော်ဖြတ်လာခဲ့သည်မှာ ထင်ထားသည်ထက်ပင် ပိုမိုအောင်မြင်မှုများကို ရရှိခဲ့လေ၏။

ဦးမာလူးနှင့် စတင်တွေ့သည့်အချိန်၌ ဆေးလိပ်တိုအောက်ဆောက်ရသည့်ဘဝကို တွေးမိပြီး တစ်ယောက်တည်း ပြုံးလိုက်မိ၏။ ယခု



www.burmeseclassic.com

www.burmeseclassic.com



အချိန်၌မှ မိမိဆေးလိပ်မသောက်တော့ပါ။ စတင်အလုပ်လုပ်သည့်နေ့ မှစ၍ ဆေးလိပ်ဖြတ်လိုက်သည်မှာ ယခုအထိပင် ဖြစ်လေသည်။

ထို့နောက်အတွေးများက ရွှေပြည်ချမ်းသာထံသို့ ရောက်ရှိသွား ပြန်လေ၏။ ကောင်မလေး ရုတ်တရက်ကြည့်ရင်တော့ ပေတလူးလေး၊ အသေအချာကြည့်တော့ ညိုညိုညက်ညက်လေးနဲ့ အချောသားပဲ၊ ဒီလို မျက်နှာမျိုးလေးတွေက တစိမ့်စိမ့်ကြည့်လေ တသိမ့်သိမ့်ရင်ခုန်ရလေ ဆိုတာ မျိုးပဲ၊ ငါနဲ့သာ ချစ်သူဖြစ်ကြရင်တော့ . . . အင်း . . . ဒါပေ မယ့် သူ့မျိုးရိုးက . . . အို . . . မျိုးရိုးတွေဘာတွေ လျှောက်တွေးနေလို့ . . . ငါတရော ဘာကောင်မို့လို့လဲ . . . တောင်စဉ်ရေမရ အတွေးများနှင့်ပင် အိမ်သို့ပြန်ရောက်ခဲ့လေတော့၏။

လူငယ်တို့၏ နှလုံးသားသည်ကား ဆန်းကြယ်လှပေစွ၊ မမျှော် လင့်သည့်အချိန်၌ အချစ်သည် ဒိုင်းခနဲပေါ်လာတတ်၏။ မည်သူတားဆီး ၍ရနိုင်ပါအံ့နည်း။

မောင်လိမ္မာသည် အိပ်ကပ်ထဲမှ သော့တွဲကို ထုတ်လိုက်ပြီး ခြံဝင်းတံခါး၌ ခတ်ထားသည့် သော့ခလောက်အား လှည့်၍ဖွင့်လိုက်၏။ ထိုအချိန်မှာပင် တဖျပ်ဖျပ် ပြေးလွှားလာသည့် ခြေသံတစ်ခုကို ကြား လိုက်ရ ၍ လှည့်ကြည့်လိုက်လေရာ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက် ရလေ သည်၊ လမ်းတစ်ခုလုံးမှာ ထိုအမျိုးသမီးမှလွဲ၍ ရှင်းလင်းနေလေ၏။ ဘာများ ဖြစ်တာပါလိမ့်ဟု တွေးရင်း ငေးကြောင်ကြည့်နေသည့် မောင်လိမ္မာ၏ အနီးသို့ အရောက်၌ ထိုအမျိုးသမီးသည် မောင်လိမ္မာအား တွန်းဖယ်ပြီး ခြံဝင်းထဲသို့ စွတ်ရွတ်ပြေးဝင်သွားလေတော့သည်။

*"ဟော့ . . . ဟော့ . . . ဘာလုပ်တာလဲ"*

မောင်လိမ္မာသည် မိမိခြံဝင်းထဲသို့ ဘာမပြောညာမပြောဘဲ စွတ်ရွတ်ဝင်သွားသောကြောင့် ဒေါသဖြစ်ပြီး လှမ်းအော်ကာ အမျိုးသမီး နောက်သို့ ပြေးလိုက်သွားမိ၏။ အမျိုးသမီးသည် ပုဏ္ဏားကွယ်၌ ကိုယ်အား ကိုပုပြီး ပုန်းနေလေသည်။

*"ကျွန်မကို ကယ်ပါရှင် . . . ကျွန်မကို ဟိုလူတွေ လိုက်သတ်*



www.burmeseclassic.com

www.burmeseclassic.com



နေတယ်"

"ဘယ်သူတွေလဲ"

သူ့အနီးသို့ရောက်သည်နှင့် အမျိုးသမီးထံမှ တုန်လှုပ်ချောက်ချားနေသည့် စကားသံတို့ထွက်ပေါ်လာလေသည်။

"ဟို . . . ဟို . . . လူဆိုးတွေ၊ ကျွန်မ သူတို့ကို မျက်ခြည်ပြတ်ပြီး ထွက်ပြေးလာတာ၊ ကျွန်မကိုကယ်ပါရှင် . . . ဟိုခြံတံခါးကြီးကို ပိတ်ထားပေးပါ"

မောင်လိမ္မာသည် ဒုက္ခဖြစ်သူအား လျစ်လျူရှုမထားတတ် သည့်စိတ်ဓာတ်ရှိသူဖြစ်သောကြောင့် ခြံတံခါးကို သွားရောက်၍ ပိတ် ပေးလိုက်၏၊ အပြင်လမ်းဘယ်ညာသို့ ခေါင်းပြူ၍ ကြည့်လိုက်လေရာ မည်သူတစ်စုံတစ်ယောက်ကိုမျှမတွေ့ရလေသောကြောင့် စိတ်အေးလက် အေးပင်ပြန်လျှောက်လာခဲ့၏။

ထို့နောက် အိမ်တံခါးသော့ကို ဖွင့်လိုက်သည်၊ အိမ်ထဲသို့ သူဝင်လိုက်သည်နှင့် အမျိုးသမီးသည်ကပ်ဝင်လာပြီး အိမ်တံခါးကိုပိတ်လိုက် ၏။

"မီးပိတ်ထားရင်ကောင်းမယ်"

အမျိုးသမီးက အိမ်ဧည့်ခန်း၌ ထွန်းထားသည့် ခြောက်ဆယ် အားမီးလုံးလေးကို လက်ညှိုးထိုးပြီး ပြောလိုက်၏။

"အပြင်မှာ ဘာမှမရှိဘူး . . . ၊ ဘယ်သူ့ကိုမှလဲ မတွေ့ရဘူး ခင်ဗျားဘာကိုကြောက်နေတာလဲ"

မောင်လိမ္မာက ခပ်ဆတ်ဆတ်မေးလိုက်လေရာ အမျိုးသမီး သည် တုန်ယင်စွာနှင့်ပင် . . .

"ကျွန်မ မလိမ်ပါဘူးရှင် . . . သူတို့တွေရင် ကျွန်မကို တကယ် သတ်လိမ့်မယ်"

"ဘယ်သူတွေလဲ"

"ကျွန်မကို ခေါ်လာတဲ့သူတွေ"

အမျိုးသမီးသည် ညဥ့်ငှက်တစ်ကောင်ဖြစ်မှန်း မပြောဘဲနဲ့သိသာလေ၏။ သူမထံမှ အပေါ်စား ပေါင်ဒါမျက်နှာချေနံ့တို့ မထောင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထနေလေသည်။ သူမသည် သူ့ထက် အသက်လေးငါးနှစ်ပိုကြီးပေလိမ့်မည်။ လည်တုပ်ပေါ်သို့ ဝဲကျနေသည့် ဆံပင်ကို ဖြန့်ချထားပြီး အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် ကိုယ်လုံးကိုယ်ပေါက် အချိုးအစားပြေပြစ် သော သူမသည် ကြည့်ကောင်းသူတစ်ယောက်တော့ ဖြစ်လေ၏၊ ဝဲဘက် ပါးပြင်ပေါ်ရှိ ထင်ရှားသည့် မှဲ့နက်တစ်လုံးက သူမကို ပို၍ပေါ်လွင်စေသည်။ သူမသည် တံခါးပေါက်သို့ လျှောက်သွားပြီး ဟနေသည့်အပေါက်လေးမှ အပြင်ဘက်သို့ ချောင်းကြည့်နေလေ၏။

"ဟော . . . ဟော . . . ဟိုမှာ"

သူမ၏ တီးတိုးစကားသံကြောင့် မောင်လိမ္မာကလည်း ချောင်းကြည့်လိုက်လေရာ အိမ်ရှေ့မှ ဖြတ်သွားသည့် လူသုံးယောက်ကို တွေ့လိုက်ရ၏။ ထိုသူများသည်ကား အေးအေးဆေးဆေးပင် လျှောက်သွားလေသည်။

"သူတို့ပုံက ခင်ဗျားကို လိုက်ရှာနေတဲ့ပုံမျိုးလဲ မဟုတ်ပါလား"

"သူတို့က သွေးအေးအေးနဲ့ ရက်စက်တဲ့သူတွေရှင့်"

မောင်လိမ္မာသည် ဘာမှမပြောဘဲ ပြန်လှည့်လာလိုက်၏။ ထို့နောက် အခန်းထဲရှိ ခုံတစ်လုံးပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

"အဲဒါက အကြောင်းမဟုတ်ဘူး . . . ခင်ဗျားဒီမှာ အိပ်လို့တော့မရဘူးနော်၊ ကျွန်တော်က ဒီမှာတစ်ယောက်တည်းနေတာ"

"ဟင် . . . ဒါဆိုရင် ရှင်က ကျွန်မကို သေတွင်းထဲပြန်ပို့မှာပေါ့"

"ဟာ . . . ခင်ဗျား ဘာတွေပြောနေတာလဲ၊ အခု . . . သူတို့သွားပြီ၊ တော်ကြာကျရင် ခင်ဗျားလဲ ကိုယ့်အိမ်ကိုယ်ပြန်တော့ပေါ့"

အမျိုးသမီးသည် မောင်လိမ္မာ၏ရှေ့၌ ထိုင်ချလိုက်၏။

"သူတို့ ပြန်မှာမဟုတ်ဘူး၊ ကျွန်မကို စောင့်နေကြမှာ တွေ့ရင် သတ်ကြမှာ အဟုတ်ဟုတ်"

ပြောရင်းဆိုရင်းမှာပင် တသိမ့်သိမ့် ရှိုက်ငိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လိမ္မာသည် ငိုယိုနေသော အမျိုးသမီးကိုကြည့်၍ အမေ့ကို ဖျတ်ခနဲသတိရလိုက်မိ၏။ အမေလည်း ဒီလိုပဲ . . . ဒါမျိုးတွေကြုံတွေ့ခဲ့ရမှာပဲဟု တွေးမိရင်း အမျိုးသမီးကို သနားသွားမိလေသည်။

*"ကဲ . . . ထားပါတော့၊ ခင်ဗျား ဒီမှာ ဒီည အိပ်မယ်ဆို တော့ ဘယ်မှာအိပ်မှာလဲ"*

အမျိုးသမီးသည် ငိုကြွေးခြင်းအား ရပ်တန့်လိုက်ပြီး အသနားခံသော မျက်လုံးများနှင့် မောင်လိမ္မာအား မော့၍ကြည့်လိုက်၏။

*"ကျွန်မကို ဘယ်မှာပဲသိပ်သိပ် ဖြစ်ပါတယ်ရှင်၊ ကျွန်မကို လက်ခံတယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ"*

မောင်လိမ္မာသည် အမျိုးသမီးအား စိတ်မကောင်းဖြစ်စွာနှင့် ကြည့်လိုက်၏။

*"ခင်ဗျား . . . ဒီအလုပ်လုပ်စားနေတာ ကြာပြီလား"*

*"ရှင် . . . ကျွန်မဒီအလုပ်လုပ်စားနေတာ မဟုတ်ပါဘူးရှင်၊ မတရားစေခိုင်းခြင်း ခံနေရတာပါ"*

မောင်လိမ္မာ၏ ရင်ထဲ၌ ကျဉ်ခနဲဖြစ်သွားရ၏။ အမေ့လိုပါပဲလား။ဤကဲ့သို့ အမျိုးသမီးတစ်ယောက်၏ဘဝကို ပျက်စီးနစ်မွန်းသွားအောင် အနိုင်ကျင့်စော်ကားခိုင်းစေသူများကို မောင်လိမ္မာသည် နုပ်နုပ်စဉ်းဝစ်ချင်နေမိလေ၏။ ထိုလူယုတ်မာများအား ကမ္ဘာမြေပေါ်၌ အ လေးခံပြီး တင်မထားစေချင်ပါ။

*"ဒီည ဒီမှာနေတာတော့ ဟုတ်ပါပြီ၊ မနက်ကျရင် ဘယ်သွားမလဲ"*

*"ကျွန်မ ဘယ်လိုလုပ်ရမလဲမသိဘူး၊ ဟိုကိုပြန်လို့မဖြစ်ဘူး . . . ကျွန်မကို နှိပ်စက်ကြမယ်၊ ဒီကနေ ထွက်ပြေးပြီး ရွာပြန်လို့လဲ မ ဖြစ်ပြန်ဘူး၊ ပထွေးက ကျွန်မကို ပိုပြီးငြိုးတော့မှာပဲ"*

ပထွေးဆိုသည့်စကားကြောင့် မောင်လိမ္မာသည် ဦးခေါင်းထောင်သွား၏။

*"မင်းလဲ . . . ပထွေးနဲ့ပါပဲလား"*



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကျွန်မ ပထွေးက အသေဆိုးပြီး၊ အမေ့ကို အရမ်းနိုင်တယ်၊ ကျွန်မကိုလဲ ကျားချောင်းသလို တစ်ချိန်လုံး ချောင်းနေတာ . . .၊ အဲဒါကို အမေကသိရက်နဲ့ မပြောရဲဘူး"

"အင်း . . . ဒီလိုမျိုးတွေပါပဲလား"

မောင်လိမ္မာသည် မိမိ၏ပထွေးဖြစ်သူ မောင်ပိန်၏မျက်ခွက်ကြီးကို ကွက်ခနဲ ပြန်မြင်လိုက်လေ၏။

"ဒါနဲ့ . . . မင်း အိမ်ကနေ ထွက်ပြေးလာတယ်ဆိုပါတော့"

"အင်း . . . ထွက်ပြေးချင်လို့တော့ မဟုတ်ဘူး၊ တစ်နေ့ အမေမရှိတုန်း ကျွန်မကို အတင်းအဓမ္မကြံတာနဲ့ ကျွန်မလဲ ရှန်းကန်ပြီးအနားမှာရှိတဲ့ ပုလင်းတစ်လုံးနဲ့ သူ့ခေါင်းကိုရိုက်ခဲ့ပြီး ထွက်ပြေးလာခဲ့တာပဲ၊ ပထွေးရန်ကတော့ လွတ်ခဲ့ပါရဲ့၊ ဒါပေမယ့် ဒီမှာ ကျားစေဥ်းလဲထက် ပိုပြီး ယုတ်မာကောက်ကျစ်ရက်စက်တဲ့ မြေခွေးတွေ ဝံပုလွေတွေနဲ့ တွေ့ရတော့တာပါပဲ"

မောင်လိမ္မာသည် မိမိကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ရသည့် ဘဝမျိုးပေမို့ အမျိုးသမီး၏စကားကို ယုံလေ၏၊ အမျိုးသမီး၏ စကားလုံးများက သူ၏ရင်ကို တစစ်စစ်နာကျင်စေလေ၏။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"ရွှေမိပါရှင်"

"မရွှေမိ . . . ဒီည ကျွန်တော့်အခန်းထဲမှာပဲ စိတ်ချလက်ချ အိပ်ပါ၊ အထဲက တံခါးချက်ပါ ချထားလိုက်ပေါ့"

"ရှင်ကရော"

"ကျွန်တော်ကတော့ ဒီအပြင်မှာပဲ အိပ်ပါ့မယ်"

"အားနာလိုက်တာရှင် . . . ကျွန်မအပြင်မှာ အိပ်ရင်လဲ ဖြစ်ပါတယ်"

"ရပါတယ်ဗျာ . . . ခင်ဗျားက မိန်းကလေးပဲ၊ အထဲမှာသာ အိပ်စမ်းပါ၊ မနက်ကျမှ ဘယ်ကိုသွားမယ် . . . ဘာတွေလုပ်မယ်ဆို တာ ဆက်ဆွေးနွေးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် မောင်လိမ္မာသည် ဖျာတစ်ချပ်နှင့် ခေါင်းအုံးတစ် လုံး စောင်တစ်ထည်ကို ထုတ်ပြီးနောက် အပြင်မှာပင် ကွေးလေတော့ သည်။ ထိုညက မောင်လိမ္မာသည် တော်ရုံနှင့် အိပ်မပျော်ပါ။ သူသည် သူတို့ ကြုံတွေ့ခဲ့သည် ပုစ္ဆာများအား အဖြေထုတ်၍ ကြည့်နေမိလေ၏။ မိသားစု တစ်ခု၌ ဤကဲ့သို့ အဖြစ်မျိုးတွေ အဘယ်ကြောင့်ဖြစ်ပေါ်ခဲ့ရသ နည်း။ ဤကဲ့သို့ အဖြစ်ဆိုးများ မကြုံတွေ့အောင် တားဆီး၍မရနိုင်ပါပြီ လော။

ဆင်းရဲမွဲတေမှုကြောင့်လား၊ မဖြစ်နိုင်ပါ။ အနည်းငယ်တော့ ပါဝင်ပေလိမ့်မည်။ ဆင်းရဲနွမ်းပါးမှုကို အန်တုကြံ့ကြံ့ခံ၍ မယိမ်းမယိုင် လုပ်ကိုင်စားသောက်နေကြသော၊ ဘဝအပျက်မခံသော မိသားစုများများ စွာ တွေ့ခဲ့ဖူးပါသည်။ အဖြစ်နိုင်ဆုံး အဖြေကို တွေးလိုက်တော့ ခပ်ရေး ရေး ပေါ်လာသည်။ လွဲမှားသော အိမ်ထောင်ရေးများကြောင့်ပင်တည်း။ အိမ်ထောင်တစ်ဆက်တည်း သည်လင်သည်မယား၊ သည်သားသမီးများ သာ ဆိုပါက မည်မျှဆင်းရဲသည်ဖြစ်စေ ဤလိုဘဝမျိုးရောက်အောင်အ ဖြစ်မခံနိုင်ကြပါ။ နောက်လင်၊ နောက်မယား၊ ပထွေး၊ မိထွေးများ ဖြစ်လာ ကြလေသောအခါ အပြစ်မဲ့သော သားသမီးတို့မှာ မြေဇာပင်ဖြစ်ကြရတော့ ၏။ ထိုပထွေး၊ မိထွေးတို့နှင့် သားသမီးများ ထပ်မံထွန်းကားပါကပထမ အိမ်ထောင်ပါ သားသမီးတို့မှာ ပို ဒုက္ခခံရလေတော့သည်။ အမေရင်း အမေရင်းတွေကိုယ်တိုင်က နောက်အိမ်ထောင်နှင့် မွေးသည့် ကလေးတို့ ပိုမိုအချစ်ပိုကြသည်ကို အများအပြား တွေ့ဖူးကြပါလိမ့်မည်။ ထိုအခါ ပထမသားသမီးတို့၏ စိတ်များသည် သိမ်ငယ်လာပြီးနောက်သေလွင့်တုန် ကြလေတော့သည်။ ထိုအခါ မဖြစ်သင့်၊ မဖြစ်ထိုက်သည်တို့ ဖြစ်ပေါ်လာ ကြလေတော့သည်။

မြန်မာနိုင်ငံသည် တစ်လင်တစ်မယားစနစ်ကို စွဲစွဲမြဲမြဲ ကျင့် သုံးခဲ့သော အလွန်တရာ ယဉ်ကျေးသိမ်မွေ့သည့် နိုင်ငံဖြစ်လေသည်။

သို့သော် ယခုအချိန်၌မူ တချို့သော ယောကျ်ား၊ မိန်းမတို့ သည် လွယ်လွယ်ကူကူ အိမ်ထောင်သားမွေးကြ၍ လွယ်လွယ်ကူကူ ဆုံးဖြတ် လွယ်လွယ်ကူကူပင် ပြတ်စဲကြကာ တစ်ပင်မလဲသေးမီမှာပင် တစ်ပင်ထူ



www.burmeseclassic.com

www.burmeseclassic.com



ကြွတာ နောင်ခါလာ နောင်ခါဈေး၊ လတ်တလောငါသာယာဖို့ အ တွက် ငါလုပ်ချင်တာလုပ်မည်ဟူသည့် တစ်ယူသန်တဇောက်ကန်းစိတ် ထားများ ကြောင့် မွေးဖွားလာသည့် မျိုးဆက်သစ်တို့မှာ များစွာနစ်နာကြရ လေတော့ သည်။ ဤသည်တို့မှာ မျက်စိတစ်ဆုံးမကြည့်ဘဲ မျက်တောင် တစ်ဖျားသာ ကြည့်တတ်ကြသည့် တစ်ဘို့တည်းသမားများ၏ မိုက်မဲမှု ကြောင့် ဖြစ်ပေါ် လာသည့် ဇာတ်လမ်းဆိုးများပင် ဖြစ်လေတော့သည်။

အချို့သော အမျိုးသမီးများမှာမူ အမျိုးသမီးသဘာဝအားငယ် စိတ်တို့နှင့် တစ်ပင်လဲသည့်အခါ၌ အားကိုးအားထားပြုရာ အခြားအပင် တစ်ပင်ကို ကောင်းလိမ့်နိုးနှင့် ထူမိကြလေသည်။ ထိုအခါ သူမထူလိုက် သည့် အပင်သည် မည်သည့်နေရာတွင်မှ အသုံးမဝင်၊ အသုံးမကျသည့် အဆိပ်ပင်တစ်ပင်ဖြစ်နေလေသောအခါ နာကြည်းဖွယ်ရာ အ ဖြစ်ဆိုးတို့နှင့် တည့်တည့်တိုးမိကြလေတော့သည်။ မောင်လိမ္မာ၏မိခင် ဒေါ်သီတာမှာ ထိုအမျိုးအစားထဲ၌ ပါဝင်၏။

မောင်လိမ္မာသည် မိမိလက်ထက်တွင်မူ မိမိနှစ်သက်၍ရွေး ချယ်ထားသည့်သူသည် မည်သို့ပင်ဖြစ်စေ အတတ်နိုင်ဆုံး သည်းခံ၍ တစ်လင်တစ်မယားစနစ်ကိုသာ စွဲစွဲမြဲမြဲထူထောင်မည်ဟု ဆုံးဖြတ်လိုက် လေသည်။

ထိုညက မောင်လိမ္မာသည် တောင်တောင်အီအီ စဉ်းစားရင်း ဘယ်လူးညာလှိမ့်နှင့်ပင် ညဉ့်အတော်နက်သည့်အချိန်တွင်မှ အိပ်ပျော် ဖြစ်လေ့တော့သည်။

နံနက်မိုးစင်စင်လင်းမှပင် မောင်လိမ္မာသည် အိပ်ရာမှ နိုးတော့၏။ သူသည် နိုးနိုးချင်းပင် ညက ကူညီကယ်တင်ခဲ့သော မရွှေမိကို သတိရသွားမိ သည်၊ မရွှေမိအိပ်နေသည့် အခန်းသည်ကား စေ့ထားဆဲပင် တည်း။ မောင်လိမ္မာသည်မျက်နှာသစ်၊ရေမိုးချိုးပြီးသည့်အချိန်ထိ မရွှေမိ ၏အရိပ် အယောင်တို မတွေ့ရပါ။ ထို့ကြောင့် မောင်လိမ္မာသည် မရွှေမိ၏ တံခါးကို ဝုတ်၍ နှိုးလိုက်လေရာစေ့ထားသော တံခါးသည်ပွင့်ဟသွား တော့သည်။

— — —

www.burmeseclassic.com

www.burmeseclassic.com

မှင် လိုက်ရသည့် မြင်ကွင်းကြောင့် မောင်လိမ္မာ၏ မျက်လုံးတို့ သည် ဇီးကွက်ပမာ ပြူးကျယ်သွားလေတော့သည်။

အခန်းထဲ၌ မရွှေမိ မရှိတော့ပါ။ မရွှေမိသာမဟုတ် အခန်းထောင့်ကျွန်းသေတ္တာကြီးထဲ၌ သော့ခတ်သိမ်းဆည်းထားသော မောင်လိမ္မာအငတ်အပြတ်ခံကာ ကြိုးစားရှာဖွေစုဆောင်းထားသည့် အသပြာ ပိုက်ဆံငွေကြေးများသည်လည်း တစ်ပြားတစ်ချပ်မှ မရှိတော့ပါ။

မောင်လိမ္မာသည် ဒေါသကြီးစွာနှင့် တက်တစ်ချက်ခေါက် လိုက်ပြီး မရွှေမိအိပ်သွားသည့် ခေါင်းအုံးအား ဆွဲယူ၍ ပစ်ပေါက်လိုက် လေရာ ခေါင်းအုံးအောက်၌ ထားသွားသော စာရွက်တစ်ရွက်ကို တွေ့ရ လေတော့သည်။

တုန်ယင်သောလက်များနှင့် စာရွက်ကို လှမ်းယူ၍ဖတ်ကြည့်

www.burmeseclassic.com



လိုက်ရာ အောက်ပါအတိုင်း ရေးသားသွားသည်ကို တွေ့ရလေတော့သတည်း။

ကိုလိဗ္ဗာ

ပြုံစင်ရိုးသားပြီး သနားညှာတာတတ်တဲ့ ရှင့်ကို ဒီလိုလုပ်ရတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး။ ပထမတော့ ဗူရင်းရှည်ရွယ်ချက်ကို ပြောင်းပစ်လိုက်ဖို့ အထိ ကျွန်မ စိတ်ကူးမိပါသေးတယ်။ ဒါပေမယ့် ကျွန်မဟာ ဆုံးဖြတ်ပြီးရင် ပြီးဆုံးအောင်မြင်အောင် လုပ်တတ်တဲ့သူပါ။ မျိုးထားပြီးသား အစာကို ဝမ်းထဲမပျက်မကွက် ရောက်အောင်လုပ်ဆောင်ဖို့အတွက် စပါးကြီးမြွေတစ်ကောင်လို မပြတ်လေ့ကျင့် ထားခဲ့တဲ့သူတစ်ယောက်ပါ။

ဒါကြောင့် ဆုံးဖြတ်ထားခဲ့တဲ့အတိုင်း ရှင့်ရဲ့ငွေတွေကို ကျွန်မအားလုံးယူသွားတယ်။

ကိုလိဗ္ဗာ ... ရှင်သိအောင် ကျွန်မပြောရဦးမယ်။ ကျွန်မတို့လောကမှာ သနားတယ်ဆိုတဲ့ ဝေါဟာရမရှိဘူး။ သနားရင်အစားခံရတယ်ဆိုတဲ့ ဥပဒေသ ပရှိတယ်။ ဒီအတွက် ကျွန်မကို ခွင့်လွှတ်ဖို့မပြောချင်ဘူး။ ရှင်ကြိုက်သလို စိတ်ဆိုးနိုင်ပါတယ်။

ကျွန်မ ဒီအလုပ်ကို အသေအချာ အကွက်ချပြီး စီစဉ်ခဲ့တာပါ။ ရှင်ဘယ်လိုရှာဖွေစုဆောင်းခဲ့ရတယ်ဆိုတာကိုလည်း ကျွန်မသိပါတယ်။ ရှင့်အကြောင်းကိုလည်း ကျွန်မစုံစမ်းခဲ့ပါတယ်။

ကိုလိဗ္ဗာ ... ဖွဲ့လုံ့လဝီရိယရှိပြီး အကြံဉာဏ်ကောင်း၊ အကွက်မြင်တတ်တဲ့ တစ်ကိုယ်ရည်တစ်ကာယသမား ရှင့်လို ယောက်ျားလေးတစ်ယောက်အတွက် အခုကုန်ခမ်းသွားတဲ့ ငွေတွေကို မကြာခင်ရအောင်ပြန်ရှာနိုင်ပါတယ်။ ကျွန်မတို့မှာသာ သဘာဝကပေးထားတဲ့ အရှုံအတားတွေကြောင့် ရှင်တို့လို ဒေါင်းတင်မောင်းတင် ဆေးစက်ကျရာအရုပ်မထင်နိုင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုလိဗ္ဗာ ... ရှင်တစ်ခုတော့ သင်ခန်းစာရသွားမယ်လို့ထင်ပါတယ်။ ဗည်သူ့ကိုဗ္ဗ အယုံဗလွယ်နဲ့ဆိုတာကိုပါပဲ။ အယုံလွယ်၊ အညာလွယ်တဲ့သူတွေဟာ သူတစ်ပါးရဲ့လိမ်လည်လှည့်ဖြားခြင်းကို ခံရတတ်ပါတယ်။

ကျွန်ုပ်မဟာ အခုလို စာရေးတတ်တဲ့သူတော့ မဟုတ်ပါဘူး။ လုပ်ရောဂ္ဂိတာ လုပ်ပြီးရင်လစ်တော့တာပဲ။ ရှင်ကတခြားယောကျာ်းလေးတွေနဲ့ မတူတဲ့အတွက် ဆက် လက်ပြီး အလိမ်အညာမခံရအောင် နှမတစ်ယောက်က မောင်တစ်ယောက်ကို စိုးရိမ်စိတ်တွေနဲ့ သတိပေးရေးသားသွားတယ်လို့ပဲ မှတ်ထင်လိုက်ပါ။

ရှင့်ဘဝ ဆက်လက်အောင်မြင်ပါစေ ...

ဩော် ... တစ်ခုပြောရဦးမယ်။ ကျွန်ုပ်မရာမည်က ရွှေမိမဟုတ်ပါဘူး။ မိုးဆွေတဲ့ ... ကျွန်ုပ်မကို ကျွန်ုပ်မတို့လောက,က လူတွေက မြွေဆိုးမိုးဆွေလို့ ခေါ်ကြတယ်။

ခင်မင်စွာဖြင့်...
မြွေဆိုးမိုးဆွေ

မောင်လိမ္မာသည် စာရွက်ကိုကိုင်ပြီး အတန်ကြာငေးငိုင်နေ၏၊ သွားပြီ . . . သူကုန်းရုန်းရှာဖွေထားသမျှ တစ်စမကျန် ပြောင်ခဲ့လေပြီ၊ လေ့လှော်တုန်း တက်ကျိုးသည်ဟု ဆိုရမလား၊ အမြင့်သို့ရောက်ကာနီးမှ ချောက်ထဲသို့ ဒလိမ့်ခေါက်ကွေး ကျခဲ့ရသည့် သူတစ်ယောက်ပမာ စိတ်ဓာတ်ကို ရိုက်ချိုးခံလိုက်ရသကဲ့သို့ ပြင်းထန်စွာ ခံစားခဲ့ရချေပြီတည်း၊

သွေးဆိုးသွေးညစ်တို့ ဆူပွက်လာပြီးနောက် သူသည် တွန်းသေတ္တာကြီးအား ဝုန်းခနဲ ဆောင့်ကန်ထည့်လိုက်၏။ သူ၏ကန်ချက် ကြောင့် ကြီးမားလေးလံသည့် သေတ္တာကြီး အတန်ငယ် ရွေ့လျားသွား သော်လည်း သူ၏ခြေခုံတို့မှာမူ ပွန်းပဲ့ယောင်ကိုင်းသွားလေ၏။

ဒီမြွေဆိုးမိုးဆွေဆိုတဲ့ကောင်မကို မြေလှန်ရှာပြီး သင်ခန်းစာ စစ်လိုတ်ရကောင်းမလား . . .။ သို့သော် ထိုအတွေးကို သူသည် ချက်ချင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



လည်ချောက်ပစ်လိုက်၏။

လူသတ်သမားတစ်ယောက်ရဲ့သားပဲ လူသတ်သမားပဲ ဖြစ်မှာပေါ့ . . . ဆိုသည့် အဖြစ်မျိုးကို သူသေသည့်တိုင် အရောက်မခံနိုင်ပါ။ မောင်လိမ္မာသည် စိတ်ပျက်လက်ပျက်နှင့်ပင် သူ၏ကိုယ်ကို ပစ်လှဲချလိုက်လေတော့သည်။

ဦးမာလူးသည် ဇရပ်ပေါ်၌ ထိုင်နေစဉ် ခြေထောက်ထော့နင်းထော့နင်းနှင့် ဒယိမ်းဒယိုင် လှမ်းလျှောက်လာသော မောင်လိမ္မာကို တွေ့လိုက်ရလေရာ လွန်စွာအံ့ဩသွားလေ၏။

*"သူငွေးလေး . . . ဘယ်လိုဖြစ်လာတာလဲကွ"*

မောင်လိမ္မာသည် ဇရပ်ကြမ်းပြင်အား လက်ထောက်၍ တင်းပါးလွှဲခုန်တက်လိုက်လေရာ အရှိန်ကိုမထိန်းနိုင်ဘဲ ဇရပ်ကြမ်းပြင်ပေါ်သို့ ပက်လက်လန်လဲကျသွားလေသည်။

*"မင်း . . . အရက်တွေသောက်လာပါလား . . . ဘာဖြစ်ထိုလဲ"*

*"အဘ . . ."*

မောင်လိမ္မာသည် လက်များအား နောက်ပြန်ထောက်၍ ပြန်ထထိုင်လိုက်သော်လည်း လူကတော့ ယိမ်းယိုင်နေဆဲပင်။

*"ကျွန်တော် . . . သူငွေးလေး မဟုတ်တော့ဘူး၊ ခွေးကလေးဖြစ်သွားပြီဗျ၊ အခု . . . တုတ်ထိုးတစ္ဆေကြီးဆိုင်က အရက်ပုံးတစ်လုံးတစ်လာတယ်၊ ကျွန်တော် . . . အရက်မသောက်ဖူးပါဘူး၊ အခု . . . ကျွန်တော် မူးချင်တယ်၊ အားလုံးကို မေ့ချင်တယ် အဘ . . . ခွင့်လွှတ်ပါ"*

မောင်လိမ္မာ၏ အာလေးလျှာလေးနှင့် ပြောလိုက်သည့်စကားများကို နားထောင်၍ ဦးမာလူးက ဦးခေါင်းကို ယမ်းခါလိုက်၏။

*"မဟုတ်သေးပါဘူးကွာ . . . မင်း ဘာဖြစ်လာခဲ့သလဲဆိုတာကို အရင်ပြောစမ်းပါ"*

*"ကျွန်တော် ညက . . . ညက"*

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှသာပြောနိုင်ပြီး မောင်လိမ္မာသည် အူရှိုင်းတစ်ယောက်၏ အရက်ကို အလွန်အကျွံသောက်လျှင် ဖြစ်လေ့ဖြစ်ထရှိသည့် ပုံစံအတိုင်း ဦးခေါင်းတို့ တရိပ်ရိပ် ပြန်လည်မူးဝေလာကာ ဇရပ်ကြမ်းခင်းပေါ်သို့ ပြန်လည်၍ လဲကျသွားလေတော့၏။ ဗလုံးဗထွေးနှင့် မပီမသစကားများ ပြောကာ အိပ်ပျော်သွားသော မောင်လိမ္မာအားကြည့်ကာ ဦးမာလူးသည် စိတ်ပျက်လက်ပျက်နှင့်ပင် သက်ပြင်းကို မှုတ်ထုတ်လိုက်မိလေတော့ သည်။

ဦးမာလူးသည် အိပ်ပျော်သွားသော မောင်လိမ္မာ၏ကိုယ်ပေါ် သို့ သူ၏ အဖာတစ်ရာ စောင်စုတ်ကြီးကို လွှမ်းခြုံပေးလိုက်ပြီး သူက တော့မူ ဇရပ်တိုင်ကိုမှီ၍ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက် လေ၏။

မောင်လိမ္မာသည်ကား ခဏမျှပင် ပျော်သံပေးလျက် လော တကြီးကို မေ့လျော့ချေပြီတည်း။ ထိုသူငယ် အလွန်အမင်း စိတ်ဆင်းရဲ ရောတစ်ခုနှင့် ကြုံဆုံလာပြီဆိုသည်ကိုတော့ သူရိပ်မိလေသည်။ သို့သော် ထခုကဲ့သို့ မပြောနိုင်မဆိုနိုင်တော့လောက်အောင် မူးရူးသောက်စားလာ သည်ကိုတော့ သူ မနှစ်သက်ပါ။

စိတ်ညစ်၍ အရက်ကိုသောက်သည်ဟု ဆိုကြလေရာ ထိုသူ တို့သည် ဖိစီးနှိပ်စက်လာသည့် စိတ်၏ညစ်ညူးမှုတို့ကို ခံနိုင်ရည်မရှိ တော့သောကြောင့် အရှုံးပေးလိုက်ခြင်းတစ်မျိုးပင် မဟုတ်ပါလော။

လောကဓံကို ခံနိုင်ရည်မရှိသောသူသည် အောင်မြင်သူ ဖြစ် လာနိုင်ပါ။

ညစ်၍သောက်သည်၊ သောက်၍ညစ်သည်။ ညစ်ပြန် လေသော ကြောင့် သောက်ပြန်သည်၊ သောက်ပြန်လေသောကြောင့် ပို ၍ညစ်၏။ ပို၍ညစ်ခြင်းကို ပျောက်ပါစေခြင်း အလို့ငှာ ပိုမို၍ သောက် ပြန်လေ၏။ ထို့ကြောင့်ပင် ဘဝလှိုင်းတံပိုးများကြား၌ ပျက်စီးတိမ်းမှောက် သွားသော ညစ်သောက်၊ သောက်ညစ်များ အနမတဂ္ဂ များပြားလွန်းလှ ပြီကို လူ့ဘောင်လောကအစ်ရှေ့မှာတင် တဖြုတ်ဖြုတ် တွေ့နေကြရလေတော့သည်တကား။

*"အဘမာလူး . . . အဖေက ထမင်းစားတော့မလို့တဲ့"*

*"ဩော် . . . အေး . . . အေး"*



www.burmeseclassic.com

www.burmeseclassic.com



ဇရပ်ရှေ့သို့ ရောက်လာပြီး အသံပြု လိုက်သောကြောင့် ဦးမာလူး၏ အတွေးတို့ပြတ်တောက်သွား၏။

*"ဟင် . . . ဒါ ကိုလိမ္မာ မဟုတ်လား၊ သူ ဘာဖြစ်နေတာလဲ"*

*"အိပ်နေတာပါ သမီးရယ်"*

ဦးမာလူးက ခပ်လွယ်လွယ်ပင် ပြန်ဖြေလိုက်၏။

*"ဟင် . . . အချိန်လဲမဟုတ်ဘဲနဲ့၊ နေများမကောင်း ဖြစ်နေတာလား . . . အဘ"*

ရွှေပြည်ချမ်းသာက စိတ်ပူသည့်ဟန်နှင့် ဇရပ်ပေါ်သို့တက် လာပြီး အိပ်ပျော်နေသည့် မောင်လိမ္မာ၏အနီး၌ ထိုင်ချလိုက်၏။ ထိုအခါ သူမ၏ နှာခေါင်းထဲသို့ စူးစူးဝါးဝါး အရက်နံ့များ ထောင်းခနဲဝင်လာလေတော့သည်။

*"အရက်နံ့တွေကလဲ နံလိုက်တာ"*

*"ဟုတ်တယ် သမီး . . . ဒီကောင် အရက်တွေ တအားသောက် လာပြီး အမူးလွန်ပြီးတော့ အိပ်ပျော်နေတာ . . . ဘာမှမပြောနိုင်ဘူး"*

*"ဘာဖြစ်လို့များလဲ မသိပါဘူးနော်"*

ရွှေပြည်ချမ်းသာက သူ၏နားသယ်စပ်လေးအားကုတ်၍ ပြောလိုက်လေ၏။

"ဘာဖြစ်လာသလဲဆိုတာ မနက်ကျ သူ့အမူးပြေမှ မေးရတော့မှာပဲ သမီးရယ် . . . ကဲ . . . လာ . . . လာ . . . ထမင်းသွားစားကြရအောင်"

ဦးမာလူးက ပြောပြောဆိုဆိုနှင့် ဇရပ်ပေါ်မှ ဆင်းသွားလေသောကြောင့် ရွှေပြည်ချမ်းသာလည်း သူ၏နောက်မှ လိုက်ပါလာခဲ့ရလေတော့သည်။

– – –



www.burmeseclassic.com

www.burmeseclassic.com

တဲကလေးအတွင်းသို့ ဝင်လိုက်သည်နှင့်ပင် ညှီစို့စို့၊ ပုပ်အက်အက်အနံ့တို့ကို အော်ဂလီဆန်ဖွယ်ရာ ရလိုက်လေတော့သည်၊ ထိုနေ့ရာသည်ကား တကယ့်ဆင်းရဲသားရပ်ကွက်တစ်ခုပင်တည်း။ ကြီးမားသည့် အမှိုက်ပုံကြီးအနီးအနားရှိ ရေသွားရေလာပိတ်ဆို့နေသောကြောင့် မည်းညစ်သော ရွံ့ညွန်ဗွက်များအပေါ်၌ တဲတလေးများကို အစီအရီထိုးထားကြလေ၏။ တဲကလေးများမှာလည်း စုတ်ပြတ်၍သာနေလေသည်။

မိမိတို့ ဝင်ရောက်ခဲ့သည့် တဲကလေးဆိုလျှင် ကာရံထားသည့် ဝါးထရံများ ဆွေးမြည့်ပေါက်ပြဲနေလေသောကြောင့် ဂုန်နီအိတ်များနှင့် ကာရံချိတ်တွယ်ထားရလေ၏။

အိမ်ကပြင်၌ အသက်ငါးနှစ်အရွယ် ဗိုက်ပူနံကား ကလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ထိုင်နေသည်။

"မိုးဆွေရှိသလားဟေ့"

ဦးမာလူးက ကလေးငယ်အား မေးလိုက်လေရာ ကလေးငယ် က မြူးကြောင်ကြောင် မျက်လုံးလေးများနှင့်ကြည့်ပြီး ခေါင်းယမ်းပြလေသည်။

"မိုက်ခဲလေးရေ . . . ဘယ်သူတွေလဲ"

ထရံလေးတစ်ချပ်ခြားထားသည့် နောက်ဖေးအခန်းလေးမှ အမျိုးသမီးကြီးတစ်ဦး၏ အသံကိုကြားလိုက်ရ၏။

"အမေ့ကို လာမေးတာ . . . ဘွားဘွား"

"ဘွားဘွားကို လာတွဲစမ်းပါဦး"

ကလေးငယ်သည် အခန်းကလေးထဲသို့ ပြေးဝင်သွားပြီး မကြာမီမှာပင် အမျိုးသမီးကြီးကို တွဲခေါ်၍ ပြန်ထွက်လာလေ၏။

"ဘုရား . . . ဘုရား"

မောင်လီမွှာ၏ နှုတ်မှ တီးတိုးရေရွတ်သံတို့ ထွက်သွားရသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးကြီးမှာ ရုတ်တရက်ကြည့်လျှင် သရဲသဘက်ဟု ထင်ရလောက်အောင်ပင် ရုပ်ဆင်းအင်္ဂါ အလွန်အမင်း ပျက်ယွင်းနေသောကြောင့်ပင်တည်း။ မျက်နှာတစ်ခုလုံးမှာ အပေါ်ယံအရေပြားမရှိတော့ဘဲ ကြီးမားသည့် အမာရွတ်ပြင်ကြီးနှင့် တွန့်ဆုတ်နေကာ မျက်တွင်းနှစ်ဖက်မှာလည်း ချိုင့်ခွက်ဝင်နေပြီး၊ မျက်နက်သားများမရှိဘဲ အဖြူရောင် အလုံးကြီးများသာ ဖြစ်နေလေ၏။ အမျိုးသမီးကြီးသည် မျက်စိမမြင်ရှာပါ။ ထို့အတူ ခြေထောက်တစ်ဖက်မှာလည်း အကြောသေသလို တွဲဆိုင်းနေသည့်အတွက် လမ်းလည်းကောင်းစွာမလျှောက်နိုင်ပါ။ ထိုအမျိုးသမီးကြီးသည် သူတို့အနီး၌ ထိုင်ချလိုက်လေ၏။

"ဘယ်သူတွေလဲဟင်"

အမျိုးသမီးကြီးက မေးလိုက်လေရာ မောင်လီမွှာနှင့်ဦးမာလူး တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြ၏။

"ကျုပ်တို့ . . . သူ့မိတ်ဆွေတွေပါ"

ဦးမာလူးက ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအသံ . . . ကျွန်မ မကြားဖူးဘူး"

"ဟုတ်ပါတယ် . . . ကျုပ်တို့ မိတ်ဆွေဖြစ်တာ မကြာသေးပါဘူး။ သူနဲ့ လုပ်ငန်းတစ်ခု ဆွေးနွေးစရာရှိလို့ပါ"

"သမီးလေးလဲ ဘာတွေလုပ်နေသလဲ မသိပါဘူးလေ"

ဦးမာလူးက အလိုက်သင့် ပြန်ဖြေလိုက်လေရာ အမျိုးသမီးကြီးက ညည်းတွားသံနှင့် ပြန်ပြောလိုက်လေ၏။

"အဲဒါဆိုရင် . . . ခဏစောင့်ကြပါနော်၊ သမီးလေး ပြန်လာတော့မှာပါ၊ ကျွန်မသိပ်ပြီး မထိုင်နိုင်လို့ ခွင့်လွှတ်ကြပါနော်"

အမျိုးသမီးကြီးသည် စမ်းစမ်း,စမ်းစမ်းနှင့် ထရပ်လိုက်သောကြောင့် မိုက်ခဲဟုခေါ်သည့် ကလေးငယ်လေးကပင် လက်ကိုတွဲပြီး အတွင်းခန်းထဲသို့ ပြန်ပို့ပေးလိုက်လေ၏။

"ခုက္ခိတမျှားတုပ်အကွက်တော့ ဆိုက်နေပြီထင်တယ် အဘ"

ဟု မောင်လိမ္မာက တီးတိုးပြောလိုက်လေရာ ဦးမာလူးက ပခုံးကို တွန့်ပြီး ပြုံးလိုက်လေသည်။

မနက်က အိပ်ရာမှ နိုးနိုးချင်းပင် ဦးမာလူးက မောင်လိမ္မာအား မေးလေ၏။ မောင်လိမ္မာက အိတ်ကပ်ထဲမှ မြွေဆိုးမိုးဆွေ၏စာကို ပေးတော်လိုက်ပြီး ဖြစ်ခဲ့သမျှ အကြောင်းစုံကို ရှင်းပြလိုက်လေသည်။

"မင်း . . . ဘယ်လိုဖြစ်ချင်သလဲ၊ ဒီမိန်းမကို မသတ်ချင်ဘူးလား"

"အဲဒီလိုတော့ မလုပ်ချင်ပါဘူး၊ ကျွန်တော်စုထားတဲ့ ငွေထုပ်လေး ရှြန်လိုချင်တာပါပဲ"

"အေး . . . အဲဒါဟုတ်တယ်၊ ဘယ်အခါမဆို ဒေါသရှေ့ထားရင် မှားတတ်တယ်ကွ၊ အေးအေးဆေးဆေးနဲ့ အဆင်ပြေနိုင်မယ့် နည်းလမ်းကို စဉ်းစားရမယ်"

ဦးမာလူးသည် မောင်လိမ္မာအားခေါ်၍ မြို့ထဲတစ်ပိုက်၌ ရှိသည်ကျက်စားနေကြသည့် တံရုတ်အာချောင်း၏ တပည့်များဟုလားစာမွတ်၏ တပည့်များမှတစ်ဆင့် မိုးဆွေ၏သတင်းကို စုံစမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌မူ မိုးဆွေကို အသေအချာသိသည့် "ခါး"တစ်ယောက်ပေါ် လာလေတော့သည်။

"မြွေဆိုးမ ထောနေတယ်ဗျ . . . သူက အစိက ဗိုလ်တထောင်ညိုမောင်နဲ့တွဲပြီး အလုပ်လုပ်နေတာ၊ ဗိုလ်တထောင်ညိုမောင်ကို ဆရာကြီးသိတယ်မဟုတ်လား"

ဦးမာလူးသည် ဗိုလ်တထောင် ညိုမောင်ကို ကောင်းကောင်း သိ၏။ ထိုလူငယ်မှာလည်း "ခါး" မိုးဆိုးနှိုက် တစ်ဦးပင်ဖြစ်လေသည်။ မကြာခဏ ထောင်ကျဖူးသော်လည်း သူသည်လွတ်သည်နှင့် ဤအလုပ် ကိုပင် ပြန်လုပ်ပြန်လေ၏။ တစ်ခါက အာချောင်း၏တပည့် လသာ တရုတ်လူမိုက်များက ဗိုလ်တထောင်ညိုမောင်အား ဝိုင်းဝန်းရိုက်နှက်ကြ လေရာ လူတစ်ယောက်၏ အသက်တစ်ချောင်းကို အလဟဿ အဆုံး ရှုံးမခံစေလိုသည့် စေတနာနှင့် ဦးမာလူးက မိမိနှင့် မည်သို့မျှ မသက် ဆိုင်ပါဘဲ ကြုံကြိုက်နေသည်နှင့် ကယ်တင်ခဲ့ဖူးလေသည်။ ထို့ကြောင့် ဦးမာလူးသည် ညိုမောင်အပေါ်၌ ကျေးဇူးရှိလေ၏။

ခပ်ကုပ်ကုပ် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ထိုင်နေသော ညို မောင်သည် ဦးမာလူးအား မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် အံ့ ဩသွားလေ၏။

"ဆရာကြီး . . . ဘယ်ကလှည့်လာလဲ၊ လာ . . . ထိုင်ပါ. . . လက်ဖက်ရည်သောက်ပါ"

ဦးမာလူးနှင့် မောင်လိမ္မာတို့က ညိုမောင်၏ နံဘေးရှိထုလား ထိုင်များ၌ ဝင်ထိုင်လိုက်ကြ၏။ ဦးမာလူးက ဆေးပေါ့လိပ်ကိုထုတ်ပြီး မီးညှိဖွာရှိုက်လိုက်၏။

"ညိုမောင် . . . ငါ မြွေဆိုးမမိုးဆွေကို တွေ့ချင်တယ်"

ဦးမာလူး၏ တုံးတိတိစကားကြောင့် ညိုမောင်သည် တွေဝေ ဖြစ်သွားရ၏။ ထို့နောက်တွင်မှ ထစ်ထစ်ငေါ့ငေါ့နှင့် . . .

"ဟို . . . ဟို . . . ကျွန် . . . ကျွန်တော် . . ."

"မင်းမသိဘူးလို့ မငြင်းနဲ့၊ ငါ အကုန်သိထားပြီးသားပဲ . . .၊



www.burmeseclassic.com

www.burmeseclassic.com



သူနောက်ဆုံးလုပ်ခဲ့တဲ့ အလုပ်မှာ မင်းလဲပါတယ်၊ မင်းလဲ ဝေစုရထား တယ်"

ညိုမောင်သည် ဦးခေါင်းကို ငိုက်စိုက်ချလိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကျွန်တော့်ရတဲ့ဝေစုက နည်းနည်းပါ၊ အဲဒီကိစ္စက ဆရာကြီးနဲ့ ဘယ်လိုပတ်သက်ပါလဲခင်ဗျာ"

"အေး ... အဲဒီလို ဝန်ခံမှပေါ့၊ ဘယ်လိုပတ်သက်သလဲဆိုတော့ သိပ်ပြီးတော့ကို ပတ်သက်နေတာပေါ့ကွာ၊ ကဲ ... ဒါတွေထား လိုက်ပါတော့ ... မင်းတို့ ဘာမှမဖြစ်စေရဘူး၊ မိုးဆွေဘယ်မှာရှိနိုင် သလဲပြော"

"ကျွန်တော်ပြောလိုက်ရင် ... သူ့ကို ... ဆရာကြီးတို့"

"သူလဲဘာမှမဖြစ်စေရဘူး၊ ငါတာဝန်ယူတယ် ... ပြော သာပြောစမ်းပါ"

သို့နှင့်ပင် ဤနေရာသို့ မိမိတို့ ရောက်ခဲ့ခြင်းပင်တည်း။ ရောက်သည့်အခါ၌လည်း မြင်တွေ့ရသည့် မြင်ကွင်းများကြောင့် လွန်စွာစိတ် ညစ်သွားကြရလေသည်။

"သားနာမည်က မိုက်ခဲလား"

"ဟုတ်"

အခန်းတွင်းမှ ပြန်ထွက်လာသည့် ကလေးငယ်အား မောင်လိမ္မာက စကားမရှိစကားရှာ မေးလိုက်၏။

"သားတို့ဖေဖေရော"

"ဖေဖေ ... ပြန်မလာတာကြာပြီ၊ ရထားကြီးပေါ်မှာပဲ နေ နေတယ်လို့ မေမေကပြောတယ်"

"ရထားကြီးပေါ်မှာ ... ဟုတ်လား"

"ဟုတ် ..."

"မေမေကရော သားကိုချစ်လား"

"ချစ်တယ် ... မေမေ့မှာ ပိုက်ဆံရှိရင် သား မုန့်တွေအများ



www.burmeseclassic.com

www.burmeseclassic.com



*ကြီးစားရတယ် . . .၊ ပိုက်ဆံမရှိရင်တော့ သားဗိုက်ဆာလို့ငိုရင် မေမေ လည်း ငိုတာပဲ"*

တလေးငယ်၏ စကားကြောင့် မောင်လိမ္မာရင်ဘတ်ထဲ၌အောင့် သွားရလေ၏။

*"အခုရော . . . သား မုန့်စားပြီးပြီလား"*

*"ပြီးပြီ . . . သားမှာ မုန့်အများကြီးရှိတယ်၊ ဟိုမှာ . . . ဦးဦး စားမလား"*

ကလေးငယ်က အခန်းထောင့်တစ်နေရာရှိ အသစ်စက်စက် မုန့်ပုံးကြီးကို လက်ညှိုးထိုးပြပြီး ပြောလေ၏။

*"မစားပါဘူး သားရယ် . . . သားပဲစားပါ"*

မောင်လိမ္မာထံမှ အလစ်သုတ်လာသည့် ငွေများနှင့် ဝယ်ထား ခဲ့တာပဲဖြစ်မည်၊ မောင်လိမ္မာသည် ထိုအကြောင်းများကို သိသော်လည်း ယခင်လို စိတ်ဆိုးခြင်းမဖြစ်ဘဲ ယခုအချိန်၌ စိတ်မကောင်းခြင်းသာဖြစ် ၍နေလေ၏။

*"သားရေ . . . မေမေပြန်လာပြီ"*

*"ဟော . . . မေမေလာပြီ"*

အပြင်ဘက်မှ ပေါ့ပါးသွက်လက်စွာ ပေးလိုက်သည့်အသံ ကြောင့် ကလေးငယ်၏မျက်နှာမှာ ဝင်းပသွားလေတော့၏။ မောင်လိမ္မာသည် ပေါက်ပြဲနေသည့် ထရံပေါက်လေးမှချောင်းကြည့်လိုက်လေရာ မိုး ဆွေသည် ဆေးဝါး၊ အစားအစာ၊ အဝတ်အထည်အထုပ်များထုပွေ့တ ပိုက်နှင့် ရွှင်မြူးတက်ကြွစွာ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

*"ဘွားဘွားကြီးရော အိပ်နေလား . . . ဟင်"*

အမေဖြစ်သူကို မေးလိုက်ပြီး အိမ်ပေါ်သို့ လှမ်းတက်လိုက် သည်နှင့် ဘွားခနဲ တွေ့မြင်လိုက်ရသော မောင်လိမ္မာနှင့် ဦးမာလူးတို့ တွေ့ရှိသွားပြီးနောက် မိုးဆွေသည် ကြက်သေသေသွားကာ လက်ထဲမှ အထုပ်များလွတ်ကျကုန်လေတော့၏။

သူမ၏မျက်နှာသည် တစ္ဆေသရဲကို တွေ့မြင်လိုက်ရသည့် အ လား



www.burmeseclassic.com

www.burmeseclassic.com



ငှသွားဆုတ်ဖြိုရော်သွားလေတော့သည်။

"ထိုင်ပါ . . . မမြွေဆိုး"

"ရှင် . . . ရှင် . . . "

"မောင်လိမ္မာလေ . . . မမှတ်မိတော့ဘူးလား၊ မောင်တစ်ယောက်က အစ်မတစ်ယောက်အိမ်ကိုရောက်လာတာများ အံ့ဩနေရသေးလား"

"မေမေ . . . "

ကျောက်ရုပ်တစ်ရုပ်လို ငေးကြောင်နေသည့် သူမအား မိုက်ခဲအလေးက လက်ကိုဆွဲကိုင်၍ ခေါ်လိုက်သည့်အခါမှသာ အသိပြန်ဝင်လာသလို တုန်သွားပြီး မောင်လိမ္မာရှေ့၌ ဖူးထောင်၍ ထိုင်ချလိုက်လေ၏။

သူမ၏မျက်လုံးများက မလှမ်းမကမ်း၌ ထိုင်နေသည့် ဦးမာလူးကိုကြည့်ပြီး ပိုင်းစက်သွားပြန်လေသည်။ ထိုအချိန် ဦးမာလူးသည် ဧည့်သူကိုမှုဂရုမစိုက်ဘဲ အလွန်ထက်မြက်သည့် သင်တုန်းဓားတစ်လက်နှင့် မုတ်ဆိတ်ကျင်စွယ်တို့ကို ရိပ်သင်နေလေသည်။

"မောင်လိမ္မာရေ . . . ' ဒီဓားလေးက အင်မတန်ထက်တာပဲ . . . ထိလိုက်တာနဲ့ တိခနဲ ပြတ်တော့တာပဲကွ"

ဦးမာလူးထံမှ အေးစက်စက်စကားသံကို ကြားလိုက်ရပြီး နောတ်မိုးဆွေသည် ပိုမိုကြောက်လန့်သွားပြီး မျက်ရည်ပေါက် ကြီးငယ် တို့ကျလာလေတော့သည်။

"ကျွန်မကို ခွင့်လွှတ်ကြပါရှင်"

မိုးဆွေထံမှ တုန်ယင်ဆို့နင့်သည့် အသံတို့ပေါ်ထွက်လာ၏။ မိုက်ခဲလေးသည်လည်း ငိုမဲ့မဲ့မျက်နှာလေးနှင့် မောင်လိမ္မာတို့အားတစ် လှည့် အမေဖြစ်သူအား တစ်လှည့် သနားစဖွယ် ကြည့်နေလေ၏။ ထို အချိန်မှာဝင် "သမီး"ဟူသည့် အသံနှင့်အတူ အိပ်ခန်းအတွင်းမှ လဲပြိုကျသည့် အသံကို ကြားလိုက်ရလေသည်။ မမိုးဆွေသည် အခန်းထဲသို့ ပြေးသွားပြီးနောက် မိခင်ဖြစ်သူအားတွဲထူကာ ပြန်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေကြတာလဲ သမီးတို့ရယ်"

"ဒီလိုပါ ဒေါ်ဒေါ် . . . ဒေါ်ဒေါ့်သမီးက ရုပ်လည်းချောတယ် သရုပ်ဆောင်တာလဲ မဆိုးဘူး၊ ပုံပြင်ဇာတ်ထုပ်လေးတွေလဲ အ ပြောကောင်းတယ်ဆိုတော့ ကျွန်တော်တို့က ဘိုင်စကုတ်မင်းသမီးတင် ရိုက်ဖို့လာပြောကြတာပါ၊ သူ့ပြောပြတဲ့ ပထွေးဇာတ်လေးက တယ်ကောင်းတာပဲ"

မောင်လိမ္မာက ထိုကဲ့သို့ ပြောလိုက်လေရာ မမိုးဆွေ၏မျက် နှာမှာ မည်းခနဲ ဖြစ်သွားရလေ၏။

"ကိုလိမ္မာ . . . ကျွန်မ ရှင့်ကို နားထောင်ကောင်းအောင် ပုံပြင်တွေ ပြောပြခဲ့တာ မဟုတ်ပါဘူး၊ တကယ့်အဖြစ်မှန်တွေကိုပဲ ပြောပြခဲ့တာပါ၊ မယုံရင် အမေ့ကိုကြည့်လိုက်ပါ၊ အမေ့မျက်နှာပေါ်က ဒဏ်ရာတွေရယ်၊ အမေလမ်းမလျှောက်နိုင်အောင် ဖြစ်ခဲ့ရတာတွေရယ်ဟာ ကျွန်မပထွေးရဲ့ လက်ရာတွေပါပဲ၊ ပထွေးရန်ကြောင့် ကျွန်မထွက်ပြေးလာပြီးတဲ့နောက် အမေဟာ ပထွေးဖြစ်သူကို မပေါင်းတော့ဘဲ မိဘအိမ်ကိုပြန်လာခဲ့ပါတယ်၊ ပထွေးဖြစ်သူက ပြန်ပေါင်းကြဖို့ အတန်တန်ပြောသော်လဲ အမေက လက်မခံတော့ပါဘူး၊ ဒါနဲ့ . . . တစ်နေ့ကျတော့ အမေဈေးက ပြန်လာတဲ့အချိန်မှာ လူပြတ်တဲ့နေရာကနေ စောင့်နေတဲ့ ပထွေးက အတင်းဆွဲပါတော့တယ်၊ အမေက အကြောက်အကန် ငြင်းဆန်ပြီး ရုန်းကန်နေတဲ့အတွက် ယုတ်မာတဲ့ ပထွေးဟာ အနားမှာရှိနေ တဲ့ တုတ်တစ်ချောင်းနဲ့ အမေ့ခြေထောက်ကို ရိုက်ချိုးလိုက်ပါတော့တယ် . . . ဒါနဲ့တောင် မကျေနပ်သေးဘဲ အသင့်ယူဆောင်လာတဲ့ ငရဲမီးနဲ့ အမေ့မျက်နှာကို ပက်လိုက်တာ အခုရှင်တို့မြင်တဲ့အတိုင်းပါပဲ"

မောင်လိမ္မာသည် ထိုဇာတ်လမ်းထဲ၌ မျောပါသွားလေရာလာရင်းကိစ္စကို မေ့သလိုဖြစ်သွားရလေ၏။ ဤမျှလောက် ယုတ်မာပက်စက်သည့်သူများ ရှိနေသည်မှာ ကမ္ဘာမြေကြီးအတွက် နှလုံးနာဖွယ်ရာ ကောင်းလွန်းလှချေ၏။

"ဟုတ်ပါတယ်ကွယ် . . . ဒါကြောင့်လဲ သမီးမိုးဆွေကို အမေ အမြဲပြောပါတယ်၊ ဟောဒီမြေးလေး မိုက်ခဲရဲ့ဘဝကို ထောက်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ နောက်အိမ်ထောင်မပြုနဲ့လို့ . . .၊ ကိုယ့်ရင်သွေးကို ကိုယ်သနားရင် သူတို့အတွက် ဖြစ်လာမယ့်ပထွေးကို မရှာပါနဲ့ သမီးရယ်လို့ အမြဲပြောထားခဲ့ပါတယ်"

"ကလေးအဖေက ဘယ်မှာလဲ မမိုးဆွေ"

မောင်လိမ္မာ၏ အမေးကြောင့် မမိုးဆွေ၏မျက်ဝန်းတို့ ညှို့မှိုင်းသွားလေ၏။ သူမသည်မိုက်ခဲလေးအား တစ်ချက်ကြည့်လိုက်ပြီး မျက်နှာလွှဲလိုက်လေသည်။ အတန်ကြာမှ တိုးညှင်းသောအသံနှင့် . . .

"ဆုံးသွားပြီ . . ."

ဟု ပြောလိုက်လေတော့သည်။

"ကျွန်မ . . . ရွာက ဖြစ်ချင်ရာဖြစ်ဆိုပြီး ထွက်လာခဲ့တာ . . . အမျိုးသမီးတစ်ယောက်အနေနဲ့ အသိအကျွမ်းမရှိတဲ့ ဟောဒီမြို့ကြီးမှာ ဘယ်လောက်ဒုက္ခရောက်မလဲဆိုတာ တွေးကြည့်ရင် သိနိုင်ပါ တယ်"

မောင်လိမ္မာသည် နှုတ်မှ ဘာမှပြန်မပြောဖြစ်သော်လည်း စိတ်ထဲ၌မူ သိတာပေါ့ဗျာ . . .၊ အိမ်ပြေးတစ်ယောက်ရဲ့ဘဝမှာ မိန်းကလေးမပြောနဲ့ ယောကျ်ားလေးတစ်ယောက်တောင်မှ ဘယ်လောက်အထိ ဒုက္ခရောက်ခဲ့သလဲဆိုတာ . . . ဟုဆိုနေမိလေ၏။

"ဒီလိုနဲ့ပဲ အငတ်ငတ်အပြတ်ပြတ်ဖြစ်နေတဲ့ ကျွန်မဟာ ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းစားကျွန်ခံ သဘောမျိုးနဲ့ပဲ ပန်းကန်ဆေးတဲ့အလုပ်ကို လုပ်ခဲ့ပါတယ်၊ ဒီလိုနဲ့မဲ့အားကိုးရာရှာနေတဲ့ ကျွန်မဟာ အားတိုးမြှုရာဖြစ်နိုင်လောက်တယ်လို့ထင်မိတဲ့ မိုက်ခဲထို့အဖေနဲ့ တွေ့ခဲ့တာပါပဲ"

"အ . . . ဟွတ် ဟွတ် ဟွတ်"

ရောဂါသည် မိခင်ကြီးထံမှ ညည်းညူသံကြားလိုက်ရ၍ သူမသည် စကားစကိုခေတ္တဖြတ်လိုက်၏။

"အမေ . . . ထိုင်မနိုင်ဘူး ဟုတ်လား၊ သွားလှဲနေလေ . . . သွား . . . သားလေး အဖွားကို အိပ်ရာထဲပို့ပေးလိုက်"

မိုက်ခဲလေးသည် အဖွားဖြစ်သူအား အိပ်ရာထဲပို့ပေးပြီးနောက် သူပါ ပြန်ထွက်မလာတော့ပါ၊ ကလေးဖြစ်သူသည် အစောကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အိပ်ငိုက်နေဟန်ရှိသော ညီမလေးအား သူ၏အဖွားနှင့်အတူ ရောချ၍အိပ်လိုက်ဟန်တူလေ၏။

"သူ့ကို ကျွန်မယူပြီးမှ သူဟာ "ခါး"တစ်ယောက်ဖြစ်မှန်း သိခဲ့တော့တယ်၊ သူခိုးတစ်ယောက်ရဲ့မယားက သူခိုးဖြစ်ခဲ့တာ မဆန်းပါဘူး။ ကျွန်မကို ခိုးဆိုးနှိုက်လုပညာတွေကို သူကပဲ သင်သွားပေးခဲ့တာပဲ၊ ဒါပေမယ့် လူမိုက်တို့ရဲ့သွားရာလမ်းအတိုင်း သက်ဆိုးမရှည်ပါဘူး။ တစ်နေ့ ရထားခေါင်မိုးပေါ်မှာ ခါးအချင်းချင်း အဝေမတည့်ဖြစ်ပြီး သူ့ကို အလစ်မှာ တွဲကြားထဲ တွန်းချသတ်ပစ်လိုက်ကြတယ်၊ အဲဒီမတိုင်ခင်လေးမှာပဲ ရွာက အမေနဲ့ ပထွေးတို့ရဲ့ အကြောင်းကိုကြားပြီး ဒုက္ခရောက်နေတဲ့ အမေ့ကိုလဲ ကျွန်မအိမ်ခေါ်ထားနှင့်ပြီးဖြစ်ပါတယ်၊ ဒီလိုနဲ့ပဲ လူမမယ် ကလေးလေးနဲ့ ဒုက္ခိတအမေတို့အတွက် ဒီအလုပ်ကို ကျွန်မဆက်လုပ်ခဲ့ရတော့တာပါပဲ"

"ဗိုလ်တထောင်ညိုမောင်နဲ့ မင်း ဘယ်လိုပတ်သက်သလဲ"

ဦးမာလူးက ဖြတ်၍မေးလိုက်၏။

"ကိုညိုမောင်နဲ့ ကျွန်မယောကျ်ားက သူငယ်ချင်းတွေပါ"

"ကဲ . . . အခု မင်းဆီက မင်းယူထားတဲ့ငွေတွေကို လာပြန်တောင်းတာပဲ၊ ဒီငွေအတွက် မောင်လိမ္မာဟာ နေ့ညမနား အငတ်ငတ် အပြတ်ပြတ်ခံပြီး ချွေးစက်ပေါင်းများစွာ ကျခဲ့ရတယ်၊ မင်း . . . သူ့ကို ပြန်ပေးလိုက်ပါ"

"ဟုတ်ကဲ့ . . . ကျွန်မ ပြန်ပေးပါ့မယ်၊ ဒါပေမယ့် ငွေကတော့ အပြည့်မရှိတော့ဘူး၊ ကိုညိုမောင်ကို ပေးရတာနဲ့ . . . တချို့ကိုလဲ ကျွန်မ သုံးထားလိုက်မိပြီ"

မမိုးဆွေက အသာတကြည်ပင် ပြန်ဖြေလေ၏။ ဦးမာလူးက မောင်လိမ္မာကိုကြည့်လိုက်သည်။

"ခင်ဗျားသုံးလို့ကုန်သွားတဲ့ ငွေတွေအတွက် ပြန်မဆပ်ပါနဲ့တော့ . . . ၊ ကျန်တာကိုသာ ကျွန်တော့်ကို ပြန်ပေးပါ၊ ခင်ဗျားရဲ့ အခု ဖြစ်နေတဲ့ အခြေအနေကို ကျွန်တော်သဘောပေါက်ပါတယ်၊ ပထွေးဆိုး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သားဖြစ်ခဲ့တဲ့ ကျွန်တော်က ပထွေးဆိုးတစ်ယောက်ရဲ့ သမီးဖြစ်ခဲ့တဲ့ ခင်ဗျားကို ဘဝတူချင်း စေတနာနဲ့ ကူညီလှူဒါန်းလိုက် တယ်လို့ပဲ စိတ်ထဲက မှတ်ထင်လိုက်ပါ"

မောင်လိမ္မာ၏စကားကြောင့် မမိုးဆွေ၏ မျက်နှာတစ်ခုလုံး ဝင်းပသွားလေတော့သည်။ သူမသည် တဲအတွင်းသို့ ပြေးဝင်သွားပြီး ကျန်ရှိနေသည့် ငွေစက္ကူထုပ်ကို ယူ၍ပေးလေ၏။ မောင်လိမ္မာက ငွေထုပ်ထဲမှ ငွေစက္ကူတချို့ကို နှိုက်ထုပ်လိုက်ပြီး မမိုးဆွေသို့ပြန်၍ ကမ်းပေးလိုက်၏။ မမိုးဆွေသည် ကြောင်အမ်းအမ်းနှင့် ကြည့်နေလေသည်။

"ရော့ . . . ဒါကိုပါ ယူလိုက်ပါ၊ လတ်တလော ခင်ဗျားတို့ မိသားစုသုံးဖို့"

မမိုးဆွေ၏ မျက်ဝန်းထဲမှ မျက်ရည်ကြည်များ စီးဆင်းလာ၏။ နှုတ်မှလည်း . . .

"ကျေးဇူးကြီးလိုက်တာ ကိုလိမ္မာရယ်၊ ရှင်ဟာတကယ့်သူတော်ကောင်းပါပဲ"

ဟု ဆိုလိုက်လေ၏။

"နောက်တစ်ခု ခင်ဗျားကို ကျွန်တော်ပြောချင်တယ်"

မောင်လိမ္မာသည် ဦးမာလူးအား ကြည့်လိုက်ပြန်လေရာ ဦးမာလူးက သဘောပေါက်သည့်အလား ခေါင်းညိတ်ပြလိုက်၏။

"ခင်ဗျား . . . ဒီမကောင်းမှုဒုစရိုက်အလုပ်တွေနဲ့ ဆက်ပြီး အသက်မမွေးစေချင်ဘူး"

"ရှင် . . . "

"ဟုတ်တယ် . . . အကယ်၍သာ ခင်ဗျား တစ်စုံတစ်ခုဖြစ်ခဲ့ရင် . . . ဥပမာ ဖမ်းခံထိသွားရင် ခင်ဗျားရဲ့ လူမမယ်သားလေးနဲ့ ဒုက္ခိတ အဖေအိုတို့ အကြီးအကျယ် ဒုက္ခရောက်လိမ့်မယ်"

မမိုးဆွေ၏မျက်နှာ ညှိုးကျသွားပြန်လေသည်၊ သူမသည် ဖွေ ပူတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

"ကျွန်မလဲ တွေးမိပါတယ်ရှင် . . . ဒါပေမယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အရင်းအနှီးမရှိဘူး . . . ဒီလိုလား"

"တုတ်ပါတယ်"

"ခင်ဗျား . . . ဘာလုပ်စားတတ်သလဲ"

"ကျွန်မ . . . ကျွန်မ . . . စက်ချုပ်တတ်ပါတယ်"

"ခင်ဗျား စက်ချုပ်မလား၊ ကျွန်တော် စက်ဆိုင်ဖွင့်ပေးမယ်"

မောင်လိမ္မာ၏ အားတက်သရောအပြောကြောင့် မမိုးဆွေသည် ထခုန်မိမတတ် ဝမ်းသာသွားရလေ၏။

"တကယ် . . . တကယ်ပြောတာလား"

မောင်လိမ္မာက ပြုံး၍ ကြည့်လိုက်လေသည်၊ ထို့နောက်တွင်မှ . . .

"တကယ်ပြောတာပေါ့ . . . မောင်တစ်ယောက်က အစ်မတစ်ယောက်ကို နိုင်တဲ့အချိန်မှာ အကူအညီပေးတာပါပဲလေ"

ဟု ဆိုလိုက်လေတော့သတည်း။

– – –



www.burmeseclassic.com

www.burmeseclassic.com

# တစ်

ခုသော အားလပ်သောနေ့တစ်နေ့၌ မောင်လိမ္မာသည် သုသာန်ဇရပ်သို့ ရောက်ရှိလာပြီး ဦးမာလူးနှင့် စကားလက်ဆုံကျနေလေ၏။

ခဏအကြာ၌ ရွှေပြည်ချမ်းသာသည်လည်း သူတို့စကားဝိုင်းသို့ ရောက်ရှိလာလေတော့သည်။ ထိုအချိန်၌ မောင်ပြည့်စုံကြွယ်ဝ ကလေးမှာ ကျောင်းတက်နေသည့်အချိန်ဖြစ်ပြီး ဦးဘောဂမှာမူ ခပ်လှမ်းလှမ်းတစ်နေရာ၌ ပေါက်ပြား၊ ဂေါ်ပြားများနှင့် မြေကျင်းတူးရင်း အလုပ်ရှုပ်နေလေသည်။

"မောင်လိမ္မာရေ . . . မင်းရဲ့ မြွေဆိုးမလဲ အဆင်ပြေနေတယ်လို့ကြားတယ် . . . ဟုတ်လား"

"ဟုတ်ပအဘရယ် . . . အဘရွေးပေးတဲ့နေရာ တောင်



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကလာပ (၁၀)ရပ်ကွက်ဈေးနားမှာ ဆိုင်ခန်းလေးငှားပေးလိုက်တာ ထတ်စေလည်နိုင်အောင် ချုပ်နေရသတဲ့၊ တပည့်တပန်းတွေပါ ငှားရမ်း ထား ရပြီး . . . သူ့သားလေးနဲ့ အမေကြီးကိုပါ အဲဒီမှာပဲ ခေါ်ထားလိုက် သတဲ့၊ အရင် သူတို့နေတဲ့ တဲကလေးကိုတော့ ရတဲ့ဈေးနဲ့ပဲ ရောင်းလိုက်ပြီး အဘရေ"

"အေးလေ . . . သူလဲ ချမ်းသာလာမှာပါ၊ သူ့မှာ ချမ်းသာနိုင်တဲ့ စရိုက်သဘာဝတွေ ရှိသကွ၊ မင်းလဲ ကုသိုလ်ရတာပေါ့ကွာ"

"ကျွန်တော်ကတော့ အဘရယ် . . . ကိုယ်ကူညီသင့်လို့ကူညီလိုက်တဲ့သူ အဆင်ပြေအောင်မြင်တယ်ဆိုရင်ပဲ ကျေနပ်လှပါပြီ၊ အခု . . . သူ့ရဲ့ "မြေဘုရင်မ"အမျိုးသမီး ကော်ကပ်အပ်ချုပ်ဆိုင်ကတော့ အမျိုးသမီးတွေကြားမှာ ဘာရေပန်းစားသလဲမမေးနဲ့ . . . အားလုံးသိ ကုန်ကြပြီ"

"အချိန်ကာလ နေရာဌာန ကိုက်ညီသွားတော့လဲ ဒီလိုပဲဖြစ်ရမှာပေါ့ကွာ"

"အဘ . . . သမီးလဲ ချမ်းသာချင်တယ်၊ ဘယ်လိုလုပ်ရမလဲ"

တစ်ချိန်လုံး ငြိမ်၍နားထောင်နေသည့် ရွှေပြည်ချမ်းသာက ဝင်မေးလိုက်လေ၏၊ ဦးမာလူးက ပြုံးလိုက်ပြီး . . .

"သမီးက သူဌေးပဲဟာ . . . ဘာချမ်းသာဖို့လိုလို့လဲ"

ဟု ပြောလိုက်လေရာ ရွှေပြည်ချမ်းသာက မျက်နက်လေးထောင့်ကပ်၍ . . .

"အဘကလဲ လျှောက်ပြောနေပြန်ပြီ၊ သမီးက သမီးကိုယ်တိုင်အလုပ်လုပ်ပြီး ချမ်းသာချင်တာ . . . ကိုလိမ္မာလိုပေါ့"

ဟု ပြန်ပြောလေတော့သည်၊

"သမီးက ဘာလုပ်ချင်လို့လဲ"

"ဘာလုပ်ရမှန်းမသိလို့ အဘကို မေးတာပေါ့၊ အဖေက ခဏခဏပြောတယ်၊ အဘမှာ ချမ်းသာတဲ့နည်းတွေ အများကြီးရှိတယ်တဲ့ . . ၊ သမီးကို ပြောပြပါလား"

ဦးမာလူးသည် ပြုံးလိုက်ပြီး ဖက်စိမ်းဆေးပေါ့လိပ်ကို မီးညှိဖွာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်လိုက်ပြီး မီးခိုးငွေများကို ဟူးခနဲ မှုတ်ထုတ်လိုက်၏။

"သမီးက တကယ်ချမ်းသာချင်လား"

"ချမ်းသာချင်တာပေါ့"

"အဲဒါဆို ချမ်းသာတဲ့နည်းကို အဘပြောပြမယ်၊ အသေအချာနားထောင် . . . အခု အဘပြောတဲ့ ချမ်းသာနည်းဟာ အဘက ထွင်ထားတာမဟုတ်ဘူး၊ အဘတို့ တစ်မျိုးသားလုံး ကိုးကွယ်ကြတဲ့ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားသွားခဲ့တဲ့ အကြောင်းအရာတွေပဲ၊ သူ့ရဲ့နည်းအတိုင်း ပြုမူလုပ်ဆောင်နိုင်တဲ့သူမှန်သမျှ ချမ်းသာရမှာပဲ . . . ဒီလိုကွယ့်"

ဦးမာလူးသည် ဆေးလိပ်ပြာကို ခြွေချလိုက်ပြီးနောက် တစ်ချက်ရှိုက်ဖွာလိုက်ပြီးမှ ဆေးလိပ်မီးကို ထိုး၍သတ်လိုက်၏။

"ဒီအကြောင်းတွေကို မောင်လိမ္မာကိုတောင် အဘ သေသေချာချာ မပြောရသေးဘူး . . . မင်းလဲနားထောင်"

"ဟုတ်ကဲ့ အဘ"

မောင်လိမ္မာက အားတက်သရောပြောပြီး ခေါင်းညိတ်ပြလေ၏။

"ဒီလိုကွ . . . ငါတို့ဗုဒ္ဓမြတ်စွာ ပွင့်တော်မူတဲ့အချိန် သက်ရှိထင်ရှားရှိနေစဉ်ကာလမှာ ကြီးပွားချမ်းသာခြင်း အကြောင်းတရားတွေနဲ့ပတ်သက်ပြီး ဂယနကာ မေးမြန်းခဲ့ဖူးတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတယ်၊ အဲဒီလူရဲ့အမည်က ဒီဃဇာဏုတဲ့၊ မြတ်စွာဘုရားဟာ ကောလိယတိုင်းထဲမှာရှိတဲ့ ကက္ကရပတ္တလို့ခေါ်တဲ့ ရွာကြီးမှာ သီတင်းသုံးနေတဲ့အချိန်မှာ ကောလိယ မင်းမျိုးမင်းနွယ်ဖြစ်တဲ့ ဒီဃဇာဏုသတို့သားက မေးခဲ့တာပဲ၊ အဲဒီအခါမှာ မြတ်စွာဘုရားက သူ့ကိုအကြောင်းပြုပြီး လက်ရှိကာလကြီးပွားချမ်းသာ ပြည့်စုံကြွယ်ဝမှုကို အကြောင်းပြုတဲ့ သမ္ပဒါတရားလေးပါး၊ နောင်တမလွန်ဘဝမှာ ကြွယ်ဝချမ်းသာစေမယ့် သမ္ပဒါတရားလေးပါး ပေါင်းရှစ်ပါးကို ရှင်းလင်းစွာ ဟောကြားသွားခဲ့တယ်၊ နောင်သံသရာမှာဖြစ်လာမယ့်အကြောင်းတွေကို ထားလိုက်တော့ . . . မင်းတို့က ငယ်ရွယ်သေးသူတွေဆိုတော့ အခုလက်ရှိဘဝမှာ အမှန်အကန် ကြီးပွားချမ်းသာစေမယ့် သမ္ပဒါတရားလေးပါးအကြောင်းကိုပဲ အရင်ရှင်းအောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြမယ် . . . အသေအချာ နားထောင်ကြနော်"

"ဟုတ်ကဲ့ . . ."

မောင်လိမ္မာသည် စိတ်ဝင်တစားနှင့် နားထောင်နေလေ၏။ ရွှေပြည်ချမ်းသာကလည်း မျက်လုံးကလေးများ ပြူးဝိုင်းကာ စူးစိုက်၍ နေလေသည်။

"ပထမဦးဆုံး ကြီးပွားချမ်းသာစေဖို့ အဓိကလိုအပ်ချက်ကတော့ ဥဋ္ဌာနသမ္ပဒါ လို့ခေါ်တဲ့ တက်ကြွစိတ်သန်ပြီး အားကြိုးမာန်တက် အလုပ်လုပ်ချင်တဲ့ စိတ်ဓာတ်ရှိခြင်းပဲ . . .၊ ဘယ်အလုပ်ကိုလုပ်လုပ် စိတ်လက်ပါပါနဲ့ အားစိုက်ခွန်စိုက် ပြုလုပ်ရမယ်၊ အဲဒီကဏ္ဍမှာ အပိုင်း ငါးပိုင်းရှိတယ်၊ အဲဒါတွေကတော့ . . . ဉာဏသမ္ပတ္တိ မိမိလုပ်ကိုင်တဲ့ လုပ်ငန်းအပေါ်မှာ နားလည်ကျွမ်းကျင်ရမယ်၊ ကိုယ်လုပ်နေတဲ့ လုပ်ငန်း ကိုမှမကျွမ်းကျင် မပိုင်နိုင်ဘူးဆိုရင် ဘယ်လိုလုပ် အောင်မြင်နိုင်မှာလဲ၊ ဒုတိယအချက်ကတော့ . . . ဂတိသမ္ပတ္တိ အလုပ်ဖြစ်မယ့်နေရာကို ရှာ တတ်ရမယ်၊ အခု မိုးဆွေရဲ့ မြွေမင်းသမီးအပ်ချုပ်ဆိုင်ဟာ ခေတ်ပေါ် အဝတ်အထည်စတွေကို ရောင်းဝယ်ဖောက်ကားတဲ့ တောင်ဥက္ကလာပ၊ (၁၀)ရပ်ကွက်ဈေးနားမှာဖွင့်ထားတဲ့အတွက် ဘယ်လောက်အထိ အလုပ် ဖြစ်သလဲ၊ အဲဒီအတိုင်းပဲ . . . နေရာကောင်း အကွက်ကောင်းကို ရွေး ချယ် တတ်ရမယ်၊ တတိယကတော့. . . ဥပဓိသမ္ပတ္တိ ကိုယ်လုပ်တဲ့ လုပ်ငန်း အောင်မြင်ဖို့အတွက် လုပ်ငန်းနဲ့သက်ဆိုင်တဲ့ ကိရိယာတန်ဆာပလာ တွေရှိရမယ်၊ ဒါကတော့ ရှင်းပါတယ် . . . ဥပမာလက်သမားတစ်ယောက် လုပ်မယ်ဆိုရင် လက်သမားနဲ့ သက်ဆိုင်တဲ့တူ၊ ဆောက်၊ လွှ၊ ရွှေဘော် အစရှိတဲ့လက်သမားတန်ဆာပလာတွေရှိဖို့လိုတယ် . . . ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"စတုတ္ထအနေနဲ့ကတော့ . . . ဘယ်အရာကိုပဲလုပ်လုပ်အံဝင်ခွင် ကျလုပ်တတ်ရမယ်၊ စောသွားတာတွေ နောက်ကျတာတွေ မရှိစေဘူး . . ကွက်တိဖြစ်နေရမယ်၊ ဥပမာပေါ့ကွာ . . . မောင်လိမ္မာတာရာသီကုန်



www.burmeseclassic.com

www.burmeseclassic.com



သီးနှံတွေကို သယ်ဆောင်လာခဲ့တယ်ဆိုပါတော့ . . . ၊ ရာသီလွန်တဲ့အခါမှ သူများတွေစားလို့ ရိုးအီနေတဲ့အချိန်မှ . . . မင်းက သယ်လာတယ်ဆိုရင် ဘယ်သူက စားချင်တော့မှာလဲ၊ ဘယ်လိုလုပ်ဈေး ကောင်းရတော့မလဲ၊ ဒီသဘောပဲ . . . တကယ်လိုအပ်နေတဲ့အချိန် တကယ်ချင်ခြင်း တပ်နေတဲ့ အချိန်မှာ ကိုယ်ကကွတ်တိလုပ်ဆောင်နိုင်မှအောင်မြင်မှုကို ရနိုင်မယ် . . . တုတ်လား"

"ဟုတ်ပါတယ်"

"နောက်ဆုံးအချက်ကတော့ ပယောဂသမ္ပတ္တိ အသိဉာဏ်ရှိရမယ်၊ အသိဉာဏ်ရှိတဲ့အတိုင်း ဖွံ့၊ လုံ့လ၊ ဝီရိယနဲ့ပြီးဆုံးအောင်မြင်အောင် လုပ်ကိုင်နိုင်ရမယ်၊ အသိဉာဏ်ရှိပြီး အလုပ်လုပ်နိုင်တဲ့သူဟာ မိမိရဲ့ကံဇာတာကို မိမိပြန်ပြီး ဦးဆောင်နိုင်တဲ့သူပဲ၊ သူ့ရဲ့ကံဇာတာအဆိုးအကောင်းကို ဗေဒင်ဆရာမပြောနဲ့ . . . တန်ခိုးကြီးမားပါတယ်ဆိုတဲ့ နတ်သိကြားတွေကတောင်မှ အဆုံးအဖြတ်မပေးနိုင်ကြဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒီလိုလူမျိုးဟာ ဘာမဆို လုပ်တိုင်းဖြစ်နေလို့ပဲ၊ အသိဉာဏ်က ဦးဆောင်ပြီးစွဲမြဲထက်သန်တဲ့ ဝီရိယရှိခြင်း ပယောဂသမ္ပတ္တိ ဆိုတဲ့ အချက်ဟာ ကြီးပွားချမ်းသာခြင်းအတွက် အရေးအကြီးဆုံး ပဓာနအကျဆုံး အချက်ပဲကွယ့်"

ဦးမာလူး၏ စကားများသည်ကား အလွန်တရာ တန်ဖိုးရှိလှပေသည်။ မောင်လိမ္မာသည် ၎င်းစကားလုံးများအား သူ၏နှလုံးသားထဲ၌ သံမှိုစွဲထားသကဲ့သို့ သိမ်းဆည်းမှတ်သားထားလိုက်သေ၏။

"နံပါတ်တစ်ဖြစ်တဲ့ ဥဋ္ဌာနသမ္ပဒါ အကြောင်းကို မင်းတို့သိ သွားပြီ အခု . . . နံပါတ်နှစ် အာရက္ခသမ္ပဒါ . . . ထိန်းသိမ်းစောင့် ရှောက်မှုနဲ့ ပြည့်ဝခြင်းဆိုတဲ့ အကြောင်းကို ဆက်ပြောမယ်၊ ကြွယ်ဝချမ်း သာချင်တဲ့ သူဟာမကုန်သင့် မကုန်ထိုက်တာကို တစ်စွန်းတစ်စ တစ်စိုး တစ်စိမှမကုန် ရလေအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရမယ် . . ."

"အဘ မောင်လိမ္မာကျွေးခဲ့တဲ့ ဒံပေါက်နဲ့ ပေါက်စီကို မစားခဲ့တာ အဲဒါကြောင့်ပဲ၊ အဲဒီအချိန်တုန်းက မင်းအနေနဲ့ မကုန်သင့် မကုန်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ဘဲ အတုန်အတျမခံသင့်သေးဘူးဆိုတာကို သိစေချင်လို့ပဲ၊ ရွာတော့ ဆယ်ဖြား . . . စားတော့တစ်မတ်၊ ကြွေးတင်လို့ဆပ်ရတာက ဖြားငါး ဆယ်ဆိုရင် လူလူသူသူ ဘယ်လိုလုပ်ဖြစ်နိုင်ပါတော့မလဲ၊ ဒါကြောင့် . . . တြွယ်ဝချမ်းသာချင်တဲ့သူဟာ ချွေးပေါက်ပေါက်ယိုစီး၊ ပင်ပန်း တကြီး ရှာဖွေစုဆောင်းခဲ့ရတဲ့ ဥစ္စာပစ္စည်းတွေကို မယိုဖိတ်၊ မလေလွင့် ရလေအောင် စနစ်တကျ သုံးစွဲတတ်တဲ့သူဖြစ်ရမယ်၊ ဝင်ငွေနဲ့ ထွက်ငွေ မျှတမှ ချောင်လည်တဲ့ဘဝကို ရောက်မှာပေါ့. . ."

"အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ၊ သမင်မွေးရင်း ကျားစားရင်း၊ ပလိုင်းပေါက်နဲ့ ဖားကောက်၊ အိုးပေါက်နဲ့ ရေခံ၊ လူမိုက်နဲ့ငွေ အတူမနေ၊ ခွေးရူးကောင်းစား တစ်မွန်းတည့် ဆိုတဲ့ စကားပုံတွေဟာ ရှာသလောက် အဖတ်မတင် . . . စည်းစနစ်မရှိတဲ့ သူတွေအတွက် ပေါ်လာခဲ့ရတဲ့ စကားပုံတွေပဲ၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း၊ စီးလာတဲ့ရေတွေကို တင်ကျန် အောင် ဆယ်နိုင်တဲ့ကန်သင်း ရှိနေမယ်ကွ . . ."

"အခု နံပါတ်နှစ် အာရက္ခသမ္ပဒါ ဆိုတဲ့ အခန်းမှာလဲ ဥစ္စာစီး ပွားပျက်စီးဆုံးရှုံးစေပြီး၊ ကြီးမားတဲ့ ဘေးရန်ဖြစ်နိုင်တဲ့ အကြောင်းတရား တွေ ရှိသေးသကွ . . .၊ အဲဒါတွေကတော့ ဥဒကဘယအာရက္ခ၊ အဂ္ဂိ ဘယအာရက္ခ၊ ရာဇဘယအာရက္ခ၊ စောရဘယအာရက္ခ၊ အပ္ပိယဒါယာ ဒအာရက္ခ လို့ ပါဠိလိုခေါ်တဲ့ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ၊ အမွေခံ သားဆိုးသမီးဆိုးတွေရဲ့ ဘေးရန်တွေပဲကွ . . .၊ ကိုယ်ရှာဖွေ စုဆောင်းသိမ်းဆည်းထားတဲ့ ပစ္စည်းဥစ္စာတွေဟာ ရေကြီးလို့ ပျက်စီးသွား နိုင်တယ်၊ မီးလောင်လို့ ပြောင်သလင်းခါသွားနိုင်တယ်၊ သူခိုး ခိုးလို့ လုံး ပါးပါးသွားနိုင်တယ်ဆိုတာတွေကို အမြဲမပြတ်သတိရှိနေရမယ်၊ မကြာ သေးခင်ကာလကတောင်မှ မောင်လိမ္မာခမျာ ခိုးသူဘေးနဲ့ ကြုံတွေ့ခဲ့ရ သေးတာပဲ၊ ကံကောင်းလို့ တချို့တစ်ဝက်ပြန်ရခဲ့တာမဟုတ်လား၊ ဟင်း ဟင်း ဟင်း. . ."

ဦးမာလူးသည် ပြောပြီးနောက် သူ၏ထုံးစံအတိုင်း နှုတ်ခမ်းတို စေ့၍ရယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ဘဲ အတုန်အကျမခံသင့်သေးဘူးဆိုတာကို သိစေချင်လို့ပဲ၊ ရှာတော့ ဆယ်ပြား . . . စားတော့တစ်မတ်၊ ကြွေးတင်လို့ဆပ်ရတာက ပြားငါး ဆယ်ဆိုရင် လူလူသူသူ ဘယ်လိုလုပ်ဖြစ်နိုင်ပါတော့မလဲ၊ ဒါကြောင့် . . . ကြွယ်ဝချမ်းသာချင်တဲ့သူဟာ ချွေးပေါက်ပေါက်ယိုစီး၊ ပင်ပန်း တကြီး ရှာဖွေစုဆောင်းခဲ့ရတဲ့ ဥစ္စာပစ္စည်းတွေကို မယိုဖိတ်၊ မလေလွင့် ရလေအောင် စနစ်တကျ သုံးစွဲတတ်တဲ့သူဖြစ်ရမယ်၊ ဝင်ငွေနဲ့ ထွက်ငွေ မျှတမှ ချောင်လည်တဲ့ဘဝကို ရောက်မှာပေါ့. . ."

"အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ၊ သမင်မွေးရင်း ကျားစားရင်း၊ ပလိုင်းပေါက်နဲ့ ဖားကောက်၊ အိုးပေါက်နဲ့ ရေခံ၊ လူမိုက်နဲ့ငွေ အတူမနေ၊ ခွေးရူးကောင်းစား တစ်မှန်းတည့် ဆိုတဲ့ စကားပုံတွေဟာ ရှာသလောက် အဖတ်မတင် . . . စည်းစနစ်မရှိတဲ့ သူတွေအတွက် ပေါ်လာခဲ့ရတဲ့ စကားပုံတွေပဲ၊ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း၊ စီးလာတဲ့ရေတွေကို တင်ကျန် အောင် ဆယ်နိုင်တဲ့ကန်သင်း ရှိနေမယ်ကွ . . ."

"အခု နံပါတ်နှစ် အာရက္ခသမ္ပဒါ ဆိုတဲ့ အခန်းမှာလဲ ဥစ္စာစီး ပွားပျက်စီးဆုံးရှုံးစေပြီး၊ ကြီးမားတဲ့ ဘေးရန်ဖြစ်နိုင်တဲ့ အကြောင်းတရား တွေ ရှိသေးသကွ . . .၊ အဲဒါတွေကတော့ ဥဒကဘယအာရက္ခ၊ အဂ္ဂိ ဘယအာရက္ခ၊ ရာဇဘယအာရက္ခ၊ စောရဘယအာရက္ခ၊ အပ္ပိယဒါယာ ဒအာရက္ခ လို့ ပါဠိလိုခေါ်တဲ့ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ၊ အမွေခံ သားဆိုးသမီးဆိုးတွေရဲ့ ဘေးရန်တွေပဲကွ . . .၊ ကိုယ်ရှာဖွေ စုဆောင်းသိမ်းဆည်းထားတဲ့ ပစ္စည်းဥစ္စာတွေဟာ ရေကြီးလို့ ပျက်စီးသွား နိုင်တယ်၊ မီးလောင်လို့ ပြောင်သလင်းခါသွားနိုင်တယ်၊ သူခိုး ခိုးလို့ လုံး ပါးပါးသွားနိုင်တယ်ဆိုတာတွေကို အမြဲမပြတ်သတိရှိနေရမယ်၊ မကြာ သေးခင်ကာလကတောင်မှ မောင်လိမ္မာခမျာ ခိုးသူဘေးနဲ့ ကြုံတွေ့ခဲ့ရ သေးတာပဲ၊ ကံကောင်းလို့ တချို့တစ်ဝက်ပြန်ရခဲ့တာမဟုတ်လား၊ ဟင်း ဟင်း ဟင်း. . ."

ဦးမာလူးသည် ပြောပြီးနောက် သူ၏ထုံးစံအတိုင်း နှုတ်ခမ်းကို စေ့၍ရယ်လေ၏။





"အဘ . . . သမီး မသိလို့မေးချင်တယ် . . .၊ ရေဘေး မီး ဘေး၊ ခိုးသူဘေး ဆိုတာတွေကတော့ ဟုတ်ပါပြီ၊ မင်းဘေးဆိုတာ ဘာလဲ အဘ"

• စိတ်ဝင်တစား နားထောင်နေသည့် ရွှေပြည်ချမ်းသာက ဝင်မေး လိုက်လေ၏။ ဦးမာလူးက ခေါင်းညိတ်ပြလိုက်ပြီး ဤသို့ဆက်၍ ပြော လေ၏။

"ဒီလို . . . သမီးရဲ့၊ မင်းဘေးဆိုတာ မင်းအစိုးရက တားမြစ် ပိတ်ပင်ထားတဲ့ မလွတ်မကင်းကုန်စည်တွေကို ရောင်းဝယ်ဖောက်ကားမိ လို့ အဖမ်းအဆီးခံရရင်၊ ဒါမှမဟုတ် တစ်ယောက်နဲ့တစ်ယောက် လော ဘ၊ ဒေါသ၊ မောဟတွေကြောင့် အချင်းများကြပြီး ရိုက်ရောက် ဂါတ်ရောက် ဖြစ်ခဲ့ရင် ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေဟာ ကုန်ခန်းလျော့ပါးသွားစေ နိုင်တယ်ကွယ့် . . .၊ ဂါတ်စရိတ်၊ ရုံးစရိတ် . . . ဘာစရိတ်ညာစရိတ် တွေနဲ့ နာလန်မထူနိုင်အောင်ဖြစ်သွားခဲ့ရတဲ့သူတွေ အများကြီးရှိတယ်၊ ဒါကြောင့်မင်းအစိုးရက တရားဝင်ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို လေး စားလိုက်နာရမယ်၊ ဥပဒေနဲ့မတာင်းတဲ့ ရာဇဝတ်မှုတွေကို မလုပ်ရဘူး၊ ဒါကြောင့် မောင်လိမ္မာကို အဘက ဥပဒေမဲ့ပစ္စည်းတွေ ရောင်းဝယ်ခြင်း မလုပ်ဖို့တားမြစ်ခဲ့တာပေါ့၊ နောက်ပြီး . . . လူတစ်ယောက်နဲ့တစ် ယောက်ဆက်ဆံတဲ့နေရာမှာ အတတ်နိုင်ဆုံး ခွင့်လွှတ်သည်းခံ မေတ္တာ ကိုလွှယ်ပြီး ဒေါသကို ပယ်ထုတ်ရမယ်၊ ဒါမှသာ မလိုအပ်ဘဲအမှုအခင်း ဖြစ်မယ့် အရေးကို ရှောင်ရှားနိုင်မှာပေါ့ . . . ရှင်းပြီလား သမီး"

"ဟုတ်ကဲ့ . . . ရှင်းပါတယ်အဘ"

"အဘ . . . မချစ်မနှစ်သက်သူ၊ သားဆိုးသမီးဆိုးဘေးဆို တာကရော . . . ဘာကိုပြောတာလဲအဘ"

မောင်လိမ္မာက မေးလိုက်ပြန်၏။

"သူတို့ကလဲ တစ်မျိုးဆိုးတာပဲကွ၊ သားသမီးတွေကို မိဘက ငယ်စဉ်ကာလကတည်းက လိမ္မာယဉ်ကျေးအောင်၊ စည်းကမ်းရှိစေအောင်၊ ဉာဏ်ပညာ အတတ်ပညာရှိအောင် ဆုံးမပဲ့ပြင်သွန်သင်ထားရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ငယ်စဉ်ကာလ မဆုံးမသော် မိဘတလည်းရန်သူမည်၏ . . . ဆိုတဲ့ စကားဟာ အမှန်ပဲ . . . ၊ငယ်စဉ်ကတည်းက မလိုအပ်တဲ့နေရာတွေမှာပါ အလိုလိုက်ထားခဲ့ရင် ကြီးလာတဲ့အခါ ဒီကလေးဟာ အမိုက်စော် ကားသွားမှာပဲ . . . ၊ အိုးကောင်းတစ်လုံး ရဖို့အတွက် ရွှံ့ညွှဲစေးဘဝမှာ နာနာထုရတယ်၊ ဆန်ကောင်းရဖို့အတွက် ဆန်ရင်းကို နာနာဖွပ်ရတယ် . . . ၊ ဒီအတိုင်းပဲ ဒီကလေးပုံစံကျဖို့ ချော့တန်ချော့၊ ခြောက်တန်ခြောက်၊ ရိုက်တန်ရိုက်၊ နှက်တန်နှက် လုပ်ပေးရမှာပဲ၊ ဒီလိုမှ မဟုတ်ဘဲကြီးတဲ့ အခါမှ စရိုက်ဗီဇ ပုံစံကျတဲ့အချိန်မှ ပြုပြင်ချင်လို့ မရတော့ဘူး၊ ယုတ် ကန်းနိမ့်ကျတဲ့ စိတ်နေစိတ်ထားရှိသူ သားဆိုးသမီးဆိုးတွေကြောင့် ပစ္စည်းဥစ္စာကုန်ခန်း ဆုံးရှုံးပြီး မျက်ရည်နဲ့ မျက်ခွက်ဖြစ်ခဲ့ကြရတဲ့ မိဘတွေအ များကြီးပဲ၊ အဲဒါ ကိုယ်က ချစ်ခင်နှစ်သက်ပါလျက်နဲ့ ကိုယ့်ကိုမချစ်ခင်မနှစ်သက်တဲ့၊ မထောက်ထား မညှာတာတဲ့၊ စာနာငဲ့ညှာခြင်းမရှိတဲ့ အမွေခံသားဆိုး သမီးဆိုးတွေရဲ့ ဘေးရန်ပဲပေါ့"

စကားစတို့ ခေတ္တပြတ်သွားသွားသည်။ ရွှေပြည်ချမ်းသာက အလိုက်သိစွာနှင့်ပင် သောက်ရေအိုးစင်မှ ရေတစ်ခွက်ကိုခပ်ပြီး ဦးမာလူး အား တရိုတသေ ကမ်းပေးလိုက်၏။ ဦးမာလူးက ရေကိုမော့သောက်လိုက် ပြီး "သာဓု . . . သာဓု . . . သာဓု"ဟု ဆုပေးလေသည်။

မောင်လိမ္မာသည် အတိတ်ဘဝကံအကြောင်း မကောင်းခဲ့သော်လည်း အမည်သညာနှင့် လိုက်အောင် လိမ္မာယဉ်ကျေးစွာ နေတတ်သူဖြစ်လေသည်၊ သူသည် ဦးမာလူး၏စကားကို နားထောင်ပြီးနောက် မိမိတစ်သက်တာ ဘဝတစ်လျှောက်လုံး မည်သည့်အခါတွင်မှ သားဆိုး သမီးဆိုးစာရင်းမဝင်ရလေအောင် မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်ရှောက် သွားမည်ဟု ဆုံးဖြတ်လိုက်လေ၏။

"နံပါတ်သုံး . . . ကလျာဏမိတ္တသမ္ပဒါ ဆိုတာကတော့ မောင် လိမ္မာကို အဘပြောခဲ့ပြီးပါပြီ၊ မိတ်ဆွေစစ် မိတ်ဆွေမှန်တွေကို ရွေးချယ် ပေါင်းသင်းပါ၊ မိတ်ဆွေတု မိတ်ဆွေယောင်တွေကို အထူးရှောင်ရှားပါ။ မိတ်ဆွေစစ် မိတ်ဆွေမှန်ပေါများတဲ့သူဟာ ကြီးပွားချမ်းသာမှာပဲ . . . ၊



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတု မိတ်ဆွေယောင်တွေနဲ့သာ အပေါင်းအသင်းများနေမယ်ဆိုရင်တော့ မင်းတို့ ကလေးဘဝကသင်ခဲ့တဲ့ သင်ပုန်းကြီးဖတ်စာထဲက တုငွေရှစ်ဆယ်သူဌေးသားလို ရှိသမျှကုန်ပြီး သူတောင်းစားဘဝနဲ့ ရွာမှ ထွက်လေ တောမှာသေသည်ဆိုတာမျိုး ဖြစ်သွားမှာ အမှန်ပဲကွ"

ကဲ . . . နောက်ဆုံးနံပါတ်လေးကတော့ . . . သမ္မာဇီဝိတာ သမ္မာဒါလို့ခေါ်တဲ့ ညီမျှစွာ အသက်မွေးဝမ်းကျောင်းခြင်း ဆိုတာပါပဲ၊ မိမိမှာရှိတဲ့ ငွေကြေးအတိုင်းအတာနဲ့ သင့်တော်နိုင်နင်းတဲ့အလုပ်ကိုပဲလုပ်ရမယ်၊ လူနေချုံကြား စိတ်နေဘုံမြား ဖြစ်နေလို့မရဘူး၊ ကိုယ့်ရှိတာ ကနည်းနည်း . . . လုပ်ချင်တာက အကြီးကြီးဆိုရင်တော့ မဖြစ်ဘူးပေါ့။ ဆန်နဲ့အိုး တန်ရုံချက်ရမယ်၊ အဲဒါ . . . သမာသမတ်ကျတာလို့ ဆိုလိုတာပဲ . . . ၊ နောက်တစ်ခု တကိုယ်က အများကြီးလုပ်နိုင်ပါလျက် နဲ့ ငွေကြေးဥစ္စာ ရှိပါလျက်နဲ့ သေးသေးမွှားမွှား အလုပ်ကလေးတွေကိုပဲ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ လုပ်နေ၊ သင့်တင့်အောင် စားသောက် နေထိုင်နိုင်ပါလျက်နဲ့ အငတ်အပြတ်ခံပြီး ခြိုးခြံနေမယ်ဆိုပြန်ရင်လဲ သမာသမတ်မကျပြန်ဘူး . . . ၊ ဒီလိုလူမျိုးကျတော့ ငွေရှင်ကြေးရှင်လူ ရှင်ကြီး ဖြစ်နေပါလျက်နဲ့ ပိုင်ဆိုင်ထားတဲ့ ငွေကြေးတွေကို မထိရဲမတို့ ရဲနဲ့ ငွေသေကြေးသေလူသေကြီးဘဝကို အရှင်လတ်လတ် ရောက်သွား တော့တာပါပဲ . . . ၊ အဲဒီလိုလူမျိုးကျတော့ တိုယ့်ဟာနဲ့ကိုယ်သူများအ ပြောခံရပြန်ရော . . . ၊ ကော်တရာ ကပ်စေးနဲ ကြီး၊ သေရင်ပြိတ္တာဖြစ် မယ့်ဘုကြီးဆိုပြီးတော့ပေါ့ . . . ဟား ဟား ဟား ဟား"

ဦးမာလူးသည် သူ့ဟာသူ သဘောကျကာ အော်ဟစ်၍ရယ်လေ၏၊

"ဘာတွေအူမြူးနေတာလဲ မာလူးရဲ့"

အလုပ်ပြီးသွားဟန်တူသော ဦးဘောဂက ပေါက်တူးနှင့်ဂေါ်ပြားများကို ထမ်းပိုးကာ ရောက်၍လာရင်း မေးလိုက်လေသည်။

"မင်းအကြောင်းပြောနေတာ ဘောဂရဲ့၊ မင်းအကြောင်းတိုပြောနေတာ . . . ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမာလူးသည် သူ၏စကားနှင့် သူငယ်ချင်းဖြစ်သူ ဦးဘောဂ၏အမေးတို့ အံဝင်ခွင်ကျ အကွက်ဆိုက်သွားလေသောကြောင့် အူတတ်မတတ် ဗိုက်ကိုနှိပ်၍ ရယ်လေတော့၏။ ဦးဘောဂကတော့ ဘုမသိဘမသိနှင့် ပြုံး၍သာနေသည်။

"ပြည်ချမ်းသာ . . . သမီးက ဒီမှာ ဘာလာလုပ်နေတာလဲ"

"သမီးက ချမ်းသာချင်လို့ အဘမာလူးဆီမှာ ချမ်းသာတဲ့နည်းကို လာတောင်းနေတာ"

"ဟေ . . . ဘာလုပ်ဖို့ ချမ်းသာချင်တာလဲ သမီးရယ်"

"အဖေကလဲ . . . လူပဲဟာချမ်းသာချင်တာပေါ့၊ သမီးချမ်းသာအောင် အလုပ်လုပ်မယ်"

"အလုပ်လုပ်မယ် . . . ဘာအလုပ်လုပ်မှာလဲ"

"အဲဒါကို အခု . . . အဘမာလူးဆီမှာ မေးမလို့ပေါ့"

သားအဖနှစ်ယောက် အတိုင်အဖောက်ညီညီပြောနေကြသည်ကို မောင်လိမ္မာနှင့်ဦးမာလူးတို့ကပြုံး၍ကြည့်နေလေ၏။ ဦးဘောဂက ဦးမာလူးဆီသို့ ဘယ်လိုလဲဟူသည့် သဘောမျိုးနှင့် လှည့်ကြည့်လိုက်၏။

"သူမှာ . . . အခုလို ကိုယ့်အားကိုယ်ကိုးပြီး အလုပ်လုပ်ချင်တဲ့ စိတ်ရှိတာကိုပဲ ဝမ်းသာလိုက်စမ်းပါ ဘောဂရယ်"

"အဲဒါက အကြောင်းမဟုတ်ဘူးကွ၊ ငါက အရင်းအနှီးများများစားစား မတတ်နိုင်ဘူး"

ဦးဘောဂက စိတ်အိုက်သလိုနှင့် ပြောလိုက်၏။

"အရင်းအနှီးများများ မတတ်နိုင်လဲ အရင်းအနှီးနည်းနည်းနဲ့ အကျိုးအမြတ်များများရမယ့် အလုပ်ကို ရွေးကြတာပေါ့ကွာ၊ ကဲ . . . ပြောပါဦး၊ သမီးပြည်ချမ်းသာက ဘယ်လိုအလုပ်မျိုး လုပ်ချင်သလဲ"

"သမီး ဈေးရောင်းချင်တယ်"

"ဈေးရောင်းမယ် . . . ဟုတ်ပြီ၊ သမီးက ဘာရောင်းချင်လဲ"

"ဟို . . . အအေးဆိုင်လေး ဘာလေးပေါ့"

"ဟာ . . . အဖေ့မှာ အဲဒီလောက် အရင်းအနှီးမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘောဂက ဝင်ရောက်ငြင်းဆန်ပြန်လေ၏။

"ဆိုင်မဟုတ်ဘူးကွ . . . ခေါင်းရွက်ဗျပ်ထိုးလောက်တော့ မင်းရှင်းပေးနိုင်တယ်ပေါ့"

"အင်း . . . ဒါဆိုရင်တော့ ဖြစ်ပါတယ်"

"ဟာ . . . မဖြစ်နိုင်ပါဘူးဗျာ"

ရုတ်တရက် ဝင်ကန့်ကွက်လိုက်သည့်အသံကြောင့် သူတို့အား လုံး မောင်လိမ္မာကို လှည့်ကြည့်လိုက်ကြသည်။

"မောင်လိမ္မာ . . . မင်းက ဘာကိုမဖြစ်နိုင်တာလဲကွ"

ဦးမာလူးက မောင်လိမ္မာအား မေးလိုက်လေရာ မောင်လိမ္မာ က . . .

"ခေါင်းရွက်ဗျပ်ထိုးဆိုတော့ တအားပင်ပန်းမှာပေါ့"

ဟု ပြန်လည်၍ ပြောလိုက်လေသည်။

"အံမာ . . . မင်းကမဆီမဆိုင် . . . အိုးကမပူစလောင်းက ပူ နေပါလားကွ"

ဦးမာလူး၏စကားကြောင့် မောင်လိမ္မာ၏မျက်နှာမှာ ရဲရဲတွတ် သွားတော့လေ၏။ ရွှေပြည်ချမ်းသာကလည်း "ဟုတ်ပါ့တော်"ဟူသည့် သဘောမျိုးနှင့် မျက်စောင်းထိုးလိုက်လေရာ မောင်လိမ္မာမှာ ပို၍ရှက်တိုး ရှက်တန်းဖြစ်သွားရလေတော့သည်။

"သမီးကရော လုပ်နိုင်ရဲ့လား"

"လုပ်နိုင်ပါတယ် အဘ"

"ဟာ . . . မကောင်းပါဘူးဗျာ"

မောင်လိမ္မာက လွတ်ခနဲ ထွက်သွားပြန်လေရာ ရွှေပြည်ချမ်း သာက ဗိုင်းခနဲ မျက်စောင်းထိုးထည့်လိုက်ပြန်၏။

"အဟဲ . . . ကျွန်တော်က ပင်ပန်းမှာစိုးလို့ပါ၊ ဒီလိုလုပ်ပါ လား ကျွန်တော် ဆိုင်ဖွင့်ဖို့ အရင်းထုတ်ပေးမယ်၊ ဆိုင်လေးကနေ့ခင်းလေး နဲ့ဆိုတော့ကောင်းတာပေါ့"

"ရှင်က ဘာဆိုင်လို့ ထုတ်ပေးရမှာလဲ . . . မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ"

မောင်လိမ္မာသည် သူ၏ဦးခေါင်းကို တဗျင်းဗျင်း ကုတ်လိုက်မိလေ၏၊

"အဘဘောဂ . . . အဘတို့ကျေးရွာ ကျွန်တော့်မှာ အများကြီးရှိပါတယ်၊ အခု ကျွန်တော်နိုင်တဲ့ အချိန်မှာ အဲဒီလောက်တော့ ကျေးဇူးပြန်ဆပ်ခွင့်ပြုပါဗျာ"

"မလိုပါဘူးဆိုနေမှ . . . ရှည်နေပြန်ပြီ"

ရွှေပြည်ချမ်းသာက နှုတ်ခမ်းကို စူလိုက်ပြီး ပြောလိုက်၏၊ ထို့နောက် တစ်ဆက်တည်းပင် . . .

"ရှင် . . . အဘကို ကျေးဇူးဆပ်ချင်တယ်ဆိုရင်အကြွေးတင်နေတဲ့ကျင်းတစ်ကျင်း၊ အရင်တူးပေးပါလား"

ဟု ပြောလိုက်လေရာ ဦးဘောဂက

"ဟဲ့ ဟဲ့ . . .သမီး"

ဟု ဟန့်တားလိုက်သော်လည်း ရပ်မသွားသေးဘဲ . . .

"နေဦး . . . နေဦး . . . အခုဆိုရင် တစ်ကျင်းတည်းတောင် မရတော့ဘူး၊ အတိုးနဲ့အရင်း ပေါင်းနှစ်ကျင်းဖြစ်သွားပြီ"

ဟု ဆက်ပြောလိုက်လေ၏။

မောင်လိမ္မာက ဆက်ခနဲထလိုက်ပြီး . . .

"နှစ်ကျင်းမကဘူး . . . သုံးကျင်းတူးပေးမယ်ဗျာ"

ဟု ပြောဆိုပြီး ဦးဘောဂ၏ပေါက်တူး၊ ဂေါ်ပြားများကို ထမ်း၍ဆင်းသွားလေတော့သည်။

"မောင်လိမ္မာ မလုပ်နဲ့ . . . မလုပ်နဲ့"

ဦးဘောဂက သမီးဖြစ်သူအား မာန်၍ပြောလိုက်လေရာ ရွှေပြည်ချမ်းသာက ဇက်ကလေးပုလိုက်ပြီး လျှာတစ်လစ်ထုတ်ပြလိုက်လေတော့သည်။

ထိုအဖြစ်အပျက်များကိုကြည့်၍ ဦးမာလူးသည် အစိပ္ပါယ်ပါပါနှင့် ပြုံးလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်လိမ္မာလေးက မဆိုးဘူးကွနော် . . . ဘောဂရေ . . . သမက်ရွေးမယ်ဆိုရင်တော့ ဒီကောင်လေးကို အရင်စဉ်းစားပေါ့"

ဟု ပြောလိုက်လေရာ ရွှေပြည်ချမ်းသာသည် ရှက်သွေးများဖြာသွားပြီ . . .

"အဘမာလူးကလဲ"

ဟု ပြောဆိုကာ ဇရပ်ပေါ်မှ ဆင်းပြေးသွားလေတော့သည်။

– – –



www.burmeseclassic.com

www.burmeseclassic.com

ကိုလိမ္မာ . . . ရှင်ဘာဖြစ်လို့ လျှောက်လိုက်နေတာလဲ”

မန်းကျည်းဖျော်ရည်အိုးကြီးကို ရွက်ထားသည့် ရွှေပြည်ချမ်းသာက နှုတ်ခမ်းစူ၍ မေးလိုက်၏။

“ပြည်ချမ်းသာမောတဲ့အခါ ကျွန်တော်ဝိုင်းကူပြီး ရွက် ပေးမလို့ ပေါ့”

“ပြောပြန်ပြီ . . . ဘာဆိုင်လို့လဲ၊ ကျွန်မအလုပ်၊ ကျွန်မနိုင် ပါတယ်”

ရွှေပြည်ချမ်းသာက မျက်နက်ကလေးထောင့်ကပ်ပြီး ပြောလိုက် သောကြောင့် မောင်လိမ္မာ၏ရင်ထဲ၌ လှိုက်ကာခုန်သွားရလေ၏။

—ဤမန်းကျည်းဖျော်ရည်ရောင်းသည့်အလုပ်ကို ဦးမော်လှက အ သေအချာ ရွေးချယ်ပေးလိုက်ခြင်း ဖြစ်လေသည်။ အသီးအနှံများထဲမှ

www.burmeseclassic.com



ဈေးနှုန်းအလွန်ချိုသာသော မန်းကျည်းသီးအမှည့်နှင့် ပေါပေါလောလော ရရှိနိုင်သော ထန်းလျက်ပျက်တို့ကို အခြေခံပြီး အချိုးအစားကျကျ သမ လိုက်သောအခါ ယခုလိုနွေရာသီနှင့် အလွန်သင့်လျော်၍ အရသာအထူး ရှိသော မန်ကျည်းဖျော်ရည် ဖြစ်လာလေတော့သည်။ ထိုဖျော်ရည်အိုး ထဲသို့ ရေခဲတုံးကြီးတစ်တုံးကို ထည့်ထားလိုက်သောအခါ မွှေးကြိုင်သင်း ပျံ့၍ တစ်ခွက်သောက်ပြီးလျှင်နောက်တစ်ခွက် သောက်ချင်လောက် သော မန်ကျည်းဖျော်ရည်အေးအေးလေး ဖြစ်သွားလေတော့သည်။

"ကိုလိမ္မာ . . . အိမ်တွေနားကို ရောက်လာပြီး၊ ပြန်တော့လေ"

"ဟာ . . . မပြန်ပါဘူးဗျာ၊ ဒီမန်ကျည်းဖျော်ရည်အိုးကုန်မှပြန် မယ်"

"ရှင် . . . လုပ်စရာအလုပ်တွေ ရှိသေးတယ်မဟုတ်လား"

"ရှိတယ် . . . ဒါပေမယ့် ဒီအလုပ်က ပိုအရေးကြီးတယ်ဗျ"

ရွှေပြည်ချမ်းသာသည် ဆတ်ခနဲ ရပ်လိုက်ပြီး မောင်လိမ္မာကို စေ့စေ့ကြည့်လိုက်၏။ မောင်လိမ္မာက ရယ်ကျဲကျဲနှင့် . . .

"ဘာဆိုင်လဲလို့ မေးဦးမလို့လား"

ဟု မေးလိုက်လေရာ . . .

"ဟုတ်တယ်"

ဟု ဘုဆတ်ဆတ်ပြန်ဖြေလေ၏။

"ဟိုလူကြီးကတော့ပြောတယ် . . . ဆိုင်တယ်တဲ့"

"ဘယ်လူကြီးလဲ"

"ဖူးစာရေးနတ်မင်းကြီးလေ"

"သွား . . . ကိုလိမ္မာနော် . . . ကျွန်မငိုလိုက်မယ်နော်"

ငိုမဲ့မဲ့ဖြစ်သွားသော ရွှေပြည်ချမ်းသာကိုကြည့်၍ မောင်လိမ္မာ သည် ပျာပျာသလဲ ဖြစ်သွားရ၏။

"ငိုတော့မငိုလိုက်ပါနဲ့ဗျာ . . . ကျွန်တော်အခုလို လိုက်လာတာ ဘာကြောင့်လဲဆိုတာကို ပြည်ချမ်းသာ သိပါတယ်၊ ကျွန်တော် ပြည်ချမ်းသာ ပင်ပန်းတာကို မမြင်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပင်ပန်းတာကို တကယ်မမြင်ချင်ဘူးလား"

"ဟုတ်တယ်"

"ဒါဆိုရင် ကျွန်မပြောမယ် . . . အခု ကျွန်မအလုပ်လုပ်မယ့် နေရာကို ရှင်လိုက်လာတယ်၊ အခု ရှင့်ကို အပိုစကားတွေ ပြောနေရတာ ဘယ်လောက်ခရီးဖင့်သလဲ"

"အပိုစကားတွေ မဟုတ်ပါဘူးဗျ"

"ထားပါတော့လေ . . . အပိုစကားတွေပဲဖြစ်ဖြစ် . . . အလို စကားတွေပဲဖြစ်ဖြစ်၊ အခုလို ရှင်းပြနေရတာက ပိုပြီးပင်ပန်းတယ်ရှင့် . . . ဒီတော့ ကျွန်မကို ပင်ပန်းတာ မမြင်ချင်ရင် မလိုက်နဲ့တော့"

မောင်လိမ္မာ၏မျက်နှာတို့ အလွန်အမင်း ညှိုးလျှသွားလေ၏၊ ရွှေပြည်ချမ်းသာသည် ပြောပြီးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေတော့သည်၊

အမှန်တော့ ပြောမယ့်သာပြောရသည်။ ရွှေပြည်ချမ်းသာ၏ ရင်ထဲ၌လည်း မောင်လိမ္မာသည်ရှိနေပြီးဖြစ်လေ၏၊

မောင်လိမ္မာ ကရင်အင်္ကျီလေးများ လက်ဆောင်ဝယ်လာသည့် အခေါက်ကတည်းက၊ ရေတွင်းမှာဆုံကြစဉ်ကတည်းက ရင်ခုန်ခဲ့ပြီးဖြစ် လေသည်။

သို့သော် မိန်းမတို့ဣန္ဒြေ ရွှေပေး၍မရ၊ မိန်းမသဘာဝ အညှာ လွယ်ရန် မသင့်တော်ပြီ မဟုတ်ပါလော။ ထို့အပြင် မိမိသည် သူဘရာ ဇာသမီးတစ်ဦးဖြစ်လေကြောင့် အထင်သေးအမြင်သေး ကြည့်ချင်ကြ သည့် ပတ်ဝန်းကျင်လောကကြီး၌ ပို၍ထိန်းသိမ်းသင့်သည်မဟုတ်ပါ လော။

လူ့လောကကြီးထဲ၌ ပေါ့ပျက်ပျက်မနေသူသည် ပေါ်ပေါ်လော လောဘဝသို့ မည်သည့်အခါမှမရောက်နိုင်ဟု အဘမာလူးတစ်ခါကပြောခဲ့ ဖူး၏။

သို့မို့ကြောင့်လည်း မိမိကိုယ်မိမိ တန်ဖိုးရှိအောင် ကျင့်ကြံနေ ထိုင်နိုင်ရန် ကြိုးစားခဲ့ရလေသည်၊

ငွေကြေးမနေဥစ္စာနှင့် တိုင်းတာလျှင် တန်ဖိုးမရှိလှပင်နေဝါစေ၊



www.burmeseclassic.com

www.burmeseclassic.com



တိုယ်တျင့်သိက္ခာနှင့် ပတ်သက်လာလျှင်တော့ တန်ဖိုးရှိအောင် ပြုလုပ်ရပေမည်။

"ဟဲ့ . . . သူငယ်မလေး . . . အဲဒါ . . . ဘာရောင်းတာလဲ"

မည်မျှအတွေးလွန်နေသည်မသိ။ လမ်းဆုံလမ်းခွ၌ အသုပ်စုံထိုင်ရောင်းနေသည့် အဒေါ်ကြီးတစ်ယောက်က မေးလိုက်မှပင် အသိတို့ ပြန်ဝင်လာရလေတော့သည်။

"ဟို . . . ဟိုလေ . . . အဲ . . . မန်ကျည်းဖျော်ရည်ရှင့်"

ကိုယ်ရောင်းသည့်ပစ္စည်းကိုပင် ရုတ်တရက် ကိုယ်မေ့နေရ သည်။ အဲဒါ ဟိုလူဆိုးကြောင့်ပဲ၊ မောင်လိမ္မာ၏မျက်နှာကို ကွက်ခနဲမြင်ယောင်တွေးလိုက်မိပြီး ပြုံးလိုက်မိလေသည်။

"ဟဲ့ . . . လာစမ်းပါဦးဟဲ့ . . . ကြည့်ပါဦး . . . ညည်းနယ်နော်၊ ဈေးပန်းကြီးတစ်မနဲ့ ဒီအတိုင်းလျှောက်သွားနေလို့ ရောင်းရပါလိမ့်မယ် . . . အားကြီးကြီး၊ နည်းနည်းပါးပါး အော်ခြင်းပြုခြင်းလုပ်ဦးမှပေါ့"

ရွှေပြည်ချမ်းသာသည် ရှက်ရယ်ရယ်လိုက်ပြီး မန်းကျည်းဖျော်ရည်ပန်းကို ချလိုက်၏။ အဒေါ်ကြီးက . . .

"တစ်ခွက်ဘယ်လောက်လဲဟဲ့ . . . "

ဟု မေးသောကြောင့် ဈေးနှုန်းကို ပြောပြလိုက်လေရာ . . .

"မဆိုးဘူး . . . ဈေးအချိုသားပဲ"

ဟု ဆိုပြီးနောက် တစ်ခွက်ထည့်ခိုင်းလေ၏။

"အမယ် . . . သောက်လို့လဲ အရသာရှိသားကလား၊ အခုလို ပူစပ်ပူလောင်ရာသီဥတုနဲ့ လူတွေမှာကလဲ အပူအပုပ်တွေများနေတာနဲ့ ညည်းဖျော်ရည်နဲ့တော့ အကိုက်ပဲ၊ ဟော့ . . . ဗိန်မတို့ အေးဝင်းတို့ သိန်းဆန်းတို့ တင်အောင်တို့ရေ . . . လာကြဟေ့ . . . မန်းကျည်းဖျော်ရည်လေး ကောင်းသကွယ် . . . ဈေးကလဲ ချိုပါဘိသနဲ့"

အဒေါ်ကြီး၏ အသံပြဲကြီးနှင့် အော်ဟစ်ကြော်ငြာပေးမှုကြောင့်ပင် ရွှေပြည်ချမ်းသာမှာ လက်မလည်အောင် ရောင်းလိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သူမသည် ငွေစလေးများကိုကြည့်ပြီး ပျော်နေလေသည်။ သူမ ကိုယ်တိုင် အလုပ်လုပ်၍ရသော ငွေများဖြစ်သောကြောင့် ငါ့နယ်နော် အစောကတည်းက ရောင်းနေရပြီးရောဟု တွေးမိပြီး မချင့်မရဲပင် ဖြစ်နေရလေ၏။

ထိုလမ်းဆုံလမ်းခွမှာပင် ခေတ္တထိုင်ရောင်းပြီး အဒေါ်ကြီးတို့ နှုတ်ဆက်ကာ တခြားတစ်နေရာသို့ သွားရန်ပြင်ဆင်လေ၏။

*"ဒီအတိုင်း ဈေးပန်းတမန့် လျှောက်သွားမနေနဲ့ဦးဟေ့ ... အော်သွားပြုသွား ... ဒီတော့မှ ညည်းရောင်းရမှာပေါ့ ဟုတ်ပြီလား"*

*"ဟုတ်ကဲ့ ဒေါ်ဒေါ်"*

ရွှေပြည်ချမ်းသာသည် ပြောမယ်သာပြောရသည် ပထမဦးဆုံး ဈေးစတင်ရောင်းသူတို့၏ ထုံးစံအတိုင်း အော်ရမှာကို ရှက်နေမိလေ သည်။ အပျိုကလေးတစ်ဦးကလည်း ဖြစ်နေပြန်သောကြောင့် အော်ရ မာစ်ရမည်ကို မဝံ့မရဲဖြစ်နေမိလေတော့၏။

သို့သော် မအော်၍လည်းမဖြစ်။ မအော်လျှင် အဒေါ်ကြီးပြော သလို ဈေးပန်းကြီးတမနှင့် ဘာလုပ်၍ ဘာကိုင်နေမှန်းမည်သူမျှသိကြမည် မဟုတ်ပါလား။

အော်တော့အော်ရပေမည်၊ ဘယ်ကစအော်ရင်ကောင်းမလဲ၊ ဈေးသည်ပဲ ကောင်းရောင်းရှကောင်းဝယ်လုပ်နေတာပဲ၊ ဘာရှက်စရာလဲ အော်ဖို့မအော်ဖို့ စဉ်းစားနေသည်နှင့်ပင် လမ်းဆုံတစ်ခုသို့ ရောက်ရှိလာ ခဲ့ပြန်ပေပြီ။ နောက်ဆုံး၌ သူမသည် အရဲစွန့်ကာ အော်လိုက်လေတော့ သည်။

*"ဟောဒီက ... "*

စလိုက်သည်နှင့်ပင် မျက်နှာတစ်ခုလုံး ထူပူသွားပြီး ဤမျှလောက် မှာပင် ရှေ့ဆက်မတိုးဘဲ ရပ်တန့်သွားလေ၏။

"မုန့်ကျည်းဖော်ရည်အေးအေးလေး ... အစာကြေတယ် ... ရင်ချောင်တယ် ... ခံတွင်းရှင်းတယ် ... အပူအပုပ်ကင်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီက အရသာရှိတဲ့ မန်းကျည်းဖျော်ရည် အေးအေးလေးနော်"

ကြည့်စမ်း ဘယ်ကနေဘယ်လို ပေါ်လာသည်ကိုမသိ၊ မိမိနှင့် မလှမ်းမကမ်းမှာ မောင်လိမ္မာ အသံကြည်ကြည်ကြီးနှင့် အော်နေလေ၏၊

စိတ်ကြိုက်အော်ပြီးသည့်နောက်တွင်မှ သူက သူမကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး . . .

"ဘယ်လိုလဲ . . . အဆင်ပြေရဲ့လား"

ဟု မေးလိုက်လေရာ သူမက မျက်စောင်းထိုးပြီး ပြုံးလိုက်မိလေတော့သည်။

"မန်းကျည်းဖျော်ရည် လာပါဦး"

ဆိုက်ကားဂိတ်မှ ဆိုက်ကားဆရာတစ်စုက ခေါ်လိုက်လေသောကြောင့် သူမလျှောက်သွားလိုက်သည်။ မောင်လိမ္မာကလည်း သူမ အနီးမှ ပါလာလေ၏၊

"သဘာဝနဲ့ရာအစစ်မန်းကျည်းဖျော်ရည်နော်. . . ဘာ ကောင်းသလဲမမေးနဲ့ . . . ကန်မီကယ်ပစ္စည်းတစ်ခုမှ ထည့်မထားဘူး . . . လင်သောက်ရင် မယားပါအေးတဲ့ မွှေးမွှေးလေး မန်းကျည်းဖျော်ရည်"

မောင်လိမ္မာက ဘာတွေမှန်းမသိ လျှောက်အော်နေပြန်၏၊ သို့သော် သူပဲအအော်ကောင်းလို့လားမသိ၊ ဆိုက်ကားသမားများ အားလုံးဝိုင်းလာကြပြီး နှစ်ခွက်သုံးခွက် ဆင့်သောက်ကြလေရာ မကြာခင်မှာပင် မန်းကျည်းဖျော်ရည်တစ်အိုးလုံး ပြောင်သွားလေတော့၏၊

"ကောင်းတယ်ဗျာ . . . နောက်နေ့ကျရင်လဲ ဒီအချိန်ကျရင် ခင်ဗျားတို့လင်မယား လာဦးဗျို့"

ဆိုက်ကားသမားတစ်ယောက်၏ ဘုမသိဘမသိ အော်ပြောလိုက်မှုကြောင့် ရွှေပြည်ချမ်းသာ၏မျက်နှာမှာ ရဲသွားရသော်လည်း မောင်လိမ္မာကမူ တဟဲဟဲရယ်၍ . . .

"လာရမှာပေါ့ဗျာ , . . မယ်သွားရာမောင်လဲလိုက်ပါပေးရဦးမှာပေါ့"

ဟု ပြောလိုက်လေသောကြောင့် ရွှေပြည်ချမ်းသာက သူ၏ခါး



www.burmeseclassic.com

www.burmeseclassic.com



ကြောကို ဆွဲလိမ်ပစ်လိုက်ရလေ၏။

"အားလားလား . . . နာတယ်ဗျ"

"နာမကလို့ သေသေပေါ့ . . . ဘာမယ်သွားရာ မောင်လိုက်မှာလဲ"

"နို့ . . . မလိုက်ရဘူးလား"

"မလိုက်နဲ့"

ခပ်ပြတ်ပြတ်ပြောပြီး ဖောက်ဖောက် ဖောက်ဖောက်နှင့်ခြေတိုဆောင့်ပြီး ထွက်သွားလေရာ ဘာမှမကျန်ရှိတော့၍ အလွန်ပေါ့ပါးနေသည့် ဈေးပန်းကြီးသည် အနောက်ဘက်သို့ လွင့်ကျသွားသော ကြောင်မောင်လိမ္မာသည် ခုန်ဖျံ၍ ဖမ်းလိုက်ရလေသည်။

"တွေလား . . . မောင်မလိုက်ရဘူးဆိုလို့ ဈေးပန်းကြီးပါ မနေတော့ဘဲ ခုန်ဆင်းလာတာ"

ပေါက်ပေါက်ရှာရှာပြောလိုက်သည့် မောင့်လိမ္မာ၏ စကားကြောင့် ရွှေပြည်ချမ်းသာသည် မအောင့်နိုင်တော့ဘဲ တခစ်ခစ်ရယ်လိုက်မိလေတော့တည်း။

– – . –

www.burmeseclassic.com

www.burmeseclassic.com

ထို အချိန်အခါသမယသည်ကား မောင်လီမွှာ၏ဘဝ၌ အပျော်ရွှင်၊ အသာယာဆုံးအချိန်ကာလများပင်တည်း။

အစိက ၎မောင်လီမွှာပျော်ရွှင်ရခြင်းအကြောင်းရင်းမှာ သူချစ်သော ရွှေပြည်ချမ်းသာနှင့် ပွင့်ပွင့်လင်းလင်း အဆင်ပြေမှု ရသွားသောကြောင့်ပင်ဖြစ်လေသည်။ ပို၍အဆင်ပြေစေသည်မှာ သူတို့နှစ်ဦးအား ရွှေပြည်ချမ်းသာ၏ဖခင် ဦးဘောဂနှင့် ဆရာသမားဖြစ်သူ အဘဦးမာလူး တို့ကပါ ကျေကျေနပ်နပ် သဘောတူခဲ့သောကြောင့် ဖြစ်လေ၏။

ထိုအတောအတွင်း၌ မောင်လီမွှာသည် သူ၏လုပ်ငန်းများအား ပိုမို၍ ကြိုးစားကာ တိုးချဲ့လုပ်ကိုင်ခဲ့သလို၊ ရွှေပြည်ချမ်းသာကလည်း သူ၏ မန်းကျည်းဖျော်ရည်လုပ်ငန်း၊ကို ခေါင်းရွက်ဗျပ်ထိုးအဆင့်မှ အချက် အချာကျသော နေရာ၌ ဆိုင်သေးသေးလေးဖွင့်နိုင်သည့်အဆင့်တို့မှ အစ



www.burmeseclassic.com

www.burmeseclassic.com



မြို့၌ အခြားလူကြိုက်များသည့် ရှောက်ချိုသီး၊ ကမ္ဘလာသီးဖျော်ရည်များ တိုပါ တွဲဖက်၍ အတန်ငယ်ကြီးသည့် ဆိုင်တစ်ခုကို ဖွင့်လာနိုင်သည့် အဆင့်သို့ ရောက်အောင် စွမ်းဆောင်နိုင်လာလေတော့သည်။

သူတို့နှစ်ဦးသည် လူကြီးသူမများက သဘောတူခွင့်ပြုထားခဲ့သည်ဆိုသော်လည်း လက်လွတ်စပယ် ပလူးပလဲနှင့် မနေကြပါ။ မြန်မာအမျိုးကောင်းသားသမီးများ စောင့်ထိန်းခဲ့သည့် အမူအကျင့်အတိုင်း မံချိုမယွင်းနေထိုင်နိုင်ခဲ့ကြလေ၏။

သူတို့နှစ်ဦး၏ မင်္ဂလာပွဲကို မောင်လိမ္မာ၏မိခင် ထောင်မှလွတ်လာပြီးသည့် အချိန်ကျမှ စီမံဆောင်ရွက်ကြရန် ဖခင်ဖြစ်သူ ဦးဘောဂ နှင့် အဘဦးမာလူးတို့က ဆုံးဖြတ်သတ်မှတ်ပေးထားကြလေသည်။ ထိုအချိန်အထိ သူတို့စောင့်ဆိုင်းကြရပေမည်။

မောင်လိမ္မာကိုယ်တိုင်ကလည်း အမေထွက်မလာမီ၌အိမ်ထောင်မပြုချင်သေးပါ။ အမေ့ကို အသိပေးပြီးမှသာ ပြုလုပ်ချင်၏။ ထို့ ကြောင့် အမေ့အား သွားတွေ့ရန်အတွက် ဦးမာလူးနှင့်တိုင်ပင်ရလေ၏။

*"အဘ . . . ကျွန်တော် အမေ့ကို သွားတွေ့ချင်တယ်"*

*"ဘာကြောင့်လဲ"*

*"ကျွန်တော် . . . အခုဆိုရင် အထိုက်အလျောက်လဲ အဆင်ပြေနေပါပြီ၊ အမေက အထဲမှာ ဒုက္ခသုက္ခတွေနဲ့ဆိုတော့ သူလိုအပ်တာလေးတွေလဲ ကူညီချင်လို့ပါ"*

*"မောင်လိမ္မာ . . . မင်းကို အဘပြောမယ်၊ မင်းအမေက အေးအေးချမ်းချမ်းပဲရှိနေတယ်၊ အဘစုံစမ်းပြီးပြီ . . ."*

*"အဘ ဘယ်လိုသိတာလဲ"*

မောင်လိမ္မာက မယုံသလိုမေးလိုက်သောကြောင့် ဦးမာလူးက မောင်လိမ္မာအား ကြည့်လိုက်၏။

*"မောင်လိမ္မာ . . . သိချင်စိတ်ရှိသူအတွက် ပဟာဒီပေါ်ကကြီးမှာ မသိနိုင်တာ ဘာမှမရှိဘူး"*

ဟုတ်တော့လည်းဟုတ်၏။ ဦးမာလူးသည် သူ့ဘဝန်ဇရပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ဆိုသော်လည်း တစ်နေ့ခင်းလုံး ဘယ်သွားလို့ ဘယ်လာမှန်းမသိ လျှောက်သွားနေတတ်သူဖြစ်သည်။ ညနေခင်းကျလျှင်တော့ ပုံမှန်ပြန်လာလေ၏။ သို့မို့ကြောင့်လည်း မောင်လိမ္မာတို့မသိသည့် အရာတော်တော်များများကို သူသိနေခြင်းဖြစ်လေသည်။

"နောက်တစ်ခု မင်းကိုငါပြောဦးမယ်၊ ငါ ဘယ်လောက်သိသလဲဆိုရင် မင်းအမေ ဘယ်နေ့လွတ်မယ်ဆိုတာကိုပါ သိတယ်၊ ငါက အဲဒီနေ့ကျမှ မင်းကို ဖြုန်းခနဲ ခေါ်သွားမလို့ . . . အခု မင်းကပြောလို့ ပြောဖြစ်တာ၊ မင်းအမေဟာ နောက်တစ်လလောက်ဆို လွတ်ပြီ"

"ဟင် . . . အဘ တကယ်ပြောတာလား၊ အမေက . . . ငါးနှစ်ကျသွားတာလေ . . . အခုမှ"

"အခု ဘယ်လောက်ရှိပြီလဲ . . . ပြောပါဦး"

"အခုမှ လေးနှစ်လောက်ရှိဦးမှာ"

"အေး . . . ဟုတ်တယ်၊ မင်းဒီကိုရောက်တာလဲ လေးနှစ်လောက်ရှိပြီပေါ့ကွာ၊ ဒီလိုရှိတယ် . . . ထောင်ထဲမှာ ထောင်သားတစ်ယောက်အဖို့ ပေးအပ်ထားတဲ့ တာဝန်လုပ်ငန်းတွေကို ကျေကျေပွန်ပွန် အပြစ်ကင်းကင်းနဲ့ အလုပ်လုပ်ခဲ့ရင် အစိုးရက တရားဝင်လျှော့ပေါ့ပေးတဲ့ ရက်ရှိတယ်ကွ . . . အဲဒါကြောင့် မင်းအမေဟာ စောပြီးလွတ်တော့မှာပေါ့ကွ"

"ဝမ်းသာလိုက်တာဗျာ"

မောင်လိမ္မာ၏ ရင်ထဲ၌ ဝမ်းသာစိတ်များနှင့် တလှုပ်လှုပ်ခုန်နေလေ၏။

"နောက်တစ်ခုပြောရရင်တော့ အခုချိန်ကျမှ မင်းသွားမတွေ့သင့်တော့ဘူး . . . ဘာကြောင့်လဲ သိလား"

မောင်လိမ္မာက ခေါင်းယမ်းပြလိုက်၏။

"မင်း ဘယ်ရောက်နေသလဲ . . .၊ ဘာဖြစ်နေသလဲ . . . သေသလား . . .၊ ရှင်သလား . . . ဆိုတာ မင်းတို့အမေ မသိဘူး၊ အဲဒီစိတ်တွေဟာ အစပိုင်းမှာ အဆမတန် ဖိစီးခဲ့ပေမယ့် . . . မတွေ့မမြင်



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာတော့လဲ နည်းနည်းသက်သာလာတယ်၊ ဒါ . . . လူ့သဘာဝ ပဲ၊ အခု သူ့လွတ်ကာနီးမှာမှ မင်းကို ပြန်းဆိုတွေ့မယ် . . . ဒါ . . . ဝမ်းသာစရာပဲပေါ့ကွာ၊ ချစ်တဲ့သားကို တွေ့ရတာကိုး၊ အဲဒီအခါ သူဟာ ပိုပြီးမြန်မြန်ကြီးကို လွတ်ချင်လာလိမ့်မယ်၊ မြန်မြန်လွတ်ချင်တဲ့ စိတ်ဆန္ဒကြောင့် အချိန်တွေဟာ မကုန်နိုင်အောင် ကြာလွန်းလှတယ်လို့ စိတ်ထဲက ထင်နေမိမယ်၊ အဲဒီစောင့်ရတဲ့ အလုပ်ဟာ အင်မတန် ထိခိုက်ပင်ပန်းတာကွ၊ အဲဒါ စိတ္တဗေဒသဘော သဘာဝပဲ၊ အဘပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့ အဘ"

"အဲဒါကြောင့် တစ်လကျော်ကျော်လေးသာ ကျန်တော့တဲ့ မင်းအမေရဲ့ လွတ်ရက်ကို အပြင်ကနေပြီးတော့ပဲ အေးအေးလူလူ စောင့်နေပေတော့"

မောင်လိမ္မာသည် တစ်စုံတစ်ခုကို စဉ်းစားလိုက်ပြီး အဘမာလူးကို ပြောလိုက်၏။

"အဘ . . . အမေလွတ်တော့မယ်ဆိုတော့"

"အင်း . . . ပြောပါဦး"

"အမေ အေးအေးချမ်းချမ်း နေနိုင်အောင် ကျွန်တော့်မှာ ကိုယ်ပိုင်အိမ်မရှိသေးဘူး၊ ကျွန်တော် အိမ်ဝယ်ချင်တယ်"

ဦးမာလူးသည် ပြုံးလိုက်၏။

"ဝယ်ရမှာပေါ့ကွာ . . . မင်းမှာ ငွေကြေးအတိုင်းအတာ ဘယ်လောက်ကြွယ်ဝနေပြီလဲဆိုတာ အဘသိပါတယ်၊ အခုဆိုရင် မင်းဟာ ခြံနဲ့ဝင်းနဲ့ အိမ်ကောင်းတစ်လုံးကို ဝယ်နေနိုင်ပြီ၊ကားကောင်းကောင်းလေး တစ်စီးကိုလဲ စီးနေနိုင်ပြီ၊ ဒါပေမယ့် နေဦးကွ . . . ငါတွေ့ထားတဲ့ အိမ်တစ်လုံးရှိတယ်၊ တကယ့်ဟဲဗီးပဲ . . . ဘာသပ်ရပ်ခမ်းနားသလဲမမေးနဲ့ . . . ခြံကြီးကလဲ အကျယ်ကြီး၊သီးပင်စားပင်တွေနဲ့ . . တက်နေရုံအသင့်ပဲ . . . ဈေးနှုန်းကလဲ အလွန်ချိုတယ်ကွ"

"အဲဒါ ဘယ်မှာလဲအဘ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် . . . နောက် . . . ငါပြပေးမယ်၊ ဒါပေမယ့် အခု လောလောဆယ် အဲဒီအိမ်ပိုင်ရှင်တွေက တစ်လလောက်တော့ နေဦးမယ် တဲ့ကွ . . .၊ သူတို့က နယ်ခြားရပ်ဝေးမှာ သွားအလုပ်လုပ်ကြ မှာ . . . ဗီဇာစောင့်နေတာပေါ့ကွာ. . .၊ မင်းတို့အမေ လွတ်တဲ့အချိန် ဆို ကွက်တိပဲ ပေါ့ကွာ"

"အဘ . . . သူများဦးသွားရင် ဘယ့်နှယ်လုပ်မလဲ"

မောင်လိမ္မာက စိုးရိမ်စိတ်နှင့် မေးလိုက်လေရာ ဦးမာလူးက နှုတ်ခမ်းကို စေ့၍ရယ်လိုက်၏။

"မဦးပါဘူးကွာ . . . စိတ်မပူနဲ့၊ သူတို့က ငါ့ရဲ့မိတ်ဆွေတွေ ပဲ၊ ငါ့ကိုကျော်ပြီး ဘယ်သူ့ကိုမှ မရောင်းပါဘူး၊ ငါတာဝန်ယူတယ် . . . မင်းသာ တခြားမှာ လက်မလွှတ်စေနဲ့"

"ဟာ . . . အဘကလဲ ကျွန်တော် အဘသဘောမပါဘဲ ဘာ အလုပ်မှ မလုပ်ပါဘူးဗျာ"

"အေး . . . ကောင်းတယ်၊ မောင်လိမ္မာ မင်းကို ငါတာရှည် နိုင်မာမယ့် အဆောက်အဦတစ်ခု တည်ဆောက်သလို တည်ဆောက်ခဲ့ တယ်၊ အခြေခံဖောင်ဒေးရှင်းကအစ ခိုင်မာအောင်လုပ်ပြီးမှ တစ်ဆင့်စီ တက်နိုင်းတဲ့နည်းပဲပေါ့၊ အခြေခံ သန်မာတဲ့အမြစ်ရှိတဲ့ အပင်ဟာ လွယ် လွယ်မလဲနိုင်ဘူးကွ . . .၊ မင်းကလဲ ဉာဏ်ရည်ကောင်းတယ်၊ ဇွဲလုံ့လ ဝီရိယလဲရှိတယ်ဆိုတော့ ငါဖြစ်ချင်တဲ့ ပုံစံအတိုင်း ဖြစ်လာတယ်၊ အဲဒါ ငါ အောင်မြင်တာပဲပေါ့၊ ပောဒီလိုလုပ်ရင် ပောဒီလိုဖြစ်တယ်ဆိုတာ လက်တွေ့စမ်းသပ်နိုင်းလိုက်တာပဲ"

"ဟုတ်ပါတယ်အဘ . . . ကျွန်တော် အခုလိုဖြစ်လာတာအား လုံးဟာ အဘရဲ့ကျေးဇူးတွေပါပဲ"

"ဒီလောက်တော့လဲ မဟုတ်သေးဘူးကွ၊ ငါက ပြောရုံသက်သက် ပါကွာ . . .၊ တကယ်အပင်ပန်းအဆင်းရဲခံပြီး အလုပ်လုပ်ခဲ့တာ တင်းဝဲ လေ၊ ငါ့ရဲ့ကျေးဇူးဆိုတာထက်ကို မင်းရဲ့အစွမ်းအစက ပိုတာပေါ့ကွ"

"ဘယ်ဟုတ်ပါ့မလဲ အဘရယ်၊ ကျွန်တော်ဟာ အဘနဲ့သာမတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရင် ပဒေသာလမ်းဆုံမှတ်တိုင်မှာပဲ ဘဝဆုံးသွားလောက်ပါပြီဗျာ"

ဦးမာလူးသည် မောင်လိမ္မာ၏ ပခုံးကို ပုတ်လိုက်၏။

"မင်းကို ငါကြိုက်တာ အဲဒါတွေပဲကွ၊ မင်းဟာ ရိုးသားကြိုးစားသလောက် အောင်မြင်တဲ့အခါမှာလဲ မာန်မတက်ဘဲ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြောနေနိုင်တယ်၊ မင်းဟာ တကယ်တော့ အတော်အမျိုးကောင်းတဲ့ကောင်ပဲကွ . . . ဟား ဟား ဟား"

"ကျွန်တော်က အမျိုးကောင်းတယ် ဟုတ်လားအဘ"

"အေး . . . ဟုတ်တယ်၊ ဒီမှာ မောင်လိမ္မာ အမျိုးကောင်း တယ် အမျိုးညံ့တယ်၊ အမျိုးမြတ်တယ်၊ အမျိုးယုတ်တယ်ဆိုတာ လူတစ် ယောက်ရဲ့ ပြောဆိုနေထိုင်မှု အကျင့်စရိုက်ကိုကြည့်ရင် သိနိုင်တယ်ကွ၊ မင်းက မင်းကိုယ်မင်း ဒီလိုထင်မယ်၊ လူသတ်သမားဝရမ်းပြေးနဲ့ ပြည့်တန်ဆာရဲ့သား၊ ငါလောက် အမျိုးယုတ်ညံ့တာ မရှိဘူးလို့ . . . ဒီလို မဟုတ်ဘူးကွ၊ လူဆိုတာ ဘယ်အခြေအနေက ပေါက်ဖွားလာသည်ပဲ ဖြစ်ပါစေ၊ ကောင်းမွန်တဲ့စိတ်ထား၊ ကောင်းမြတ်တဲ့ ကိုယ်ကျင့်တရားရှိ ရင် အမျိုးမြတ်တာပဲ၊ သူကြွယ်ကြီးရဲ့သား၊ အရာရှိကြီးရဲ့သားဖြစ်နေ တိုင်း အမျိုးမြတ်တယ်လို့မထင်နဲ့၊ အဲဒီလူဟာ မိဘအရှိန်အဝါရှိပေမယ့် သူကိုယ်တိုင်က ဆိုးသွမ်းယုတ်ညံ့နေရင် ကလိန်ကကျစ်ကျပြီး၊ မဟုတ် မဟုတ်တွေလုပ်နေရင် ဒုစရိုက်နွံထဲမှာပဲ နစ်မျောနေရင် သူတစ်ထူး ကိုယ်ကျိုးဖျက်စီး နစ်နာအောင် လုပ်ချင်နေမယ်ဆိုရင် ဒီလူဟာ အမျိုး ယုတ်တာပဲ၊ ယုတ်တယ် . . . ကောင်းတယ်ဆိုတာ ဘယ်သူ့အပေါ်မှာ မှ မမူတည်ဘူး၊ ကိုယ့်ကိုယ်တိုင်အပေါ်မှာပဲ အဓိကမူတည်တာ၊ လူတွေ က ပတ်ဝန်းကျင်ကကိုယ့်ကိုပဲကြည့်မယ်၊ သုံးသပ်မယ်၊ ဆုံးဖြတ်မယ်၊ အဲဒါကြောင့် ကိုယ့်ကိုယ်တိုင်ပဲ စောင့်ထိန်းရမယ်ကွ၊ အမိယုတ်တော့ နှုတ်ကြမ်း၊ အဖယုတ်တော့ ကိုယ်ကြမ်း၊ အမိအဖယုတ်တော့ ကိုယ်နှုတ် နှစ်ပါးစလုံး ကြမ်းတမ်းတယ်လို့ယူဆကြတယ်၊ တချို့သူတွေဟာ တစ် ချိန်လုံးရုတ်ရင်းကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ ဆဲဆိုရန်ဖြစ်၊ ရိုင်းစိုင်း တားတဲ့ အမူအရာတွေနဲ့ မရှက်မကြောက် ပြုမူနေထိုင်ကြတယ်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ပတ်ဝန်းကျင်က အကဲခတ်တော့ သူတို့ကြောင့် မိဘတွေပါ အယုတ်စာရင်းထဲ ဝင်ကုန်ကြတော့တာပေါ့၊ ဒါကြောင့် ညောင်ပင်သာဦးပုညက သုတရတနာဆုံးမစာမှာ . . .

စကားယွင်းစုတ်၊ အဆိုနှုတ်
အမိယုတ်သည့်သား။
ကိုယ်မူယွင်းစုတ်၊ အကျင့်နုတ်
အဖယုတ်သည့်သား။
ဝါစာကာယ၊ မကောင်းကြ
မိဘယုတ်သည့်သား။
အမိအဖ၊ ကဲမကျအောင်၊ သတိဆောင်
ကောင်းအောင်ကျင့်အမျှား။

ဆိုပြီး ဆုံးမခဲ့တာပေါ့၊ ကိုယ့်ကြောင့် အမိအဖတို့ရဲ့တန်ဖိုး အကဲမကျ အောင် သတိဆောင်ပြီး နေသင့်တယ်ဆိုတာပေါ့ကွာ"

ဦးမာလူးသည် စကားစကို ခေတ္တဖြတ်၍ ဆေးပေါ့လိပ်ကို မီးညှိလိုက်၏။

"မင်းတောင် ဆေးလိပ်မသောက်တာ အတော်ကြာပြီနော်"

"ယုတ်ကဲ့အဘ"

"မသောက်ချင်ဘူးလား"

"မသောက်ချင်ပါဘူး . . . အဘပဲ ပြောခဲ့တယ်လေ၊ ဆေးလိပ်သောက်ရင် ရောဂါရမယ်ဆိုပြီးတော့"

"ဘာလဲ . . . ရောဂါရမှာကြောက်နေပြီလား . . . "

"ကြောက်တာပေါ့ . . . အဘပဲ ပြောခဲ့တာလေ၊ ရခဲတဲ့လူ့ဘဝကြီးမှာ ကြာကြာနေလေ ကောင်းလေဆိုပြီးတော့"

"ဟုတ်တယ်ဟေ့ . . . ဟား ဟား ဟား ဟား အဲဒီစကားဟာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ . . . မောင်လိမ္မာရေ၊ ကြာတိုင်းကောင်းပဲဟေ့ . . . ဟား ဟား ဟား ဟား"

ဦးမာလူးသည် ဟက်ပက်ပက် ရယ်လေ၏။ မောင်လိမ္မာက လည်း လိုက်ရယ်လေသည်။

"အဘက . . . ကျွန်တော့်ကိုသာ ပြောနေတယ်၊ အဘလဲ ဆေးလိပ်ဖြတ်လိုက်ပါလား၊ သေမှာမကြောက်ဘူးလား"

"ဟေ .,. . သေမှာတော့ကြောက်တာပေါ့ကွ . . . ၊ဒါပေ မယ့် ငါကဆေးလိပ်သောက်တာ သိပ်မကြာသေးဘူးကွ၊ မင်းလိုပဲပေါ့ကွာ . . အင်မတန် စိတ်ညစ်လွန်းတဲ့အချိန်မှာ စသောက်ဖြစ်တာပဲ"

"အဘလဲ အလွန်စိတ်ညစ်ခဲ့တယ်ဆိုတာ ရှိဖူးလား"

"ရော . . . လူပဲ ရှိတာပေါ့ကွ၊ အင်း . . . ဆေးလိပ်သောက်တဲ့အကြောင်းပဲ ဆက်ပြောကြတာပေါ့ကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် ဆေးလိပ် နည်းနည်းပဲသောက်သောက်၊ နောက်ကျပြီးမှပဲ သောက်သောက်ဆေး လိပ်သောက်ရင်တော့ အဆုတ်နဲ့လည်ချောင်း၊ ခံတွင်းတွေကို ထိခိုက် ပြီး မူလရှိရင်းအသက်ထက်ကို ပိုတိုစေနိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေး ပညာရှင်တွေက အတိအကျ ဆိုထားကြတယ်၊ မင်းကို ငါတားခဲ့တာက မင်းဟာအလွန်ငယ်ရွယ်သေးတဲ့အချိန်မှာ ဆေးလိပ်ကောက်သောက်နေ တာဆိုတော့ မင်းရဲ့အဆုတ်က နုနုလေး . . . စောစောသေမှာစိုးလို့ ပေါ့ကွာ"

ဦးမာလူးသည် ဆေးပေါ့လိပ်ကို ရှိုက်ဖွာလိုက်ပြီး လျှာကိုလိပ် ၍ မီးခိုးငွေ့များကို အဝိုင်းကလေးများဖြစ်အောင် မှုတ်ထုတ်လိုက်၏။ မောင်လိမ္မာသည် ဦးမာလူး အလွန်စိတ်ညစ်ခဲ့ရသည်ဆိုသည့် အကြောင်း ကိုသိချင်နေသော်လည်း အဘိုးကြီးက ပြောချင်ဟန်သိပ်မရှိသည့်ပုံကို တွေ့လိုက်ရ၍ မမေးတော့ဘဲ အောင့်ထားလိုက်လေသည်။

"ပြောရဦးမယ် . . . မင်းရဲ့ ပြည်ချမ်းသာကလေးက သူ့အရွယ် ဇာ သမီးဆိုတော့ အမျိုးညံ့တယ် နိမ့်တယ်လို့ မထင်ဘူးလား"

"ဟာ . . . မထင်ပါဘူးဗျာ၊ ဘာလို့ထင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေကွာ ... မင်းစိတ်ထဲမှာများ ထင်နေသလားလို့"

"မထင်ပါဘူး အဘရယ်၊ ခုနက အဘပြောခဲ့တဲ့ စံနှုန်းနဲ့တိုင်းလိုက်ရင် အမျိုးကောင်းရွှတင်မကဘူး၊ အမျိုးပါ မြတ်နေသေးသဗျ ...၊ အဘတွေ့တဲ့အတိုင်းပဲ၊ သူက ရိုးသားဖြူစင်ပြီး ကိုယ်နှုတ်အမူအရာ ဘယ်လောက်အထိ ယဉ်ကျေးသလဲဆိုတာ ..."

"အေး ... တွေ့ပါတယ်ကွာ ... ဟဲ ဟဲ ဟဲ၊ နို့ ... မင်း အမေကရော သူဘရာဇာသမီးဆိုပြီး သဘောမတူရင် ဘယ့်နှယ်လုပ်မှာလဲ"

"အမေက အဲဒီလိုစိတ်မျိုးတွေ မရှိပါဘူး ...၊ သဘောတူမှာပါ အဘရယ်"

မောင်လိမ္မာသည် မိခင်ကြီး ထွက်လာခါနီးလေ စိတ်လှုပ်ရှား ရလဖြစ်နေလေ၏၊ ထောင်မှုမလွတ်မီ တစ်ပတ်အလိုလောက်မှာပင် သူသည် ကုန်စည်ကူးသန်းခြင်း၊ ခရီးဝေးသွားလာခြင်းတို့ကိုပင် မလုပ် တော့ဘဲ စောင့်ဆိုင်းနေလေ၏။

ဦးမာလူးပြောခဲ့သည့် စောင့်လေ ကြာလေဆိုသည့် စိတ္တဗေဒ သဘောမှာ အမှန်ပင်ဖြစ်လေသည်။ မိမိက အပြင်မှစောင့်နေသူဖြစ်သောကြောင့် မိခင်ကြီးနှင့်စာလျှင် အပုံကြီးတော်သေး၏။ သွားချင်ရာ သွားနိုင်သည်၊ ချစ်သူ ရွှေပြည်ချမ်းသာလေးနှင့်လည်း တွေ့နိုင်သေးသည် မဟုတ်ပါလော၊

သူသည် ထိုအချိန်များ၌ ရွှေပြည်ချမ်းသာနှင့် မောင်လေးဖြစ်သူပြည့်စုံကြွယ်ဝတို့၏ အမည်နှစ်ခုကို ပေါင်း၍ပေးထားသည့် ပြည့်စုံချမ်းသာ အအေးဆိုင်လေး၌သာ အချိန်ကုန်နေလေ၏။

ထိုအတောအတွင်း၌ပင် မင်္ဂလာရှိသော အလှူပွဲတစ်ပွဲကို လည်း တက်ရောက်ခဲ့ရချေသေး၏။ မမိုးဆွေ၏သားကလေး မိုက်ခဲအား ရှင်ပြုပေးသည့်ပွဲပင်တည်း။

ထိုပွဲသို့ ဦးမာလူး၊ မောင်လိမ္မာနှင့်အတူ ရွှေပြည်ချမ်းသာနှင့် ပြည့်စုံကြွယ်ဝကလေးပါ လိုက်ပါခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲ၌ အပျော်ဆုံးသူသည်ကား မမိုးဆွေပင်တည်း။ သူ၏ဒုက္ခ တမိခင်ကြီးမှာလည်း ဆေးဝါးကုသ မှန်ကန်မှုကြောင့် ထိုင်နိုင်၊ထနိုင်၊ တွဲသွားတွဲလာလုပ်နေနိုင်ပေပြီ။ ဟောက်ပက်နေသော မျက်လုံးများအား နေကာမျက်မှန်အနက်ကြီးနှင့် ဖုံးကွယ်ထားပြီး ခပ်ပြုံးပြုံးထိုင်နေသည် ကိုတွေ့ရ၍ မောင်လိမ္မာသည် များစွာစိတ်ချမ်းသာရလေ၏။

မောင်လိမ္မာက မမိုးဆွေနားသို့ကပ်ပြီး နောက်လိုက်သေးသည်။

*"အစ်မမြွေဆိုး . . . နောက်ပွဲတစ်ပွဲရော လုပ်ဖို့စိတ်မကူးသေး ဘူးလား"*

*"ဘာပွဲလဲ"*

မမိုးဆွေက ကြောင်တောင်တောင်နှင့် ပြန်မေးလေ၏။

*"အစ်မတို့ မင်္ဂလာပွဲလေ . . . မတွေ့ကြသေးဘူးလား"*

ထိုအခါမှပင် မောင်လိမ္မာ လာနောက်နေသည်ကို သဘော ပေါက်သွားပြီး မမိုးဆွေသည် ရယ်လေ၏။

*"ကြွံကြွံဖန်ဖန် ကိုလိမ္မာရယ် . . . ဒီကိစ္စနဲ့ပတ်သက်ရင်တော့ မတွေ့သေးတာ မဟုတ်ဘူး၊ ကြည့်ကိုမကြည့်တော့တာ၊ မကြည့်တဲ့သူဟာ မမြင်ဘူးပေါ့ . . . မဟုတ်ဘူးလား၊ ကျွန်မကိုပြောနေတယ် . . . ကို လိမ္မာတို့ရော ဘယ်တော့လဲ"*

မမိုးဆွေသည် မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့၏အ ကြောင်းကို သိထားပြီးဖြစ်သောကြောင့် မေးလိုက်၏။

*"အဟဲ . . . ကျွန်တော်ကတော့ ရှာတော့တွေ့တယ် . . . ကြည့်တော့မြင်တယ်ပေါ့ဗျာ၊ မကြာတော့ပါဘူး . . . ခဏလေးသည်း ခံပြီးတော့ စောင့်ပေးဦးပေါ့ဗျာ . . . ဟဲ ဟဲ ဟဲ"*

ထိုပွဲက ပြန်လာသည့်အချိန်၌ ရွှေပြည်ချမ်းသာက ဤသို့ပြော လေ၏။

*"ကြည်နူးစရာကောင်းလိုက်တာနော် . . . မောင်လေးတို့လဲ ရှင်ပြုပေးရဦးမယ် . . . သိလား"*

*"အင်း . . . ကိုယ်လဲ စဉ်းစားမိပါတယ်ကွာ"*



www.burmeseclassic.com

www.burmeseclassic.com



မောင်လိမ္မာသည် ထိုကဲ့သို့ ဖြေလိုက်သော်လည်း သူ့ကိုယ်တိုင်မှာမူ ယခုအချိန်အထိ ရှင်မပြုရသေးသည်ကို တွေးမိပြီး စိတ်ထဲ၌ တစ်မျိုးကြီး ဖြစ်သွားရ၏။ နောက်မှပဲ ပြည့်စုံကြွယ်ဝလေးနှင့် ပေါင်းပြီး ကိုရင်ကြီး၊ ထို့မှ ပဥ္စင်းတစ်ဆက်တည်း ဝတ်လိုက်တော့မည်ဟု တွေးလိုက်လေသည်။ ယခု သူ့အသက် နှစ်ဆယ်ပြည့်နေပြီ မဟုတ်ပါလား။

ထိုကြားထဲမှာပင် ဦးမာလူးသည် အပျင်းဖျားခဲ့လေသေး၏။ တစ်ညနေ . . . မောင်လိမ္မာသည် ဦးမာလူးရှိရာသို့ ရောက်အလာ၌ ဇရပ်ထောင့်တွင် ဖာတစ်ရာစပ် စောင်ကြီးခြုံ၍ တဟီးဟီးအဖျားတတ်နေသောဦးမာလူးကို တွေ့လိုက်ရသောကြောင့် အလွန်စိတ်ပူသွားလေသည်။

*"အဘ ဘယ်လိုဖြစ်တာလဲ၊ ကိုယ်တွေလဲ တအားပူနေပါလား"*

*"အင်း ဟင်းဟင်း . . . ငယ်ငယ်က ငှက်ဖြန်ထတာလား မသိပါဘူးကွာ . . . အင်း ဟင်းဟင်း"*

*"ဟာ . . . ဒါဆို ဘယ်ဖြစ်မလဲ ဆေးခန်းသွားမှပေါ့"*

*"အင်း ဟင်းဟင်း . . . ရပါတယ်ကွာ၊ ငါ ဆေးနီမှုန့်လေး သောက်ထားပါတယ်"*

ဦးမာလူးသည် နတ်ပူးသကဲ့သို့ တဆတ်ဆတ်တုန်ယင်နေကာ တဟင်းဟင်းနှင့် ညည်းညူနေလေ၏။

*"ဟာ . . . မဖြစ်ပါဘူးဗျာ၊ နေဦး . . . ကျွန်တော် ကားသွားငှားလိုက်ဦးမယ်"*

မောင်လိမ္မာသည် ပြောပြီးနောက် ဇရပ်ပေါ်မှ အမြန်ပြေးဆင်းကာ အငှားကားတစ်စီးသွားရောက်ငှားပြီး မကြာခင်၌ပြန်ရောက်လာ၏။ ဦးမာလူး အတင်းငြင်းဆန်နေသည့်ကြားမှပင် တွဲထူ၍ ကားပေါ်တင်ပြီးနောက် အထူးကုဆေးခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားလေတော့သည်။

ဆေးထိုးဆေးကုပြီး ဆေးခန်းမှ ပြန်ရောက်လာသည့်အခါ၌လည်း မောင်လိမ္မာသည် အိမ်သို့မပြန်တော့ဘဲ အနီးကပ် ပြုစုလေ၏။ ရွှေပြည်ချမ်းသာ ဆိုင်သိမ်းပြီး ပြန်လာသည့်အခါ၌ ဆက်ပြုတ်ပြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခြင်း၊ ဆေးတိုက်ခြင်းအမှုတို့ကို လာရောက်ကူညီပေးလေ၏။

ထိုကဲ့သို့ သုံးလေးရက်ခန့် ကြပ်ကြပ်မတ်မတ် ကုသလိုက်သည့် အခါမှသာ ဦးမာလူးသည် နဂိုအတိုင်း ထူထူထောင်ထောင် ပြန်ဖြစ်လာလေတော့သည်။

*"အဘက တအားပေတာပဲ၊ ကိုယ့်ကျန်းမာရေးကိုတောင် ကိုယ် ဂရုမစိုက်ဘူး"*

မောင်လိမ္မာက ဂရုဏာဒေါသောနှင့် ပြောလိုက်လေရာ ဦးမာလူးက ပြုံးလိုက်ပြီး . . .

*"ငါက ခါတိုင်းလဲ ဆေးနီမှုန့်လေးနဲ့ ပြီးသွားတဲ့ဟာ"*

ဟု ပြန်ပြောလေ၏။

*"ဘယ်တူမလဲ အဘရဲ့၊ ကိုယ်ခံအားကောင်းနေတဲ့အခါ ဆေးမြီးတိုလေးတွေနဲ့ ပြီးနိုင်ပေမယ့်၊ ကိုယ်ခံအားနည်းတဲ့အချိန်ကျတော့ ဘယ်ရပ့ါမလဲ"*

*"အေးပါကွာ . . . နောက်တစ်ခုက မင်းတို့ ငါ့အတွက်နဲ့ ငွေကုန်ကြေးကျများမှာစိုးလို့ပါ"*

မောင်လိမ္မာက ခေါင်းခါယမ်းလိုက်၏။

*"မဟုတ်ဘူး အဘ၊ ငွေကုန်တာနဲ့ ကျန်းမာရေးနဲ့ ယှဉ်လိုက် ရင် ကျန်းမာရေးက အများကြီး အရေးကြီးပါတယ်၊ ကျွန်တော်ပြောထား ပြီးပြီပဲ၊ ကျွန်တော့်မှာရှိတဲ့ငွေတွေဟာ အဘငွေတွေပဲပေါ့၊ ကုန်ချင်သ လောက်ကုန်သွားပါစေ၊ ကုန်သွားရင် ပြန်ရှာလို့ရပါတယ် . . . မဟုတ် ဘူးလားအဘ"*

ဦးမာလူးသည် ကြည်နူးစွာပင် ပြုံးနေလေ၏။ မောင်လိမ္မာသည်ကား သူထင်ထားသည်ထက်ပင် များစွာလိမ္မာရေးခြားရှိလွန်းသူ တစ်ယောက် ဖြစ်နေလေသည် မဟုတ်ပါလော။

− − −



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က နံနက်စောစီးစွာမှာပင် မောင်လိမ္မာသည် နိုးခဲ့လေ၏၊ စိတ်လှုပ်ရှားမှုများကြောင့် သူသည်ညကလည်း ကောင်းမွန်စွာ အိပ်မပျော်ခဲ့ပါ။ သို့သော်လည်း သူသည် လန်းဆန်းစွာပင် အိပ်ရာမှ နိုးထလာခဲ့လေသည်၊ ဤယနေ့သည်ကား မိခင်ကြီး ထောင်မှလွတ်မည့်နေ့ပင်တည်း။

ဦးမာလူးက နံနက်ဆယ်နာရီလောက်တွင်မှ သွားကြမည်ဟု ပြောထားခဲ့သော်လည်း မောင်လိမ္မာသည် မနေနိုင်ဘဲ ခပ်စောစောပင် ရောက်လာခဲ့လေ၏။ ဇရပ်ပေါ်၌ ဦးမာလူးမရှိပါ။

"အဘ"

မောင်လိမ္မာက အသံပြုလိုက်သည်၊

"အဘမာလူးမရှိဘူး ကိုလိမ္မာ . . . အပြင်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်ချမ်းသာက သူ၏တဲကလေးမှ ထွက်လာပြီး မောင်လိမ္မာဆီသို့ လျှောက်လာလေသည်။

"*အဘကလဲနော် . . . ဘယ်များသွားနေတာလဲမသိဘူး*"

မောင်လိမ္မာက ညည်းညူသလို တီးတိုးပြောလိုက်လေရာ ရွှေပြည်ချမ်းသာက . . .

"*အဘက ဆယ်နာရီမှ မှာထားတာဆို . . . ကိုလိမ္မာစောလာနေတာကိုး*"

ဟု ပြန်ပြောလိုက်လေ၏။

"ဘာစားလာပြီးပြီလဲ"

"ဟင့်အင်း . . . မစားရသေးဘူး"

"ဒါဆို လာ . . . ပဲပြုတ်ဆီဆမ်းနဲ့ ထမင်းကြမ်းလေး စားလိုက်"

ရွှေပြည်ချမ်းသာက တဲကလေးထဲသို့ ပြန်ဝင်သွားပြီး ပန်းကန်တစ်ချပ်ထဲ၌ ထမင်းကြမ်းနှင့် ပဲပြုတ်ဆီဆမ်းတို့ကို ထည့်လေ၏။ ထို့နောက် ဇွန်းကလေးတစ်ချောင်းတပ်ပြီး မောင်လိမ္မာအား ကမ်းပေးလေ သည်။

မောင်လိမ္မာသည် ခပ်၍သာ စားနေသော်လည်း စိတ်က အစားဆီသို့ မရောက်၊ မိခင်ဖြစ်သူထံသို့သာ ရောက်နေလေ၏။ သူသည် ဤယနေ့၌ ဆံပင်ကို သေသပ်စွာ ဖြီးသင်ထားပြီး အကောင်းဆုံး အဝတ်အစားများကို ဝတ်ဆင်ထား၏။ အိပ်ကပ်ထဲ၌လည်း ငွေစက္ကူများ တိုဖောင်းကားအောင် ထည့်လာခဲ့သည်။ မိခင်ကြီး ထောင်မှလွတ်ပါက အကောင်းဆုံးစားသောက်ဆိုင်တစ်ခု၌ ကျွေးမွေးရန် ရည်ရွယ်ထားခဲ့လေသည်။ သူသည် မိခင်ကြီးစိတ်ချမ်းသာသည်ကို အလွန်ပင် တွေ့ ချင်မြင်နေချင်လေတော့သည်။

"*ယူဦးမလား . . . ကိုလိမ္မာ*"

"*ဩော် . . . ရပြီ . . . ရပြီ၊ ဗိုက်တင်းသွားပြီး*"

ရွှေပြည်ချမ်းသာက မေးလိုက်မှပင် ပန်းကန်ထဲ၌ ပြောင်နေပြီဖြစ်မှန်း သတိထားလိုက်မိတော့သည်။

"*အဘဘောဂနဲ့ ပြည့်စုံလေးတို့ရော*"


www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးကျောင်းသွားကြတယ်"

"ဩော် . . . "

ယခုမှပင် ဦးဘောဂနှင့် ပြည့်စုံကြွယ်ဝတို့ မရှိသည်ကို သတိထားမိ၍ မေးလိုက်ရခြင်း ဖြစ်သည်။

"ကိုလိမ္မာ . . . ခဏနေဦး၊ ထမင်းအိုးလေး တည်လိုက်ဦးမယ်"

"ကိုယ် မီးထည့်ပေးမှာပေါ့"

"ဟာ . . ရပါတယ်၊ ကိုလိမ္မာ အဝတ်အစားတွေ ပေကျံကုန်ဦးမယ်"

"ပေပလေ့စေပေါ့ . . . မယ်တည်မယ်ဆိုရင် မောင်မွှေးပေးချင်တာပါပဲ"

မောင်လိမ္မာက ခပ်ရွှန်းရွှန်းလေး ပြောလိုက်လေရာ ရွှေပြည်ချမ်းသာက ဧအောက်နှုတ်ခမ်းလေးကို ကိုက်လိုက်ပြီး မျက်နက်ထောင့် ထပ်၍ကြည့်လိုက်၏။

"အဲဒီစကားကို မှတ်ထားနော် . . . မယ်တည်ရင် မောင်မွှေးပေးမယ်ဆိုတာ၊ တစ်သက်လုံး မီးမွှေးတဲ့တာဝန်ကို ယူရမယ် . . . နောက်မှ အီကလီမလုပ်နဲ့"

"ဟာ . . . ယူပါ့မယ်ဗျာ . . . ဟဲ ဟဲ . . . မွှေးတဲ့တာဝန်လဲယူမယ် . . . ပြည်ချမ်းသာကိုလဲယူမယ် . . . အားလုံးယူမယ်"

"ဘာ . . . အားလုံးယူမှာလဲ"

"လုပ်ရမယ့်တာဝန်ဝတ္တရားတွေ အားလုံးကိုပေါ့ . . . ဟဲဟဲဟဲ"

မောင်လိမ္မာသည်ထင်းပေါက်ကလေးများနှင့် မီးစမွှေးတော့သည်။ ရွှေပြည်ချမ်းသာ ဆန်ဆေးပြီးသည့်အချိန်၌ မောင်လိမ္မာ သည်လည်း မီးဖြစ်နေလေပြီ။

"ကဲ . . . မယ်လေးရေ . . . မီးမွှေးတဲ့အလုပ်ကိုတော့ မောင်လုပ်ပြီးပြီ . . . တွေ့လား"

ရွှေပြည်ချမ်းသာသည် ထမင်းအိုးအား မီးဖိုပေါ်တင်လိုက်ပြီး။

"ဒီ . . . မယ်နဲ့မောင်ဆိုတဲ့ အလုံးတွေကို တော်တော်အရသာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေတယ်ပေါ့လေ"

ဟု ပြောလေ၏။

"မောင်လို့ခေါ်ပါလား"

"မခေါ်နိုင်ပါဘူးတော်"

"ဒါဆို ကိုကိုလို့ခေါ်လေ"

"ဟင့်အင်း . . . မခေါ်ချင်ဘူး"

"ဘယ်လိုခေါ်ချင်လဲ"

"ကိုလိမ် . . . လို့"

"ဟာ . . . မဟုတ်တာ"

"ဒါဆိုရင် ကိုမာပေါ့"

"ဟာ . . . အဲဒါလဲ မကောင်းသေးပါဘူး"

ရွှေပြည်ချမ်းသာသည် မောင်လိမ္မာအား ကြည့်ပြီး တခစ်ခစ် ရယ်လေ၏။

"သူများတွေလဲ ဒီအတိုင်းပဲ နာမည်အဖျားဆွတ်ခေါ်ကြတာ ပဲဟာ"

"ကိုယ့်ဟာက အဖျားဆွတ်လို့မှ မကောင်းတာ"

"ဘာလို့မကောင်းရမှာလဲ . . . ကိုယ့်နာမည်ပဲဟာ၊ ခေါ်မှာပဲ ကိုလိမ် . . . ကိုလိမ် . . . ကိုကိုလိမ်"

"ခေါ် . . . ခေါ် . . . ကြိုက်သလိုခေါ် . . . ဘာဖြစ်လဲ . . . အိမ်မှာပဲ ယောဒီလို ဖက်တွယ်ပြီးတော့ကို မလွတ်တမ်း သိမ်ထား လိုက်မယ်"

ပြောပြောဆိုဆိုနှင့်ပင် မောင်လိမ္မာသည် ရွှေပြည်ချမ်းသာအား တင်းကျပ်စွာ ဖက်တွယ်ထားလိုက်လေတော့၏။

"ပွမ် . . . ပွမ်"

ထိုအချိန်မှာပင် အိမ်ရှေ့မှ ကြားလိုက်ရသည့် ကားဟွန်းသံ ကြောင့် သူတို့နှစ်ဦးစလုံး ပြေးထွက်လာကြလေ၏။

"ဘယ်သူ့ကားများပါလိမ့် . . . ထူးထူးခြားခြား"



www.burmeseclassic.com

www.burmeseclassic.com



တဲကလေးရှေ့၌ အနက်ရောင် ဇိမ်ခံကားကြီးတစ်စင်း ရပ်ထား၏။ သူတို့အနားသို့ ရောက်သည့်အချိန်မှာပင် ကားတံခါးပွင့်လာလေတော့သည်။

"ဟင် . . ."

"ဟယ် . . . အဘမာလူး"

ဦးမာလူးသည် အလွန့်အလွန် ထူးခြားဆန်းကြယ်လှစွာ ဆံမုတ်ဆိတ်ကျင်စွယ်တို့ကို သပ်ရပ်စွာ ရိပ်သ ဖြီးသင်ထားပြီး မျက်မှန်အနက်ကြီး တစ်လက်ကိုတပ်ကာ အလွန်အချိုးကျသည့် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားရလေသောကြောင့် မောင်လိမ္မာတို့မှာ လွန်စွာအံ့ဩသွားရလေ၏။

"အဘကို ဒီပုံစံနဲ့ တွေ့လိုက်ရတော့ လူပါမှားသွားတာပဲ . . . တကယ့်သူဌေးကြီးကျနေတာပါပဲဗျာ"

"ဟဲဟဲ . . . ဒါပေါ့ကွာ၊ တောင်းမှာအကွပ် လူမှာအဝတ်ဆိုတာ"

"အဘ ကားမောင်းတတ်တာပေါ့လေ၊ နို့ . . . ဒီကားကြီးက"

"တတ်သင့်တတ်ထိုက်တာဆို အကုန်တတ်ထားရတာပေါ့ကွာ၊ မင်းကိုလဲ သင်ပေးရဦးမယ်၊ ဒီကားကြီးက ငါ့သူငယ်ချင်းဆီက ခဏဆွဲလာတာ . . . ၊ မင်းကိုငါပြောခဲ့တဲ့အိမ် . . . သိလား . . . အဲဒီဆီက . . . မင်းတို့အမေကိုကြိုပြီးရင် အဲဒီအိမ်ကို သွားကြမယ်"

"အရောင်းအဝယ် ဖြစ်ပြီလား"

"ဖြစ်ပြီပေါ့"

"ဘယ်လောက်ဈေးလဲ အဘ"

"ဟိုရောက်ရင် သိမှာပေါ့ကွာ . . . ချိုပါတယ်၊ မင်းဝယ်နိုင်ပါတယ်"

မောင်လိမ္မာသည် အမေလွတ်လာပါက အခန့်သင့်နေထိုင်နိုင်ရန် အိမ်ပါအဆင်ပြေပြီဖြစ်သောကြောင့် ဝမ်းသာသွားရ၏။

မကြာမီမှာပင် ဦးဘောဂနှင့် ပြည့်စုံကလေးတို့လည်း ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြလေသည်။

"အံမယ် . . . မောင်မာလူးက ထူးထူးကဲကဲ ပြောင်လှချည်လား"

"ဟဲ ဟဲ . . . ပြောင်သင့်တဲ့အချိန်မှာ ပြောင်ရမှာပေါ့ . . . ဘောဂရေ၊ မောင်လိမ္မာရဲ့အမေကို သွားကြိုတဲ့အခါ သမီးပြည်ချမ်းသာကိုပါ ခေါ်သွားမယ်နော်"

"အေးပါကွာ . . . ခေါ်သွားပါ"

ဆိုခဲ့သည့်အတိုင်းပင် သူတို့သည် ဆယ်နာရီထိုးခါနီးမှ ထွက်ခဲ့ကြလေ၏။ ဦးမာလူးက အရှေ့မှမောင်းပြီး မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့က အနောက်မှ လိုက်ခဲ့ကြလေသည်၊ ရွှေပြည်ချမ်းသာသည် ဝတ်ကောင်းစားလှများနှင့် ပြင်ဆင်ကာ လိုက်ပါခဲ့သောကြောင့် ထင်ထင်ရှားရှား လှပ၍နေသည်။

သို့နှင့်ပင် အင်းစိန်ထောင်ဗူးဝသို့ ရောက်ရှိလာခဲ့ကြလေတော့သည်။ သူတို့သည် အကျဉ်းသားများ လွတ်မြောက်လာမည့် အချိန်ကို စုံစမ်းကြလေရာ တစ်နာရီခန့် စောင့်ရဦးမည်ဟူသည့် အဖြေကို ရကြ၏။

"ကဲ . . . လာကြပေ့ . . . စောင့်ရင်းနဲ့လက်ဖက်ရည် သောက်ကြရအောင်၊ မင်္ဂလာရှိတဲ့ ဒီနေ့အတွက်ရော . . . မင်္ဂလာရှိ လာမယ့် မင်းတို့နှစ်ယောက်အတွက်ရော ကြိုတင်ပြီး အဘပဲ ဒကာခံပါ့မယ်"

"ဟင် . . . အဘက ပိုက်ဆံရှိလို့လား"

"အံ့မာ . . . မင်းက ငါ့ကို ဘယ်အချိန်ကြည့်ကြည့် ငွေမရှိလို့ များထင်နေသလား၊ သူဌေးပါကွ . . . ဘာမှတ်လဲ၊ ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းလာတာ၊ ငွေရေးကြေးရေးလောက်ကတော့ ခြေသလုံးမွေးပဲ . . . ဟား ဟား ဟား"

"ဒါဆိုရင် . . . သမီးက အပီဝါးမှာနော်"

"ဝါး ဝါး . . . ကြိုက်သလိုသာ ဝါးတီးဖွင့်ပေတော့၊ သူဌေးကြီးပါလာပြီးပဲဟာ . . . ဟား ဟား ဟား"

လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းမှပင် မောင်လိမ္မာသည် ထောင်



www.burmeseclassic.com

www.burmeseclassic.com



ဗူး၀သို့ မျှော်၍ကြည့်နေမိ၏။ အချိန်တို့သည်ကား ကုန်ခဲလှပါဘိ တောင်း။

"ဘယ်လိုလဲကွ . . . ကြာတယ် မထင်ဘူးလား"

"ဟုတ်တယ် အဘ . . . တအားကြာတာပဲ"

"အဲဒါကြောင့် မင်းကိုငါပြောဖူးတာပေါ့၊ စောင့်မျှော်လေ ရှည်ကြာလေပဲဆိုတာ၊ ကဲ ကဲ . . . ရောက်တော့မှာပါ၊ မင်းတို့နှစ်ယောက် ဒီဆိုင်ကပဲ ထိုင်စောင့်ကြ . . . အဘ ကားပေါ်ကပဲ စောင့်နေမယ်"

ဦးမာလူးသည် လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးများ ရှင်းပေးပြီးနောက် တားပေါ်မှာပင် သွားရောက်ထိုင်နေပြီး စာအုပ်တစ်အုပ်ကို ဖတ်နေလေတော့၏။

"အမေ့ကိုတွေ့တာနဲ့ ဖွင့်ပြောလိုက်မယ် သိလား"

"ဘာကိုလဲ"

"ပြည်ချမ်းသာနဲ့ ကိုယ့်အကြောင်းပေါ့"

"မစောလွန်းဘူးလား"

"ဘယ်ကစောရမှာလဲ . . . တအားတောင် နောက်ကျနေပြီ"

"ကဲလိုက်တာနော်"

ရွှေပြည်ချမ်းသာက ခေါင်းကလေးငုံ့ပြီး ရှက်ပြုံးပြုံးလေ၏။ မောင်လိမ္မာ၏ မျက်လုံးများထဲ၌မူ အလွန်တရာ ချစ်စဖွယ်ကောင်းနေလေတော့သည်။

"ကိုယ်တို့လက်ထပ်ပြီးရင် အဘဘောဂကိုပါ ဒီအလုပ်မလုပ်ခိုင်းတော့ပဲ အိမ်မှာခေါ်ထားကြရအောင်နော်"

"အဖေက ဘယ်လိုက်ပါ့မလဲ၊ သူက သူ့အလုပ်မှာပဲ ပျော်နေတဲ့ဟာ"

"ရအောင်ခေါ်ရမှာပေါ့"

"လိုက်မှာမဟုတ်ပါဘူး . . . အဖေ့အကြောင်းကိုသိတယ်"

"သူကအလုပ်မှာပျော်တယ်ဆိုပေမယ့် အသက်ကကြီးနေပြီလေကြာရှည် ဘယ်လုပ်နိုင်ပါတော့မလဲ"

ရွှေပြည်ချမ်းသာသည် မောင်လိမ္မာအား မော့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်ဝန်းများထဲ၌ အစိမ့်ပွာယ်တစ်မျိုး ပါဝင်နေလေသည်။

"ကိုလိမ္မာကို မေးရဦးမယ်"

"ဘာလဲ"

"သေသေချာချာဖြေနော်"

"အင်းပါ . . . ဖြေပါ့မယ်"

"တကယ်လို့ အဖေက သူ့အလုပ်ကို သူမလုပ်နိုင်လို့ ငါ့သမက်လေး အဖေ့အလုပ်ကို အဖေ့အစား လာလုပ်ပေးပါဆိုရင် ကိုလိမ္မာဘယ်လိုဖြေမလဲ"

"ဟာကွာ"

"ဘာလဲ . . . မလုပ်ပေးနိုင်ဘူး . . . ဟုတ်လား . . . "

မောင်လိမ္မာသည် ရွှေပြည်ချမ်းသာအား စူးစိုက်ကြည့်လိုက်၏။

"တကယ် မဖြစ်မနေ လုပ်ပေးရမယ်ဆိုရင်တော့ လုပ်ပေးရမှာပေါ့ . . . ဘာဖြစ်လို့လဲ သီလား"

"ဘာဖြစ်လို့လဲ"

"ရွှေပြည်ချမ်းသာကို သိပ်ချစ်လို့ပေါ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ . . . သမီးကို အသက်မက ချစ်နေတော့လဲ ယောက္ခမသဘောကို လိုက်လျောရတော့မှာပေါ့ . . . မဟုတ်ဘူးလား"

မောင်လိမ္မာ၏စကားကြောင့် ရွှေပြည်ချမ်းသာ၏ မျက်ဝန်းများထဲ၌ အချစ်အရိပ်အယောင်တို့နှင့် လင်းလက်သွားလေတော့၏။

"ပြောမယ့်သာပြောတာပါ . . . အဖေက လုပ်ခိုင်းလို့ သမက်ကလုပ်မယ်ဆိုရင်တောင်မှ သမီးကတော့ မလုပ်ခိုင်းပါဘူးတော်"

"ဘာဖြစ်လို့လဲ"

"ချစ်လို့ပေါ့"

ထိုစကားလုံးလေး သုံးလုံးမှာ တိုးညှင်းလှသော်လည်း မောင်လိမ္မာ၏ နားစည်ကို ကျော်ဖြတ်၍ ရင်ထဲသို့ တဒိန်းဒိန်းနှင့် လိမ့်ဆင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . ."

"ဘာလဲဟင်"

"ဟိုမှာ ထောင်ဗူးဝကြီး ပွင့်နေပြီ"

မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့သည် လက်ဖက်ရည်ဆိုင်မှ ထပြီး ထောင်ဗူးဝသို့ လျှောက်လာကြ၏၊ ယခုအချိန်မှာလည်း မောင်လိမ္မာ၏ရင်သည် တဒိန်းဒိန်းနှင့် ခုန်နေပြန်လေသည်၊

မောင်လိမ္မာသည် ဦးမာလူးအား လက်ပြလိုက်ပြီးနောက် စနစ်တကျ စီတန်းထွက်လာသည့် လွတ်မိန့်ကျ အကျဉ်းသူအကျဉ်းသားများကြားထဲမှ အမေ့ကိုရှာနေလေ၏။

"ဟော . . . ဟိုမှာ"

"ဘယ်မှာလဲ . . . ဘယ်သူလဲဟင်"

"ဟိုမှာလေ . . . အကျႌအညိုရောင်လေးနဲ့ အမေပေါ့"

မောင်လိမ္မာသည် ပြောပြီးသည်နှင့် "အမေ"ဟုလှိုက်လှဲနင့်နဲ စွာခေါ်လိုက်ပြီးပြေးသွားလေ၏၊ ဒေါ်သီတာသည်အမေဟူသော အသံနှင့်အတူပြေးလာနေသည့် သားသားနားနားလူငယ်လေးအားကြည့်ပြီး တစ်ချက်ကြောင်သွားသည်၊

"အို . . . သားလေးပါလား"

"သား . . ."

"အမေ . . ."

မောင်လိမ္မာသည် မိခင်၏ ရင်ခွင်ထဲသို့ ကလေးတစ်ဦးပမာ တိုးခွေ၍ ဝင်လိုက်၏။ ထိုအခါ ဘယ်အချိန်က ထွက်လာသည်မသိ သည့် မျက်ရည်ပူများက ပိုးပိုးပေါက်ပေါက် ကျလာလေတော့သည်၊

"ကြည့်စမ်း . . . အမေ့သား . . . အရွယ်ကြီးထွားပြီး ချော လာလိုက်တာ . . . အမေ ရုတ်တရက် မမှတ်မိဘူး"

ဒေါ်သီတာ၏အသံတို့သည် တုန်ခါနေလေ၏၊ သူမထံ၌လည်း မျက်ရည်စက်များနှင့် ရွှဲစိုနေတော့သည်၊

ရွှေပြည်ချမ်းသာသည် သားအမိနှစ်ဦးတို့အား ကြည့်ပြီး သူမဝါ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်လည်လာလေသည်။

"သား . . . အမေ့ကို စောင့်နေတာ ကြာပြီ၊ အမေ့ကို စောင့်နေတာ . . . အမေ ချမ်းချမ်းသာသာနေရတော့မယ် . . . သိလား . . . သားတို့ အမေတို့ အရင်လို ဆင်းဆင်းရဲရဲ မနေရတော့ဘူး"

ငိုသံများ ရောစွက်၍ မောင်လိမ္မာသည် မိခင်အား တတွတ်တွတ် ပြောနေလေ၏။

"လာ . . . အမေ . . သွားကြမယ် . . . ဘြော်"

ယခုမှပင် ရွှေပြည်ချမ်းသာနှင့်တကွ ပတ်ဝန်းကျင်ကို သတိရမြစ် တော့သည်။

"အမေ . . . ဒီမှာတွေလား . . . သူနာမည်က ရွှေပြည်ချမ်း သာတဲ့ . . . အမေ့ချွေးမ ဖြစ်လာမယ့်သူပေါ့"

"အို . . ."

ဒေါ်သီတာသည် သားချစ်သူမိန်းကလေးအား ကြည့်လိုက်၏၊ ရိုးရိုးယဉ်ယဉ်ကလေးနှင့် ကြည့်ကောင်းတဲ့ မိန်းကလေးပဲဟု မှတ်ချက်ပြု လိုက်ရင်း ပြုံး၍နှုတ်ဆက်လိုက်လေသည်၊

ဒေါ်သီတာသည် လုံးဝအဆက်အသွယ်ပြတ်နေသောသေ သည်၊ ရှင်သည်မသိ ဖြစ်နေရသော ချစ်လှစွာသောသားကို မမျှော်လင့် ဘဲ ဗြုန်းစားကြီး တွေ့လိုက်ရလေသောကြောင့် ငိုချင်သလို ရယ်ချင်သလို နဲ့ ထိထိခိုက်ခိုက်ကြီး ဝမ်းသာရလေ၏၊

"လာအမေ . . . ဟိုးမှာ . . . သားတို့ကားပါလာတယ်"

သားဖြစ်သူက တွဲခေါ်သွားလေရာ ဒေါ်သီတာသည် အိပ်မက် မက်နေသည့်အလား ကြိုးတန်းပေါ်၌ လမ်းလျှောက်နေရသူပမာ ရင်တ လှပ်လှပ်နှင့် လိုက်ပါသွားလေတော့သတည်း။

— — —



www.burmeseclassic.com

www.burmeseclassic.com

နန်းတော်ကြီးတမျှ ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးတစ်အိမ်၏ ခြံဝင်းတံခါးရှေ့၌ ကားကို ထိုးရပ်လိုက်သောအခါ လမ်းတစ်လျှောက်လုံး ဘုရားစာများကို မျက်စိမှိတ်ရွတ်ဖတ်လာခဲ့သော ဒေါ်သီတာသည် မျက်လုံးများဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

"ဟင် . . . ဒီအိမ်ဟာ"

"ဟုတ်တယ် မသီတာ . . . ဒီအိမ်ဟာ မင်းနေသွားခဲ့ဖူးတဲ့ အိမ်ပါပဲ"

ဦးမာလူးက ကားတံခါးကို ဖွင့်ဆင်းပြီး မျက်မှန်နက်ကို ချွတ်ကာ ပြောလိုက်သည်။

"သူဌေး . . . သူဌေးကြီး"

မောင်လိမ္မာနှင့် ရွှေမြည်ချမ်းသာတို့သည် အဘမာလူးနှင့် ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



သီတာတို့အားကြည့်ပြီး ဘာတွေဖြစ်မှန်း နားမလည်နိုင်အောင် ဖြစ်ကြရလေ၏။

"သူဌေးကို ကျွန်မ သတိမထားမိတာ ခွင့်လွှတ်ပါရှင်"

ဦးမာလူးနှင့် မောင်လိမ္မာတို့က အရှေ့မှ ထိုင်လာကြပြီး ရွှေပြည်ချမ်းသာနှင့် ဒေါ်သီတာတို့က အနောက်မှ ပါလာသောကြောင့် အမှုမဲ့အမှတ်မဲ့ ဖြစ်သွားခြင်းပင်တည်း။

"အဘကသူဌေး ... ဟုတ်လားအမေ"

"ဟုတ်တယ်လေ ... သားမသိဘူးလား၊ အမေအိမ်ဖော်လုပ်ခဲ့တာ ဟောဒီအိမ်မှာပဲ၊ စိတ်သဘောကောင်းတဲ့ သူဌေးဆိုတာ အခုသားတို့ အဘမာလူးပေါ့"

ထိုအချိန်၌ ဦးမာလူးသည် သူ့တွင်ရှိသော သော့နှင့်ခြံဝင်းတံခါးကို ဖွင့်နေချိန်ဖြစ်လေသည်။ ဦးမာလူးသည် ခြံတံခါးကို ဖွင့်လိုက်ပြီး နောက်ကားရှိရာသို့ ပြန်လျှောက်လာ၏။

"အကြောင်းစုံ အိမ်ထဲရောက်မှ ပြောကြရအောင်"

ဦးမာလူးသည် ပြောလိုက်ပြီးနောက် ကားကို ခြံဝင်းအတွင်းသို့ မောင်းဝင်လိုက်သည်။

ကားကို ဆင်ဝင်အောက်၌ ရပ်လိုက်ပြီးနောက် ဦးမာလူးသည် ဆင်းလိုက်ကာ အိမ်တံခါးမှုကြီးကို ခတ်ထားသည့် သော့အားဖွင့်လိုက်ပြန်သည်။

"လာကြလေ"

ထိုအချိန်ကျမှပင် မောင်လိမ္မာတို့အဖွဲ့သည် အူတူတူနှင့် ဆင်းလိုက်ကြလေတော့သည်။

"အဘ ... ဒီအိမ်ကြီးမှာ ဘယ်သူမှ မနေဘူးလား"

မောင်လိမ္မာက မေးလိုက်ရာ ဦးမာလူးက ...

"နေတာပေါ့ ... လူမနေရင် ပျက်စီးသွားမှာပေါ့၊ ဝါတပည့် ပေတူးတို့လင်မယားကို ဒီမှာစောင့်ရှောက်ဖို့ ပေးနေထားတယ် အခုတော့ သူတို့ကို အိမ်တစ်လုံးဝယ်ပေးလိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ဖြေလေ၏။

တိုက်အိမ်ကြီးသည်ကား အပြင်မှကြည့်လျှင် ကြီးကျယ်ခမ်းနားသလို အတွင်းပိုင်းမှာလည်း သပ်ရပ်သားနားလွန်းလှ၏၊

ကနုတ်ပန်းများနှင့် ထွင်းထုထားသည့် ကျွန်းစားပွဲကြီးကို ပတ်ဝိုင်းထားသည့် ဆိုဖာဆက်တီခုံများ၌ သူတို့ဝိုင်း၍ထိုင်လိုက်ကြသည်၊

မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့သည် ဦးမာလူး၏ ပရိဘောဂစုံလင်လှသည့် အိမ်ကြီးကိုကြည့်ပြီး အံ့သြတကြီးဖြစ်ကြရလေ၏၊

မောင်လိမ္မာ စိတ်ဝင်စားသည်ကား အခန်းထောင့်ရှိ ကြီးမားသော မဟော်ဂနီစန္ဒရားကြီးပင်တည်း။

"သူဌေးနဲ့ သားလေး ဘယ်လိုတွေ့ကြတာလဲ"

ဒေါ်သီတာက မောင်လိမ္မာအားမေးလိုက်၏။

"ကျွန်တော် အမေနဲ့ခွဲပြီးနောက် အလုပ်ကလဲမရှိ၊ တော်ပြတ်နေတဲ့အချိန်မှာ အဘနဲ့တွေ့တာပဲ၊ အဘက ကျွန်တော့်ကို အလုပ်လုပ်နည်းတွေ သင်ပေးတယ်၊ ကျွန်တော် အဘနဲ့အတူပဲ သုသာန်ဇရပ်မှာ လိုက်နေလိုက်တယ်"

"သူဌေးက သုသာန်ဇရပ်မှာနေတယ် . . . ဟုတ်လား"

ဒေါ်သီတာက အံ့သြတကြီး မေးလိုက်၏၊ ဦးမာလူးက ခေါင်းညိတ်ပြီး . . .

"ဟုတ်တယ် . . . ကျုပ် အဲဒီသင်္ချိုင်းမှာပဲ နေနေတာ အနှစ်နှစ်ဆယ်ရှိသွားပြီ"

"ဘုရား . . . ဘုရား"

အလွန့်လွန်ကြွယ်ဝချမ်းသာသည့် သူဌေးကြီးက သုသာန်ဇရပ်၌ အနှစ်နှစ်ဆယ်တိတိ သွားရောက်နေနေခဲ့သည်ဆို၍ ဒေါ်သီတာသည် ကြားရသမျှ အံ့ကြကုန်နိုင်ဖွယ်ရာ ဖြစ်နေလေတော့သည်၊

"သူဌေးကတော်ရော"

"သူလား . . . သူ့လမ်းသူလျှောက်သွားပြီလေ၊ ကျုပ်အစတေနေပြောပြမယ်၊ ကျုပ်မိန်းမ နယ်လီဟာ ဘယ်လိုအမျိုးအစားမျိုးလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာမင်းသိပါတယ်၊ ကျုပ်က ကြိုးစားရှာဖွေသလောက် သူက ဖြုန်းတီးပစ်တယ်၊ ကျုပ်က တည်တည်ကြည်ကြည်နေသလောက် သူကတော့ ဖောက်လွဲဖောက်ပြန် အမြဲလုပ်တယ်၊ သူ့ရဲ့သုံးဖြုန်းရှုပ်ပွေမှုကို ကျုပ်မသိဘူးထင်နေပေမယ့် ကျုပ်ကတော့ အားလုံးကို သိနေပါတယ်၊ ဒါပေမယ့် ထူပြီးသား အိမ်ထောင်တစ်ခုကို နားလည်သဘောပေါက်လာသည် အထိ စိတ်ရှည်သည်းခံခွင့်လွှတ်ပြီး နေခဲ့ပါတယ်၊ ဒါပေမယ့် ကိုယ်ထင်သလိုဖြစ်မလာဘူး၊ ကြာလေ ပိုပြီးဆိုးဆိုးလာတယ်၊ မောင်လိမ္မာကို အဘပြောဖူးသလားမသိဘူး၊ လင်းတဟာ လင်းတပဲ ဟင်္သာမဖြစ်နိုင်ဘူးဆိုတာမျိုးပေါ့၊ ဒါနဲ့ပဲ တစ်နေ့ကျတော့ မသီတာကိစ္စပေါ်လာတယ်၊ မသီတာက ရွှေငွေပစ္စည်းတွေကို ခိုးဝှက်တယ်ဆိုပြီးတော့ပေါ့၊ အခန်းထဲမှာ ခိုးထားတဲ့ ပစ္စည်းတစ်ခုတွေ့တယ်ပေါ့၊ ကျုပ်အလုပ်က ပြန်လာတဲ့အချိန် မှာ အော်ဟစ်ကြိမ်းမောင်းပြောဆိုနေလို့ ကျုပ်က တားမြစ်ခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အကွက်ကို ကျုပ်သိနေလို့ပဲ၊ သူလောင်းကစားပစ်လိုက်လို့ ကုန်တယ်ဆိုတာ ကျုပ်မသိဘဲနေပါ့မလား၊ ဒါကြောင့် မသီတာနဲ့ပတ်သက်တဲ့ လုပ်ဇာတ်ကြီးကို ကျုပ်လုံးဝမယုံဘူး၊ ဒါပေမယ့် ဒီမိန်းမဟာ လုပ်ရင်တစ်ဆုံး ကိစ္စတုံးလုပ်တတ်တဲ့ မိန်းမမျိုးပဲ၊ အဲဒီနေ့ က ကျုပ်ပြန်လာတော့ မသီတာထွက်ပြေးသွားပြီဆိုပြီး ပြောတယ်၊ ကျုပ် ကလဲ ပထမကတော့ သူ့ရဲ့ဆဲဆိုဆူပူ ရန်ထောင်မှုတွေကို မခံနိုင်တော့လို့ ထွက်ပြေးသွားတာပဲလို့ ထင်ခဲ့မိတယ်၊ ဒါပေမယ့် အဲဒီအထင်ဟာ မမှန်ဘူးဆိုတာ နောက်တစ်လလောက်ကြာတဲ့အခါမှာ သိရတာပါပဲ၊ ကျုပ်ရဲ့ သူငယ်ချင်းတစ်ယောက်က မသီတာကို မကောင်းတဲ့ အတန်းတစ်ခုမှာ တွေ့လာခဲ့တယ်လေ၊ ကျုပ် ချက်ချင်းရိပ်မိသွားတယ်၊ ဒီကိစ္စဟာ နယ်လီလက်ချက်ပဲဆိုတာ"

ထိုနေရာသို့အရောက်၌ ဒေါ်သီတာသည် နားထောင်နေရင်းမှ မျက်ရည်ပူများ တသွင်သွင်စီးဆင်းကျလာလေတော့သည်။

"ဒါနဲ့ ကျုပ် သူ့ကိုမေးလိုက်တော့ . . . ဟုတ်တယ် ဘာဖြစ် လဲ အဲဒီအတန်းနဲ့ပဲတန်လို့ အဲဒီအတန်းကိုပဲ ပို့လိုက်တယ်လို့ပြန်ပြော တယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အထိ ယုတ်မာရိုင်းစိုင်းသလဲဆိုတာ၊ ကျုပ်လဲ သည်းမခံနိုင်တော့ဘူး၊ အဲဒီအတန်းနဲ့တန်တာသူမဟုတ်ဘူး မင်းပဲ . . . မင်းလိုအဖျက်မျိုးပဲ ဒီအတန်းနဲ့တန်တာလို့ ပြန်ပြောပစ်လိုက်တော့ အကြီးအကျယ်စကားများကြတော့တာပါပဲ၊ အဲဒီနောက်တော့ ရှင်နဲ့မ ပေါင်းနိုင်ဘူးဆိုပြီး လိုချင်တဲ့ပစ္စည်းတွေ ကောက်ယူပြီး သူနဲ့ရှုပ်နေတဲ့ ကောင်နောက်ကို လိုက်သွားတော့တာပါပဲ"

"နောက်တော့ ဘယ်လိုဖြစ်သွားလဲအဘ"

"နောက်တော့လား . . . ငါကလဲ သူ့ကို တကယ်ကို စိတ်ကုန်နေပြီလေ၊ ဒါနဲ့ပဲ သတင်းစာထဲမှာ မယားအဖြစ်က စွန့်လွှတ်ခြင်းသတင်းကို တစ်လတိတိ ထည့်ပစ်လိုက်တယ်၊ နောက်ဆုံးတော့ သူနဲ့ရှုပ်နေတယ်ဆိုတဲ့ ကောင်တွေကလဲ သူ့ကို အတည်ဘယ်ယူပါ့မလဲ၊ ရနေလို့သာ ချူစားမြူစားလုပ်နေကြတာပါပဲ၊ ဒီလိုနဲ့ နောက်ဆုံးကျတော့ ငါထင်ကြေးပေးလိုက်တဲ့အတိုင်းပါပဲ အဲဒီအတန်းထဲကို တန်းပြီးရောက်သွားတော့တာပါပဲ"

"အခုရှိသေးလား အဘ"

"မရှိတော့ဘူး . . . လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပဲ ဆုံးပါးသွားပြီ၊ သူ့ရဲ့ ယုတ်ညံ့တဲ့စိတ်ဓာတ် . . . နိမ့်ကျတဲ့ လုပ်ရပ်တွေက သူ့ကို ပြန်သတ်သွားတာပါပဲ"

မောင်လိမ္မာသည် များစွာသံဝေဂရမိ၏။ မကောင်းမှု၌ မွေ့လျော်ပျော်ပါးသူသည် မကောင်းသည့် အကျိုးတရားများကိုသာ ရရှိခံစားနေမည်မဟုတ်ပါလား၊ သူတစ်ပါးကို ယုတ်နိမ့်စွာနှင့် တွန်းချခဲ့မှု ကြောင့် သူကိုယ်တိုင်လည်း ချောက်အတွင်းသို့ သက်ဆင်းခဲ့ရရှာလေပြီ မဟုတ်ပါလား။

"ကျုပ် မသီတာရဲ့သတင်း ကြားကြားချင်း အဲဒီမှာသွားရောက်စုံစမ်းခဲ့ပါသေးတယ်၊ တွေ့ခဲ့ရင် ငွေဘယ်လောက်နဲ့ပဲဖြစ်ဖြစ် ပြန်ရွေးထုတ်မယ်ပေါ့၊ ဒါပေမယ့် အဲဒီအချိန်မှာ မသီတာ မရှိတော့ဘူး၊ ထွက်ပြေးသွားပြီလို့ ပြောကြတယ်၊ လူတစ်ယောက်က သူ့ကို ခေါ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ . . .၊ အဲဒီလူက မဆီမဆိုင်ဝင်ရှုပ်လို့ ပြဿနာတက်ကြပြီး အဲဒီလူတပဲ သူတို့အထဲက လူတစ်ယောက်ကို ဓားနဲ့ထိုးသတ်သွားတယ်လို့ ပြောကြတယ် . . .”

မောင်လိမ္မာ သူ့မိဘရဲ့အကြောင်းကို ပြောကတည်းက ကျုပ်သိလိုက်တယ်၊ ဒါကြောင့် သူ့ကိုတောင် မေးခဲ့သေးတယ်၊ မင်းတို့အမေ အိမ်ဖော်လုပ်ခဲ့တဲ့ သူဌေးလင်မယားရဲ့အမည်ကို သိသလားဆိုပြီးတော့ . . . သူက မသိဘူး၊ ဒါနဲ့ ကျုပ်လဲ ပိုပြီးသေချာအောင် အကျဉ်းထောင်ထဲမှာ စုံစမ်းလိုက်တော့ မင်းပဲဆိုတာ အတိအကျသိလိုက်တော့တယ်”

“ဒါဆိုရင် ကျွန်မကို ဆေးဝါး၊ အစားအသောက်တွေ ပို့ပို့ပေးနေတာ သူဌေးပဲပေါ့”

ဒေါ်သီတာက ဖြတ်၍မေးလိုက်၏။

“ဟုတ်တယ် . . . ကျုပ်တပည့်လေးကတစ်ဆင့် တစ်ပတ် တစ်ခါ ပို့ပို့ပေးနေတာပဲ”

“အဘကလဲဗျာ ကျွန်တော့်ကို လုံးဝမပြောဘူး”

မောင်လိမ္မာက မကျေမနပ်နှင့် ဝင်ရောက်ပြောလိုက်သည်၊ ဦးမာလူးကတော့ ပြုံး၍သာနေလေ၏။ ထို့နောက်တွင်မှ ဤကဲ့သို့ဆက်ပြောလေသည်၊

“ကဲ ကဲ . . . ပြီးခဲ့တာတွေအားလုံးကို မေ့လိုက်ကြပါစို့၊ အခုလက်ရှိအကြောင်းပဲ ပြောကြရအောင်၊ အခုအချိန်ကစပြီး ဒီအိမ်ကို မင်းကို အဘရောင်းလိုက်ပြီ၊ မင်းပိုင်သွားပြီ . . .၊ ဒီအိမ်ထဲမှာရှိတဲ့ ပစ္စည်းပစ္စယတွေ အားလုံးကိုလဲ မင်းပိုင်သွားပြီ”

“ဟာ . . . မဟုတ်တာ အဘကလဲ၊ ကျွန်တော့်ရှိတဲ့ငွေကလေးနဲ့ အဘရဲ့ဒီအိမ်ကြီးကို ဘယ်ဝယ်နိုင်မလဲ၊ အဘရဲ့ ကားဂိုဒေါင်လောက်ပဲဝယ်နိုင်မှာ”

“မင်း ဝယ်ပြီးပြီလေ”

“မဝယ်ရသေးပါဘူး အဘရယ်၊ ငွေမှ မချေရသေးဘာ . . . ချေရမယ်ဆိုရင်လဲ ဒီအိမ်ရဲ့တန်ဖိုးကို မချေနိုင်ပါဘူး အဘရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ချေပြီးသွားပြီလေ"

"ဟာ . . . အဘကလဲ လျှောက်ပြောနေပြန်ပြီ"

ဦးမာလူးသည် ရယ်လိုက်လေ၏။ ရွှေပြည်ချမ်းသာမှာလည်း မျက်လုံးအဝိုင်းသားနှင့် နားထောင်နေလေသည်။

"မောင်လိမ္မာ . . . ဒီအိမ်ကို ငွေကြေးနဲ့ပေးချေပြီး ဝယ်တာ မဟုတ်ပေမယ့်၊ ငွေကြေးထက် အများကြီး တန်ဖိုးရှိတဲ့အရာတွေနဲ့ မင်း ပေးချေထားပြီးပြီ၊ အဲဒါတွေကတော့ မေတ္တာတွေ၊ စေတနာတွေပဲ . . .၊ အဲဒါတွေဟာ ဟောဒီအိမ်ရဲ့ တန်ဖိုးထက် အဖိုးအနဂ္ဃအများကြီး ပိုထိုက် တန်ပါတယ်၊ မင်း ငါ့ကိုပြောခဲ့ဖူးပါတယ်၊ မင်းမှာရှိတဲ့ ငွေတွေဟာ ငါ့ရဲ့ ငွေတွေပဲဆို . . . ဒီလိုပဲပေါ့ . . . အခု ငါ့မှာရှိတဲ့ ပစ္စည်းဥစ္စာတွေဟာ လဲ မင်းရဲ့ဟာတွေပဲပေါ့"

"မဟုတ်တာ အဘရယ်"

"သိပ်ဟုတ်တာပေါ့ကွာ . . . နောက်တစ်ခုက ဒီအိမ်ကို မင်း ကို ပေးတယ်ဆိုတာ ငါ့အနေနဲ့ တစ်ချက်ခုတ် သုံးချက်ပြတ်လုပ်လိုက် တာပဲ၊ အဲဒါ ဘာတွေလဲ . . . သိလား"

မောင်လိမ္မာ ခေါင်းယမ်းပြလိုက်၏။

"အဲဒါတွေကတော့ ငါ့အနေနဲ့ ပထမအကြွေးဆပ်ရမယ့်သူဟာ မင်းရဲ့အမေဖြစ်နေတယ်၊ ငါ့ကြောင့် တိုက်ရိုက်မဟုတ်ပေမယ့် ငါနဲ့ပတ် သက်တဲ့ ငါ့ရဲ့ဇနီးမယားကြောင့် သူဟာ ဘဝနစ်မွန်းခဲ့ရရှာတယ်၊ ဘာ ပဲပြောပြော ငါ့မှာတာဝန်ရှိနေတာပဲ၊ ဒီစည်းစိမ်ဥစ္စာတွေကို မင်းတို့ပေး လိုက်တဲ့အတွက် မင်းဟာ မိဘအပေါ် သိတတ်တဲ့အတွက် အမေ့တိုဖြူ စုလုပ်ကျွေးမှာပဲ၊ အဲဒီအခါ ငါ့ရဲ့ပစ္စည်းဥစ္စာတွေဟာ အထောက်အကူ ဖြစ်မှာပဲ၊ အဲဒါ မင်းရဲ့အမေကို ငါ ဘဝတစ်ခုလုံး နစ်မွန်းဆုံးရှုံးသွားတာ နဲ့ မတန်ပေမယ့် နိုင်သလောက် အကြွေးပြန်ဆပ်လိုက်တာပဲ၊ နောက်တစ် ချက်က ငါ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ်နေခဲ့ရတဲ့ဘဝမှာ ငါ့အပေါ် မှာ စေတနာအထားဆုံး၊ အကောင်းဆုံးမိသားစုတစ်စုရှိတယ်၊ သူတို့က တော့ မင်းသိတဲ့ ရွှေပြည်ချမ်းသာတို့မိသားစုပဲ၊ သူတို့ဟာ ငါ့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမျှော်လင့်ချက် . . . ငါ့ဆီက ပြန်ပြီးလိုလားချက်မထားခဲ့ဘူး . . .၊ သူတို့ရဲ့ အကြွေးကိုလဲ ငါပြန်ဆပ်ဖို့လိုတယ်၊ အဲဒီမှာ မင်းဟာ ငါ့ရဲ့သူငယ်ချင်း ဘောဂရဲ့သမီး ရွှေပြည်ချမ်းသာနဲ့ ပတ်သက်ခဲ့ပြန်လေတော့ ဒီပစ္စည်းဥစ္စာတွေကို မင်းကိုပေးလိုက်ခြင်းအားဖြင့် သားမယား၊ ယောက္ခမ ညီအစ်ကိုမောင်နှမတွေအပေါ်မှာ သိတတ်ပြီး လိမ္မာတဲ့မင်းက သူတို့ကို ပေးကမ်းထောက်ပံ့ ကျွေးမွေးသွားမှာပဲ၊ အဲဒါဆိုရင် ငါ့အနေနဲ့ သူတို့ရဲ့ ကျေးဇူးကို ပြန်ဆပ်ရာရောက်တာပဲပေါ့ . . . မဟုတ်ဘူးလား"

ဦးမာလူးက အကွက်ကျကျ ပြောသွားလေ၏။ မောင်လိမ္မာ၏ မျက်လုံးများထဲ၌ မျက်ရည်ကြည်တို့ ဝေ့တက်လာသည်။

"ဒီအိမ်ကို အဘက ကျွန်တော့်ကိုပေးမယ်ဆိုပေမယ့် အဘအသက်ရှင်နေသမျှ ကာလပတ်လုံး အဘကိုပဲ ဦးစီးနေရာထားပြီး ကျွန်တော်လုပ်ကိုင်သွားရမှာပဲ"

ဦးမာလူးက ဦးခေါင်းကို ငြိမ်းညှင်းစွာ ခါလိုက်လေသည်။

"ငါပြောခဲ့ဖူးပါတယ် . . . ငါဟာ ချမ်းသာခြင်းအစစ်ကို တွေ့ရှိထားပြီးတဲ့ သူတစ်ယောက်ပဲ၊ ဒီနေ့ငွေကြေးတွေ . . . မလိုတော့ပါဘူး၊ အပေါ်ယံ ဗဟိဒ္ဓ ငွေကြေးစေ့ ချမ်းသာကြွယ်ဝမှုကို ပစ်ပယ်ပြီး အနှစ်နှစ်ဆယ်လုံးလုံး အတွင်းအဇ္ဈတ္တ ငြိမ်းချမ်းမှု ချမ်းသာခြင်းအစစ် ကို ဖွေရှာခဲ့တယ်၊ ငါတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာ အရွယ်သုံးပါး ကို ဟောဒီလို ပိုင်းခြားထားတယ်၊ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယ အရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာတဲ့ . . .၊ ပထမနဲ့ဒုတိ ယ တာဝန်ဝတ္တရားတွေကို ငါကျေပွန်အောင် ဆောင်ရွက်ခဲ့ပြီးပြီ၊ တတိယဝတ္တရားကိုပဲ ကျေပွန်အောင် ဆောင်ရွက်ရတော့မယ်၊ အခု . . . ဒီကိစ္စတွေပြီးစီးသွားပြီဆိုတာနဲ့ ဆိတ်ငြိမ်တဲ့ တောရကျောင်းလေးတစ်ခု မှာ တရားဘာဝနာ အပြည့်အဝအားထုတ်နိုင်ဖို့ သာသနာ့ဘောင်ထဲ အပြီးအပိုင်ဝင်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ပြော် . . . သမီးရွှေပြည်ချမ်းသာကိုလဲ အဘပြောရဦးမယ်၊ သမီးတို့အဖေ သူဌေးဘောဂကြီးကလဲ အဘနဲ့အတူသာသနာ့ဘောင်ထဲ ဝင်မှာတဲ့၊ အဘတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒီအသက်အရွယ်မှာ မဖြစ်မနေ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ဖြစ်လို့ သမီးတို့သားတို့ မတားကြပါနဲ့ကွယ်"

- - -



www.burmeseclassic.com

www.burmeseclassic.com

၃၁ ဝေးမှကြည့်ရှုနှင့်ပင် အေးချမ်းခြင်းအငွေ့အသက်ကို ရရှိခံစားနိုင်စေလေသည်၊

စိမ်းညို့ဆော တောင်ပူစာလေးပေါ်၌ ထုံးဖြူဖြူစေတီလေးတစ်ဆူကို တွေ့မြင်နေရ၏၊ တောင်ပူစာလေးအောက်ခြေ၌မူ စိမ်းစိုသောသစ်ပင်ဝါးပင်တို့သည် ဆော့မြူးသည့် လေပြည်အသိမ်း၌ ယိမ်းနွဲ့လှုပ်ခတ်နေကြလေသည်။

ထိုအောက်ခြေတွင်မှ သက်ကယ်မိုး တဲကလေးများကို ခပ်လှမ်းလှမ်း အစီအရီ တွေ့ရှိကြရ၏။

ဤနေရာသည်ကား မင်္ဂဖိုလိနိဗ္ဗာန်ကို ရည်သန်ထွင်းဖောက်၍ သံသရာဒုက္ခအပေါင်းတို့မှ ထာဝရလွတ်မြောက်ရန် အကျင့်ကောင်းအကျင့်မှန်တို့နှင့် ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသည့် သူတော်စင်တို့

www.burmeseclassic.com

www.burmeseclassic.com



၏ တရားရိပ်သာပင်တည်း။

ကွေ့ကောက်သော မြေနီလမ်းလေးမှတစ်ဆင့် မလှမ်းမကမ်းတဲစုလေးများတို့ ကျော်ဖြတ်ကွေ့ဝိုက်လာသော ကားကလေးသည် ကသစ်ဝိုင်ဝိပဿနာတောရကျောင်း ဟုအမည်ပေးထားသည့် သစ်ကျောင်းငယ်လေးအရှေ့၌ထိုးရပ်လိုက်လေသည်။

"မောင်သီလှရေ လာဟေ့ . . . ကျောင်းပေါ်တက်ရအောင်"

မောင်လိမ္မာက ကားမောင်းလာသော မောင်သီလှကိုပါခေါ်လိုက်ပြီးကားတံခါးကိုဖွင့်၍ ဆင်းလိုက်၏။ ရွှေပြည်ချမ်းသာနှင့် မောင်သီလှတို့လည်း လိုက်ဆင်းလာကြသည်။ ထို့နောက် သူတို့သည် ကားနောက်ခန်း၌ ထည့်၍ယူလာသည့် ပန်းမန်၊ အဖျော်ယမကာ၊ စားသောက်ဖွယ်ရာအထုပ်များကို သယ်ဆောင်ကြပြီး ကျောင်းကလေးပေါ်သို့တက်လာကြလေသည်။

ကျောင်းပေါ်၌ ဆိတ်ငြိမ်ရှင်းလင်းနေ၏။

သူတို့၏အသံကို ကြားပြီးနောက်မှ အတွင်းဆောင်ထဲမှဘုန်းကြီးအိုတစ်ပါး ထွက်လာလေသည်။ ဤကျောင်း၏ ဆရာတော်ပင်တည်း။

*"တပည့်တော်တို့ ဦးပဥ္စင်းပဏ္ဍိတနဲ့ ဦးပဥ္စင်းမာနိတတို့ကိုတွေ့ချင်လို့ပါဘုရား"*

*မောင်လိမ္မာက ရှိသေစွာဦးချရင်း ဦးဘောဂတစ်ဖြစ်လဲ ဦးပဥ္စင်းပဏ္ဍိတနှင့် ဦးမာလူးတစ်ဖြစ်လဲ ဦးပဥ္စင်းမာနိတတို့ကိုမေးလျှောက် လိုက်လေ၏။*

*"ဦးပဏ္ဍိတကတော့ရှိပါတယ်၊ တရားအားထုတ်နေတယ်ထင်ပါရဲ့၊ ဦးမာနိတကတော့ ဒီအချိန်ဆို တောင်ပေါ်ကခေတ်ပေါင်းမဥ္စူစေတီလေးမှာ တရားထိုင်လေ့ရှိတယ်ကွယ့်"*

မောင်လိမ္မာတို့လူစုသည် ပါလာသည့် လှူဖွယ်ပစ္စည်းများအားဆရာတော်သို့ ကပ်လှူကြလေရာ ဆရာတော်က ဆုပြန်လည်ပေး၏။

ထို့နောက် မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့သည် ဘုရားဆောင် ရုပ်ပွားတော်ရှေ့သို့ ပန်းအိုးများကိုယူဆောင်၍ပါလာသည့် ပန်းများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် လဲလှယ်ဆက်ကပ်ကြလေ၏။

အတန်ကြာသောအခါမှပင် ဦးပဥ္စင်းပဏ္ဍိတသည်အတွင်းဆောင်၌ တရားအားထုတ်နေရာမှထွက်လာလေသည်။

"ဦးပဥ္စင်း . . . နေထိုင်ကောင်းရဲ့လားဘုရား"

"ကောင်းပါတယ် . . . အဆင်ပြေပါတယ်"

"ဘာတွေလိုအပ်သေးလဲဘုရား"

"မလိုပါဘူး . . . အားလုံးပြည့်စုံပါတယ်"

ရွှေပြည်ချမ်းသာက ဖခင်ကြီးဖြစ်သူ ဦးပဥ္စင်းပဏ္ဍိတအား မေးလျှောက်နေခြင်းဖြစ်လေသည်။

တရားတော်၏တန်ခိုးသည်ကားကြီးမားလွန်းလှပေစွ။ တစ်သက်တာပတ်လုံး ပင်ပင်ပန်းပန်း လုပ်ဆောင်ခဲ့ရသောကြောင့်မွဲခြောက်နေသည့်အသားအရေတို့သည် ယခုအခါ၌မူသက်နုံးရောင်အောက်မှဝင်းတောက်၍နေသည်။

ရွှေပြည်ချမ်းသာသည် ဖခင်ဖြစ်သူအားကြည့်၍ ကြည်နူးနေလေ၏။

"ပြည်ချမ်းသာ . . . ကိုယ် . . . ဦးပဥ္စင်းမာနိတရှိတဲ့တောင်ပေါ်ကို တက်ချင်တယ် . . . လိုက်ဦးမလား"

"လိုက်မယ်လေ"

သူတို့သည် ဦးပဏ္ဍိတအား ဦးချကန်တော့လိုက်ကြပြီးနောက် ကျန်ရှိသေးသည့် နှင်းဆီပန်းစည်းကြီး တစ်စည်းကို ယူဆောင်ကာကျောင်းပေါ်မှဆင်းလာကြတော့သည်။

"မောင်လိမ္မာရေ . . . ငါတော့မလိုက်တော့ဘူးကွ၊ ဒီကပဲစောင့်နေမယ်"

မောင်သီလှကပြောလေသောကြောင့်မောင်လိမ္မာက"အေး အေး"ဟုဆိုပြီး ခေါင်းညိတ်ပြလိုက်၏။

မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာ ချစ်သူမောင်နှံနှစ်ဦးသည်သာ တောင်ပေါ်သို့ တက်ဖြစ်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့ကိုကြည့်ရတာ . . . စိတ်ချမ်းသာလိုက်တာ"

"အင်း . . . ဟုတ်တယ်နော် ငြိမ်းအေးသွားတာပဲ"

တောင်ကလေးသည်ကားအဝေးမှ ကြည့်လျှင် ခပ်ပြေပြေ၊ခပ်နိမ့်နိမ့်ဟု ထင်မြင်ရသော်လည်းတကယ်တက်ကြသည့်အခါ၌မူ အတန်ငယ်မတ်စောက်နေ၏။

"မောလား"

နဖူးဆံစပ်၌ ချွေးကလေးများ စို့နေသော ရွှေပြည်ချမ်းသာအားမောင်လိမ္မာက မေးလိုက်သည်၊

"မမောပါဘူး"

"မောတယ်ဆိုရင် ကိုယ်က ထမ်းသွားမလို့"

"သွားပါ . . . သူဟာသူတောင် ရာထွက်နေပြီးတော့များ . . . အပိုတွေလျှောက်ပြောနေတယ်၊ အခု တကယ်တမ်း နိုင်းလိုက်လို့ဟုတ်ဓ ဖြစ်နေဦးမယ် . . . ခစ်ခစ်"

မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့သည် လမ်းခုလပ်တောင်စောင်းကလေး တစ်နေရာ၌ ခေတ္တနားလိုက်ကြ၏၊

"ဒီကနေကြည့်စမ်း . . . အောက်ဘက်ရှုခင်းကို ငြိမ်းချမ်းသာယာလိုက်တာနော်"

"ဟုတ်ပါရဲ့ . . . ဒီနေရာလေးက အဘတို့လို တရားအားထုတ်နေတဲ့သူတွေနဲ့တော့ အတော်အဆင်ပြေတဲ့ နေရာလေးပဲ၊ မြို့ေ မှာ မရရှိနိုင်တဲ့ လေကောင်းလေသန့်နဲ့ အေးမြမှုကိုသဘာဝကအပြည့်အ ပေးထားတယ်"

"ဟုတ်ပါရဲ့ . . . ပြည်ချမ်းသာတောင်မှအဖေတို့လိုပဲ ဒီကိုလာ တရားအားထုတ်ချင်စိတ်တွေ ပေါက်လာပြီ"

"နောက်ဆိုရင် . . ကိုယ်တို့လဲ ဒီကိုပဲရောက်ကြမယ်လို့ထင်တာ လေ . . . အခုတော့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုကဗျာလိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကဗျာလဲ"

"သပိတ်ကိုထမ်းပါလို့
လွတ်လမ်းကိုတဲ့ မောင်ကြံရှယ် . . .
တောထွက်တော့မယ် . . .။
ဒါပေမယ့်ကွယ် . . .
တကယ်တော့ စိတ်လှုပ်ရှား . . .
ဆွမ်းကိစ္စ သာရကာ
ဘာဘာညာ ဝစ္စတွေနဲ့
ထွေကီလာ ပွေလီမဆိုက်အောင်
(ပြည်ချမ်းသာရေ)
လိုက်ခဲ့ပါလား . . .။
ဆိုသလိုမျိုးပေါ့ . . ၊ အဲဒီလိုဖြစ်နေသေးလို့ပေါ့"
"ခစ် ခစ် ခစ် . . . အဲဒီကဗျာက ဘယ်သူ့ကဗျာလဲ"
"ကိုယ့်ကဗျာပဲလေ"
"အမယ် . . . ကိုလိမ္မာက ကဗျာစပ်တတ်တာပေါ့လေ"
"စပ်တတ်တာပေါ့ . . . ခံစားချက်ရှိတဲ့သူတိုင်းဟာကဗျာဆရာဖြစ်နိုင်တယ်လို့ ကမ္ဘာကျော်ပညာရှင်တစ်ယောက်က ပြောဖူးတယ်"
"ဘယ်သူလဲဟင်"
"မောင်လိမ္မာဆိုတဲ့ ပညာရှင်ပဲပေါ့"

သူတို့နှစ်ဦး ရယ်သံများသည်တောင်နံရံ၌ ပဲ့လွင့်နေလေ၏။ သို့နှင့် ဝင်တောင်ပေါ် သို့ ရောက်လာကြတော့သည်။

စေတီငယ်မှ ဆည်းလည်းလေးများသည် သာယာနာပျော်ဖွယ်ရာ တချွင်ချွင်အသံပေး၍ လှုပ်ခတ်နေ၏။

ဦးပဥ္စင်းမာနိတအား မိမိတို့ကို ကျောခိုင်းထားလျက် ခြေနေအထားနှင့် မတ်တတ်ရပ်နေသည်ကို တွေ့ကြရလေသည်။ လေပြည်ညှင်း၏



www.burmeseclassic.com

www.burmeseclassic.com



တို့ထိမှုကြောင့် သူ၏သက်န်းဝတ်ရုံတို့သည် တဖျပ်ဖျပ်နှင့်လှုပ်လှုပ်နေ၏။ မောင်လိမ္မာတို့နှစ်ဦးသည် အသာအယာလျှောက်လာကြပြီး နောက် ဦးမာနိတအား အနှောင့်အယှက်မပေးဘဲ မလှမ်းမကမ်း၌ ထိုင်လိုက်ကြလေသည်။ ညင်သာသည့်လှုပ်ရှားသံများကြားလိုက်ရသောကြောင့် ဦးမာနိတသည် သူတို့ဘက်သို့ လှည့်ကြည့်လိုက်၏။

*"ဟော . . . ဦးဇင်းက တရားအားထုတ်ပြီးလို့ ပြန်တောင် ဆင်းတော့မလို့ . . . ဘယ်အချိန်ကရောက်ကြသလဲ"*

*"မကြာသေးပါဘူး ဘုရား"*

နဂိုရ်ရှုပမိရုပ်အခံကောင်းသော ဦးမာနိတသည် ကိုယ်ရောင် ကိုယ်ဝါတောက်ပလျက် ပို၍ကြည်လင်ဝင်းပနေတော့သည်။

*"ဘယ်သူတွေပါသေးလဲ"*

*"တပည့်တော်တို့နှစ်ယောက်နဲ့ မောင်သီလှပဲ ပါပါတယ် ဘုရား"*

*"ဒကာမကြီးဒေါ်သီတာရော နေကောင်းရဲ့လား"*

*"ကောင်းပါတယ်ဘုရား . . . ပြည့်စုံကလေးက ကျောင်းသွား နေတယ်ဆိုတော့ အမေက အိမ်စောင့်ပေးနေပါတယ်"*

*"အင်း . . . အဆင်ပြေကြဖို့ အရေးကြီးပါတယ်၊ ဦးဇင်းတို့ ကတော့ ဒီမှာလိုလေးသေးမရှိ အဆင်ပြေကြပါတယ်၊ အဆင်ပြေမှုဆိုတာ ချမ်းမြေ့မှုပါပဲ ဒကာတို့"*

*"တင်ပါ့ဘုရား"*

မောင်လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့သည် ပါလာသည့်နှင်းဆီ ပန်းစည်းကြီးအားဖြေ၍ စေတီတော်ပေါ်ရှိ ပန်းအိုးကြီးများ၌ စိုက်ထိုး လှူဒါန်းကြ၏။

ဦးမာနိတသည် နေနှင့်လပမာလိုက်ဖက် အတွဲညီသောမောင် လိမ္မာနှင့် ရွှေပြည်ချမ်းသာတို့အား ပြုံးကာကြည့်နေလေသည်။

မောင်လိမ္မာတို့နှစ်ယောက်သည် မွှေးနံ့ထောင့်များ၌ ဘုရားရှိ ခိုးကြပြီးနောက် ဦးမာနိတရှိရာသို့ ပြန်လျှောက်လာခဲ့ကြသည်။

မောင်လိမ္မာသည် ဦးမာနိတ၏ အရှေ့တည့်တည့်၌ ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဦးမာနိတ၏ ခြေအစုံအား သူ၏နဖူးနှင့် ဦးခိုက်၍ရှိသေစွာ ကန်တော့လိုက်သည်။ ရွှေပြည်ချမ်းသာကလည်း မောင်လိမ္မာနည်းတူ ဦးချကန်တော့လိုက်လေ၏။

"ဒကာလေးနဲ့ ဒကာမလေးတို့ ငြိမ်းချမ်းခြင်းအစစ်အမှန်တို အမြန်တွေ့ရှိနိုင်ကြပြီး ဘဝတစ်လျှောက်လုံး သာယာချမ်းမြေ့ပျော်ရွှင်နိုင်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေဘုရား"

"ဒကာလေး မောင်လိမ္မာ . . . မိမိရဲ့ ရှိပြီးစိတ်ရင်းစေတနာကောင်းတွေကို ဘယ်တော့မှ မဖျက်ဆီးလေနဲ့၊ ပါပသို့ရမတိမနော စိတ်သည် မကောင်းမှု၌သာ ပိုမိုမွေ့လျော်၏ ဆိုတဲ့စကားကို အပြီးတိုင်ပယ်ရှားနိုင်အောင် အစဉ်ကြိုးစားပါ၊ ကောင်းမြတ်တဲ့ မနသိစိတ်တွေနဲ့ အတိဒုက္ခရောက်နေသူတွေကို ပေးကမ်းစွန့်ကြပါ၊ မိမိရဲ့ ဖြူစင်တဲ့ စိတ် စေတနာ အစစ်အမှန်နဲ့ အသက်ရှည်ကြာစွာ နေရပြီး မောင်လိမ္မာကြာ တိုင်းကောင်းပါစေလို့ ဦးဇင်းဆုတောင်းပေးလိုက်ပါတယ်"

"ပေးတဲ့ဆုနဲ့ ပြည့်စုံပါစေဘုရား"

"ဦးဇင်းပြောတဲ့စကားလုံးကို မှတ်မိတယ်နော် . . . ဘာတဲ့ တုန်း"

"မောင်လိမ္မာ ကြာတိုင်းကောင်းပါဘုရား"

"အေး . . . ဟုတ်တယ် . . . မောင်လိမ္မာကြာတိုင်းကောင်း"

\- - -



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘုံဘဝ၊ ရခဲစွတည့်
ခဏရောက်လာ၊ တစ်သက်တာ၌
လိမ္မာစေကြောင်း၊ ဆုမွန်တောင်းသည်
ကြာတိုင်းကောင်းနိုင်ပါစေသတည်း။

သဗ္ဗမင်္ဂလံသမိဒ္ဓုတု
ဥက္ကာမင်းအောက်

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com